# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၀၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဧပြီ ၂၃

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီအတွင်းရေးမှူးများနှင့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

- ❑ (COVID-19)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲရာ၌ စနစ်တကျရှိရေး၊
- ❑ စက်ရုံ အလုပ်ရုံများ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လည်ပတ်နိုင်ရေး၊
- ❑ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး၊ လျှင်မြန်ချောမွေ့စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး






**အမှာစကား ပြောကြား**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Corona-virus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို မေလ (၁၅)ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းစကားပါး

နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်များကို မေလ (၁၅) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ မှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည်-

COVID-19 ကာကွယ် ထိန်းချုပ် ကုသရေး ဗဟိုကော်မတီကထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ ညွှန်ကြားချက်တွေကို

*စာမျက်နှာ ၃ ကော်လံ ၄* ●




မြန်မာ့အလင်း

# စနစ်တကျသုံးစွဲ၊ စနစ်တကျစွန့်ပစ်

ကမ္ဘာလုံးဆိုင်ရာ ကူးစက်မြန်ကပ်ရောဂါက သန်းထောင်ပေါင်းများစွာသော ကမ္ဘာ့လူသားတို့၏ လှုပ်ရှားသွားလာမှုများကို ကန့်သတ်တားဆီး၍ လျော့ကျစေခဲ့သည့်အတွက် အကျိုးသက်ရောက်မှုတစ်ခုအနေဖြင့် သဘာဝပတ်ဝန်းကျင်အပြောင်းအလဲများ ကမ္ဘာတစ်ခွင်ဖြစ်ပေါ်ခဲ့သည်။ မြေပြင်၊ ရေပြင်၊ ဝေဟင်တို့တွင် နေ့စဉ်နှင့်အမျှ ထောင်းထောင်းထအောင် ယာဉ်ယန္တရား ထောင်၊ သောင်း၊ သိန်းများစွာ မောင်းနှင်သွားလာခဲ့သည်များ ရပ်ဆိုင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများစွာတို့လည်း ရပ်ဆိုင်း၊ နေ့ရောညပါ လမ်းပေါ်တွင် သွားလာနေခဲ့ကြသည့်လူများ ရောဂါရှောင်၍ အိမ်တွင်းပုန်းကြရသည့်အခါ.....

တရုတ်နိုင်ငံတွင် မီးခိုးမြူများ ပိတ်ဆို့မှုတို့ လျော့ကျသွားသည်။ အိန္ဒိယနိုင်ငံတွင် လေထုသန့်ရှင်းကြည်လင်မှုနှင့်အတူ ဆယ်စုနှစ်ပေါင်းများစွာကပင် မမြင်မတွေ့ခဲ့ရသည့် ဟိမဝန္တာတောင်တန်းကြီးကို အဝေးမှ ပြန်လည်မြင်တွေ့လာရသည်။ ဂင်္ဂါမြစ်၏ ရေအလျဉ်သည် ကြည်လင်လာခဲ့ပြီး ရေအောက်တွင် ကူးခတ်နေသည့် ငါးများကိုပင် မြင်တွေ့နိုင်ကြသည်။ အီတလီနိုင်ငံ ဗင်းနစ်မြို့ရှိ တူးမြောင်းများမှာလည်း သန့်ရှင်းမှုနှင့်အတူ တည်ငြိမ်နေပြီး ယခင်က မမြင်မတွေ့ကြရသည့် ပင်လယ်ရေသတ္တဝါများ ကူးခတ်ဝင်ရောက်လာသည်။ အမေရိကန်နှင့် ဗြိတိန်ရှိ မြို့အချို့တွင် မြို့တွင်းလမ်းများပေါ် တောတိရစ္ဆာန်များ ဝင်ရောက်သွားလာကြသလို ထိုင်းနိုင်ငံကမ်းရိုးတန်းတွင်လည်း ရေနွားခေါ် နို့တိုက်ပင်လယ်ရေသတ္တဝါများကို အုပ်လိုက်တွေ့မြင်ကြရကြောင်း သတင်းများတွင် တွေ့ရှိရသည်။ သာမန်အားဖြင့်ဆိုလျှင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်အခြေအနေ ဤမျှကောင်းမွန်သည့် အနေအထားသို့ ရောက်ရှိရန် မဖြစ်နိုင်သော်လည်း အသက်အန္တရာယ် ထိခိုက်စေနိုင်သည့် ကူးစက်မြန်ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးမှ လူသားများ မဖြစ်မနေငြိမ်သက်စွာနေလိုက်ကြရသည့်အခါ သဘာဝပတ်ဝန်းကျင်အခြေအနေများ တိုးတက်ကောင်းမွန်လာရခြင်းဖြစ်သည်။

လူတို့နေထိုင်ရာ မြေကမ္ဘာကြီးမှာ လူတို့၏ ပယောဂကြောင့်ပင် ညစ်ညမ်းမှုများစွာဖြင့် ဖျားနာနေခဲ့သည်မှာ ရာစုနှစ်နှင့်ပင်ချီ၍ ကြာမြင့်ခဲ့ပြီဟု ဆိုနိုင်သည်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှု စသည့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများအားလုံး၏ လက်သည်မှာ လူသားတို့ပင်ဖြစ်သည်။ ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ စက်ရုံအလုပ်ရုံများ စသည်တို့တွင် သုံးစွဲသည့် လောင်စာများ လောင်ကျွမ်းမှုမှ နှစ်စဉ်တန်ချိန် သန်းပေါင်းများစွာသော ဓာတ်ငွေ့များနှင့် အမှုန်များ လေထုထဲသို့ ရောက်ရှိညစ်ညမ်းသည်။ စက်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စည်ပင်သာယာ မိလ္လာစနစ်တို့မှ နေ့စဉ်ဂါလန်သန်းပေါင်းများစွာသော ရေဆိုးများ၊ စွန့်ပစ်ပစ္စည်းများ၊ ဓာတုဓာတ်ကြွင်းများ ရေထုထဲသို့ စွန့်ထုတ်နေသည့်အတွက် ရေထုညစ်ညမ်းသည်။ မြေဆီလွှာသည်လည်း သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်းမှု၊ စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှု၊ ရေလေတိုက်စားမှု၊ အမှိုက်များစွန့်ပစ်မှုတို့ကြောင့် ကမ္ဘာ့မြေဆီလွှာများ ညစ်ညမ်းပျက်စီးရသည်။ ထို့အပြင်လည်း ဆူညံသံများကြောင့် အသံညစ်ညမ်းမှု၊ တောက်ပသော အလင်းရောင်များနှင့် မှန်ချပ်အလင်းပြန်မှုများကြောင့် အလင်းညစ်ညမ်းမှု၊ ရောမဆိုင်းဘုတ်များ၊ မီးကြိုးဖုန်းကြိုးများကြောင့် မြင်ကွင်းညစ်ညမ်းမှုများဟူ၍လည်း ရှိသေးသည်။ မည်သည့်ညစ်ညမ်းမှုပင်ဖြစ်စေ အဓိကလက်သည်မှာ လူပါပေ။

ယခုအခါ ကိုဗစ်-၁၉ ကြောင့် လူများ ဘီလီယံနှင့်ချီ၍ အိမ်တွင်းအောင်းကြရသည့်အခါ ပတ်ဝန်းကျင်သန့်ရှင်းမှု ပိုမိုကောင်းမွန်လာသော်လည်း အခြားတစ်ဖက်မှလည်း ဆေးရုံစွန့်ပစ္စည်းများ ပိုမိုထွက်ရှိလာခြင်းနှင့်စပ်လျဉ်းသည့် စိုးရိမ်မှုများကိုပါ ကမ္ဘာ့သတင်းများတွင် ဖော်ပြလာကြသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်စောင့်ကြည့်နေရာများမှ စွန့်ပစ်ပစ္စည်းများ၊ အကြွင်းအကျန်များနှင့် အမှိုက်များ၊ ကုသရေးဌာနများနှင့် ဆေးရုံများမှ စွန့်ပစ်ပစ္စည်းများကို ပြင်ပသို့ တစိုးတစိမျှ မထွက်စေဘဲ ဖျက်ဆီးရန် လိုအပ်မည်ဖြစ်သလို ပြည်သူများကိုလည်း အသိပညာပေးရန် လိုအပ်မည်ဖြစ်သည်။ အများပြည်သူသွားလာသည့်နေရာများ၊ ပလက်ဖောင်းစင်္ကြံများနှင့် လမ်းများပေါ်တွင် နေရာအနှံ့ တွေ့မြင်နေရသည့် စွန့်ပစ်နှာခေါင်းစည်းများနှင့် လက်အိတ်များသည်လည်း အန္တရာယ်ရှိပစ္စည်းများဖြစ်ရာ အသုံးပြုပြီးနောက် အလွယ်တကူလွှင့်မပစ်ဘဲ စနစ်တကျ စွန့်ပစ်ရန်ဖြစ်သည်ကို လူတိုင်းသိစေအပ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ဧရာဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ပုသိမ်ဆေးရုံကြီးရှိ ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်လူနာများထားရှိမည့်နေရာ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး

**ပုသိမ် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီးရှိ ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်လူနာများ ထားရှိမည့်နေရာများ ပြင်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ထိုသို့ စစ်ဆေးရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်က Plan A, Plan B ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ကိုဗစ်- ၁၉ လူနာ ၂၀ အတွက် အခန်းများ ပြင်ဆင်ထားရှိမှု၊ စက်ပစ္စည်းများ ဖြည့်တင်းထားရှိမှု၊ ဆေးရုံအတွင်း ဆောင်ရွက်နေသည့် တည်ဆောက် ပြုပြင်လုပ်ငန်းများ၊ လူနာစောင့်များအတွက် အိမ်သာနှင့် ရေချိုးဆောင်၊ ဆရာမများ အိပ်ဆောင်နှင့် ခွဲစိတ်ခန်း အမိုးပြုပြင်နေမှု၊ လူနာဆောင် အမိုးပြင်ဆင်ရန် လိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့်နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင် လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၀၂-၂၀၂၀)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက်မီဒီယာများမှ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂) ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပြည်သူသာလျှင် အဓိက

❋ *ရွှေဖုံးမှ*

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူးများနှင့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက (COVID-19)ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဧပြီ ၃၀ ရက်အထိ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ထပ်မံကာလ တိုးမြှင့်ရေး၊ နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်လာမည့် တိုင်းရင်းသားများအား ၎င်းတို့၏ နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးရေးနှင့် community based facility quarantine ၂၁ ရက် ထားရှိရေး၊ (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲရာ၌ စနစ်တကျရှိရေး၊ စက်ရုံအလုပ်ရုံများ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လည်ပတ်နိုင်ရေး၊ ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး၊ လျှင်မြန်ချောမွေ့စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**ဆုံးဖြတ်ချက်များ ချမှတ်ပေး**

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တင်ပြချက်များနှင့် ပတ်သက်၍ လမ်းညွှန်မှုများ၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**




● *ရွှေဖုံးမှ*

ဧပြီလ (၃၀) ရက်နေ့မှ မေလ (၁၅) ရက်နေ့ အထိ တိုးမြှင့်သတ်မှတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်မတို့ပြည်သူတွေ စိတ်မောသွားကြပြီလား။ တာဝေးပြေးပွဲကြီးဆိုတော့ ခံနိုင်ရည် မွေးရမှာပါပဲ။ ယခုထိ ဘယ်နိုင်ငံမှ COVID-19 ရောဂါ ပြဿနာကို အောင်နိုင်ပြီလို့ မပြောနိုင်သေးပါဘူး။ အချို့နိုင်ငံတွေဆိုရင် ပထမလှိုင်းကျသွားပြီးလို့ ဒုတိယလှိုင်းထလာပြီလို့တောင် ဆိုပါတယ်။

မြန်မာနိုင်ငံမှာ COVID ပထမလှိုင်းကြီးတောင် မပြီးပြတ်သေးပါဘူး။ လှိုင်းထိပ်က ဘယ်လောက်ထိ မြင့်နိုင်မယ်ဆိုတာ မသိနိုင်သေးသလို၊ ဘယ်တော့ ပြန်ကျမယ်ဆိုတာလည်း မသိနိုင်သေးပါဘူး။ အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ပြင်ထားရတာပါ။

ဧပြီ (၃၀) ရက်နေ့ထိ စောင့်ဖို့ ပန်ကြားထားလို့ နယ်စပ်မှာ စောင့်နေကြတဲ့ အလုပ်သမား များစွာလည်း ပြန်လာဖို့ရှိပါတယ်။ ကိုယ့်ရပ်၊ ကိုယ့်ရွာကို အေးဆေးလုံခြုံစွာပြန်နိုင်ဖို့ ကျန်းမာရေးအစီအစဉ်တွေ၊ quarantine အစီအစဉ်တွေ၊ ပို့ဆောင်ရေးအစီအစဉ်တွေလည်း ချမှတ်နေပါပြီ။

COVID တိုက်ပွဲကြီးမှာ အရေးပါတဲ့ကဏ္ဍက ပါဝင်နေတဲ့ စေတနာ့ဝန်ထမ်းများရဲ့ အင်အားတွေကို နိုင်ငံတော်အတွက် စနစ်တကျသုံးနိုင်အောင် ဖွဲ့ဖို့စီစဉ်နေပါတယ်။ အဖွဲ့အတွက် ဆောင်ပုဒ်ကတော့ မေတ္တာ၊ စာဂ၊ ဝီရိယ ပါ။

နိုင်ငံအတွက် မေတ္တာ၊ စာဂ၊ ဝီရိယ။

- **ကျွန်မတို့ပြည်သူတွေ စိတ်မောသွားကြပြီလား။ တာဝေးပြေးပွဲကြီးဆိုတော့ ခံနိုင်ရည် မွေးရမှာပါပဲ။ ယခုထိ ဘယ်နိုင်ငံမှ COVID-19 ရောဂါ ပြဿနာကို အောင်နိုင်ပြီလို့ မပြောနိုင်သေးပါဘူး။ အချို့နိုင်ငံတွေဆိုရင် ပထမ လှိုင်းကျသွားပြီးလို့ ဒုတိယလှိုင်း ထလာပြီလို့တောင် ဆိုပါတယ်။**
- **မြန်မာနိုင်ငံမှာ COVID ပထမလှိုင်းကြီးတောင် မပြီးပြတ်သေးပါဘူး။ လှိုင်းထိပ်က ဘယ်လောက်ထိ မြင့်နိုင်မယ်ဆိုတာ မသိနိုင်သေးသလို၊ ဘယ်တော့ ပြန်ကျမယ်ဆိုတာလည်း မသိနိုင်သေးပါဘူး။ အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ပြင်ထားရတာပါ။**

## တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၃) သီဟတပ်ခွဲ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၃

**တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၃) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ အဆိုပါ ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ စိုးဝင်းသည် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၁၅၇ ဗိုလ်လောင်းမင်းဇင်ဦးအား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

**မိန့်ခွန်းပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ပြန်လည်ထွက်ခွာသည်။

**တွေ့ဆုံ**

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်ခန်းမဆောင်၌ ဆုရဗိုလ်လောင်းများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သင်တန်းဆင်းဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**



တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၃) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းမှုများအား ပြည်ထောင်စုဝန်ကြီးလက်ခံ




**ရန်ကုန် မေ ၂၃**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၂၂ ရက် မွန်းလွဲပိုင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ အလှူရှင်များက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းမှုများအား လက်ခံသည်။ **(ယာပုံ)**

ရှေးဦးစွာ အလှူရှင်များကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ) ဦးမင်းမင်းဦးက လှူဒါန်းရသည့် အကြောင်းရင်းကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လှူဒါန်းမှုများသည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ရှေ့တန်းမှ ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများအတွက် များစွာပံ့ပိုးမှု ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

လှူဒါန်းမှုများအား ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ အဆင့်မြှင့်တင်မှုအတွက်လည်း အသုံးချသွားမည်ဖြစ်သဖြင့် COVID-19 လူနာများအတွက်သာမက ရေရှည်ကာလတွင် အခြားလူနာများအတွက်ပါ အကျိုးရှိစေကာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည် ဖြစ်ပါကြောင်း။

ယခုအချိန်တွင် COVID-19 ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုများကို လက်ခံပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယနေ့ လှူဒါန်းမှု၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီရန်ပုံငွေမှ အမေရိကန်ဒေါ်လာ (၁)သန်း၊ ကံပွင့်ဦး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (PPE) ၃၁၀၀၊ စမ်းသပ်လက်အိတ် ၃၀၀၀ နှင့် မျက်နှာအကာ ၃၀၀၀၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ကိုစိုးပြည့်ထူး-ဒေါ်မေဖြိုးဦး မိသားစုက မြန်မာကျပ်ငွေ ၁၆ ဒသမ ၈၇ သိန်း၊ ဒေါ်သင်းသင်းကြည်၊ ဒေါ်လှလှကြည် နွေဦး မိသားစု (ရန်ကုန်)က မြန်မာကျပ်ငွေငါးသိန်း၊ ဦးကျော့မှူး- ဒေါ်စိန်တင့် မိသားစု (ရန်ကုန်) က မြန်မာကျပ်ငွေ တစ်သိန်းနှင့် ဒေါ်အေးသိန်း မိသားစု (ရန်ကုန်)က မြန်မာကျပ်ငွေငါးသောင်းတို့ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၃**

ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တင်ပြချက်အရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တိုက်တွန်းထားသော ရောင်းချမှု၊ တားဆီးပိတ်ပင်မှု၊ ဘေးအန္တရာယ်သတိပေးမှု၊ အသိပညာပေးမှု၊ အခွန်အကောက်တိုးမြှင့်သည့် နည်းလမ်းတို့ကို မြန်မာနိုင်ငံတွင်လည်း ဆောင်ရွက်လျက်ရှိမှု၊ နီးနွယ်ဝန်ကြီးဌာနများက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ထိရောက်သော အခွန်နှုန်းထားဖြင့် အခွန်ကောက်ခံခြင်း၊ ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှုကြောင့် နိုင်ငံတော်၏ ကျန်းမာရေးအသုံးစရိတ်များအပေါ် သက်ရောက်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အခြား နီးနွယ်ဝန်ကြီးဌာနများပါဝင်သော အစည်းအဝေးကို ထပ်မံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း မြန်မာနိုင်ငံ Development Partner များနှင့် ဆောင်ရွက်နေသော စီမံကိန်းများနှင့် ပတ်သက်၍ အစည်းအဝေးပြုလုပ်

**နေပြည်တော် မေ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန်နှင့် လမ်းနှင့်တံတားဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ဂျပန်နိုင်ငံ JFE Corporation မှ တာဝန်ရှိသူများနှင့် Video Conferencing ဖြင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

အစည်းအဝေးတွင် ဖက်စပ်တည်ထောင်ထားသော J & M Steel Solution သံမဏိစက်ရုံနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကြိုတင်ဆောင်ရွက် ထားရှိမှုနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စစ်ဆေးပြီး စက်ရုံ ပြန်လည်ပတ်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ADB ဌာနချုပ်မှ Senior Transport Specialist Mr.Data နှင့် အဖွဲ့နှင့် Video Conferencing ဖြင့် အစည်းအဝေးပြုလုပ်သည်။

အစည်းအဝေးတွင် ADB ချေးငွေဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းများမှ အချို့ Consultant များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်၍ မရသေးသည့် လက်ရှိအခြေအနေတွင် Local Partner ထားရှိပြီး Online ဖြင့် ကြီးကြပ်ဆောင်ရွက်ရန် အခြေအနေနှင့် ကိုဗစ်-၁၉ ၏ အကျိုးဆက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများသည် နံနက် ၁၁ နာရီခွဲတွင် အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kuma နှင့် အစည်းအဝေးကျင်းပပြီး အိန္ဒိယနိုင်ငံ အကူအညီဖြင့် မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ယာကြီး-ကလေးဝလမ်းနှင့် ပလက်ဝ-ကလက်ဝ-မြိတ်ဝလမ်း စီမံကိန်းများအခြေအနေ၊ ချင်းပြည်နယ် ဆာဆီချောက်နယ်စပ် တံတားတည်ဆောက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကိုရီးယားနိုင်ငံ၊ Korea Exin Bank အဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Yoo Yeon Joo နှင့် Video Conferencing ဖြင့် ဒလတံတားစီမံကိန်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စီမံဆောင်ရွက်နေမှုနှင့် Foundation လုပ်ငန်းများ မိုးမကျမီပြီးစီးရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးကြသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဂျပန်နိုင်ငံ JICA အဖွဲ့မှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Mr. Sakakura Noriji နှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးတွင် JICA ချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အခြေအနေနှင့် လုပ်ငန်းစီမံကိန်းများအပေါ် သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သောအကျိုးဆက်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် Development Partner များ ဖြစ်ကြသည့် ADB, အိန္ဒိယနိုင်ငံ၊ KOREA, EDCF, JICA, World Bank စသည့် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသော LOAN & GRANT စုစုပေါင်း စီမံကိန်း ၂၀ နှင့်ပတ်သက်၍ Video Conferencing ပြုလုပ်ခဲ့ပြီး လိုအပ်သော သဘောတူညီချက်များ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသားချင်းများ



တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

◆ *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးများက ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေး၊ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေး မြှင့်တင်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ထပ်လောင်းကတိပြုကြောင်း၊ ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ရာတွင် အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေးသည် အရေးကြီးကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များ၊ ကူးစက်ရောဂါဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ကာကွယ်ဆေးနှင့် ဆေးဝါးများ ထုတ်လုပ်ရေးဆိုင်ရာ အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများကို ဖလှယ်ရန်နှင့် အကျပ်အတည်းကာလတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ် အထောက်အကူပြုပစ္စည်းများ၊ အရေးပါသည့် လယ်ယာထွက်ကုန်များနှင့် အခြား မရှိမဖြစ် ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ပူးပေါင်းတိုက်ဖျက်ရန်နှင့် ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်တို့အတွက် လက်ရှိ ယန္တရားများမှတစ်ဆင့် အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ ထိခိုက်နစ်နာမှုများကို ဖြေရှင်းရန်အတွက် ကူးစက်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

### ရှင်းလင်းအသိပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေးသည်။

### အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေ

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် ပြည်သူအင်အားကို စုစည်းရယူခြင်း၊ ပြည်သူများအား COVID-19 ကူးစက်ရောဂါအကြောင်း အသိပညာပေးခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ရယူခြင်းများ ပြုလုပ်ကာ အစိုးရအဖွဲ့တစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူကို ကျင့်သုံးလျက် ကူးစက်ရောဂါအကြောင်း အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများ၊ အကျဉ်းစခန်းနှင့်ထောင်များ အပါအဝင် နိုင်ငံတစ်ဝန်းရှိ အသိုက်အဝန်းများအားလုံးထံသို့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေအသိပေးလျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်လည်း ကူးစက်ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ချမှတ်၍ နိုင်ငံတစ်ဝန်းရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်း ၁၂၈ ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်

ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်ခိုင်မာစေခြင်း၊ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် အကျပ်အတည်းကာလတွင် အရေးပေါ်လိုအပ်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ကူညီပံ့ပိုးပေးခြင်းတို့မှတစ်ဆင့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာတို့၏ ကူးစက်ရောဂါတုံ့ပြန်မှုစွမ်းရည် မြှင့်တင်ရေးအတွက် အာဆီယံနှင့် အမေရိကန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် အမေရိကန်အနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများထံသို့ အမေရိကန် ဒေါ်လာ ၃၅ ဒသမ ၃ သန်း ကူညီပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများနှင့် ကျောင်းသားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များ သင်ကြားနိုင်မည့် ပညာသင်ဆုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ပိုမိုတိုးမြှင့်ပေးအပ်စေလိုကြောင်း၊ စီးပွားရေးအပေါ် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ထိခိုက်မှုသည် ကြီးမားကျယ်ပြန့်လာရန်ရှိရာ ပို့ဆောင်ရေးကွင်းဆက်လမ်းကြောင်း မပြတ်တောက်စေရေးနှင့် စားနပ်ရိက္ခာနှင့် မရှိမဖြစ်ကုန်ပစ္စည်းများ အထူးသဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် သက်ဆိုင်သည့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူ ပို့ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ကြရန် လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးသည်။

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကိုတားဆီးခြင်းနှင့် ပတ်သက်၍ဆောင်ရွက်ရန်ကိစ္စများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၃

**အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကိုတားဆီးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ညွှန်ကြားရေးမှူးများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးက မေ ၂၀ ရက်၌ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုညွှန်ကြားချက်ကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် မိမိတို့၏ ကွပ်ကဲမှု သို့မဟုတ် ညွှန်ကြားမှုအောက်တွင် ရှိသော ဝန်ထမ်းများ၊ အရာရှိများက ပါဝင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းလမ်းညွှန်ရမည်ဖြစ်သဖြင့် ဤအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြင့် လူတိုင်း သာတူညီမျှ ရရှိခံစားစေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုသဟဇာတဖြစ်စေကာ စည်းလုံးညီညွတ်၍ ချစ်ကြည်ရင်းနှီးသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာ နိုင်စေရန် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အဆိုပါ လူ့အဖွဲ့အစည်းကို တိုးတက်အောင် ဆောင်ရွက်ရာတွင် အနှောင့်အယှက်၊ အဟန့်အတား ဖြစ်စေနိုင်သည့် အကြောင်းရင်းတစ်ရပ်မှာ အမုန်းစကားပြောဆိုခြင်းပင် ဖြစ်ကြောင်း။

အမုန်းစကားဆိုသည်မှာ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ကျား/မ သို့မဟုတ် မည်သူမည်ဝါ ဖြစ်သည် ဆိုသည့် မတူကွဲပြားမှုများအပေါ် အခြေပြု၍ လူတစ်ဦးနှင့်တစ်ဦး၊ သို့မဟုတ် လူအုပ်စုတစ်စုနှင့်တစ်စု မမျှမတဝေဖန်ခြင်း၊ မလိုမုန်းထား ပုတ်ခတ်ပြောဆိုခြင်းတို့သည် အကြမ်းဖက်ရန် လှုံ့ဆော်သည့် စကားများပင် ဖြစ်ကြောင်း၊ ထိုအမုန်းစကား ပြန့်ပွားစေခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းညီညွတ်ပြီး သဟဇာတ ဖြစ်သော လူ့အဖွဲ့အစည်း တစ်ရပ်တည်ဆောက်ရာတွင် များစွာ ထိခိုက်စေပါကြောင်း၊ သို့ပါ၍ မိမိတို့ဝန်ထမ်းများအနေဖြင့် ထိုသို့သော အမုန်းစကားများကို ကိုယ်တိုင်ပြုမူပြောဆိုဆက်ဆံခြင်း၊ ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်းများ မပြုလုပ်ကြရန်၊ ယင်းသို့ ပြုမူဆောင်ရွက်ခြင်းများကို ဝိုင်းဝန်းရှုတ်ချရန်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဦးဆောင်သော အမုန်းစကား ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။




**အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကိုတားဆီးခြင်းနှင့် ပတ်သက်၍ဆောင်ရွက်ရန်ကိစ္စများ ညှိနှိုင်းဆွေးနွေးစဉ်။**

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကိုတားဆီးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့စီးပွားရေးကပ်မှ မြန်မာ့ထွက်ရပ်လမ်း

Dr.မောင်အောင်

**ယနေ့လူသားမျိုးနွယ်တစ်ရပ်လုံး၏ အသက်ရှင်သန်ရေးအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်တွင် တွေ့ကြုံခံစားနေရပြီး (၂၁-၄-၂၀၂၀)နေ့အထိ ကိုဗစ်-၁၉ ပိုးတွေ့သည့်လူဦးရေ ၂ ဒသမ ၆ သန်းခန့်ရှိကာ သေဆုံးသူဦးရေ ၁ ဒသမ ၇သိန်းခန့်ရှိသည်။ ကမ္ဘာ့နိုင်ငံအားလုံး တွေ့ကြုံရင်ဆိုင်နေရပြီး ကပ်ရောဂါဘေးကြောင့် လူတိုင်းသည် ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ စီးပွားရေး အဘက်ဘက်ယိုယွင်းလာမှုများကြောင့် 'တတိယကမ္ဘာစစ်' ဟုပြောဆိုနေပြီဖြစ်သည်။ ကပ်ဘေးသည် ဆင်းရဲချမ်းသာမရွေး၊ နိုင်ငံမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေမှုကြောင့်လည်း WHO မှအစ နိုင်ငံအစိုးရများအနေဖြင့် ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ရန် နည်းမျိုးစုံဖြင့် အထူးကြိုးစားနေပေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သည့်အပြင် နိုင်ငံတော်နှင့် ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်း ပြန့်ပွားမှုနှုန်းနှင့် သေဆုံးမှုအနည်းဆုံး အုပ်စုနိုင်ငံများထဲတွင် ပါဝင်နေပေသည်။**

ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ နှစ်ဦးပိုင်းမှစ၍ ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်စပ်နေသည့် ပို့ဆောင်ရေးနှင့် Logistics လုပ်ငန်းများ၊ ကုန်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ အာမခံ၊ ရွှေ့ပြောင်းလုပ်သားများစသည့် စီးပွားရေးနယ်ပယ်အားလုံးကို ဆိုးရွားစွာ ထိခိုက်ခဲ့ပါသည်။ ထိုအတွက် ကွင်းဆက်အနေဖြင့် နိုင်ငံတိုင်းတွင် အလုပ်လက်မဲ့များ သိသာစွာတက်လာခြင်း၊ စတော့ရှယ်ယာဈေးနှုန်းများ၊ ရေနံဈေးနှုန်းစံချိန်တင် ကျဆင်းခြင်း၊ နိုင်ငံတကာ ဝင်ပေါက်ထွက်ပေါက်များ ပိတ်ဆို့ခြင်း၊ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကြောင့် ကြောက်စိတ်များဖြင့် အထိတ်တလန့်ဝယ်ယူခြင်းများပင် ဖြစ်ပေါ်ခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း ထိန်းချုပ်နိုင်ရန်အတွက် ကူးသန်းသွားလာမှု ကန့်သတ်ခြင်း၊ လူစုလူဝေးမရှိစေရန် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်နားထားခြင်း၊ အကွာအဝေးသတ်မှတ်ခြင်း၊ နှာခေါင်းစည်းများတပ်စေခြင်း၊ အသွားအလာကန့်သတ်ခြင်းနေရာများတွင် စောင့်ကြည့်ခြင်း၊ မြို့ (သို့) နေရာကို အဝင်အထွက်မရှိစေရန် ပိတ်ဆို့ကုသခြင်း စသည်တို့ နိုင်ငံတိုင်း လုပ်ဆောင်ခဲ့ကြသည်။

တစ်ကမ္ဘာလုံးစီးပွားရေးလုပ်ငန်းများ အများစုယာယီရပ်ဆိုင်းထားမှုကြောင့်လည်း အလုပ်လက်မဲ့များ တိုးလာခြင်း၊ လုပ်ငန်းများငွေကြေးပြတ်လပ်မှုကြောင့် ဒေဝါလီခံခြင်း၊ ပုံမှန်ဝင်ငွေမရသူများ၏ လက်ဝယ်ငွေကြေးချို့တဲ့လာမှုကြောင့် ဘဝရှင်သန်ရေး ပို၍ခက်ခဲလာခြင်း စသည်တို့ နိုင်ငံတိုင်းကြုံတွေ့နေရပြီဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီးများအနေဖြင့်လည်း ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်စပ်ဆောင်ရွက်ရသောကြောင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် အချိန်ယူရဦးမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ဖော်ပြချက်အရ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ် (Great Depression) အပြီး ယခု ကိုဗစ်-၁၉ ကြောင့်ဖြစ်နေသည့် ကမ္ဘာ့စီးပွားရေးကပ်မှာလည်း ကျယ်ပြန့်သည့်အတွက် ကမ္ဘာ့စီးပွားရေး တိုးတက်မှု အနုတ်လက္ခဏာ ၃ ရာခိုင်နှုန်း ဝန်းကျင်ဖြစ်ပေါ်လာမည်ဟု ခန့်မှန်းထားပေသည်။ ယခင်က နိုင်ငံတစ်နိုင်ငံချင်းစီ၏ ထုတ်လုပ်မှုလုပ်ငန်းများကို အစ၊ အဆုံး နိုင်ငံတွင်း ထုတ်လုပ်နိုင်သော်လည်း ယနေ့ကမ္ဘာ့ရွာကြီးဖြစ်လာသည့်အချိန်တွင် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global Supply Chain) တစ်လျှောက် တင်ပို့ထုတ်လုပ် တပ်ဆင်ဖြန့်ဖြူးရောင်းချရသည့်အတွက် တစ်ကမ္ဘာလုံး အမြန်ကျန်းမာလာရန် လိုအပ်ပေသည်။

ယခုနှစ်အစပိုင်းတွင် တရုတ်နိုင်ငံက စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားရောဂါကြောင့် ကမ္ဘာ့စက်ရုံကြီးဟုခေါ်သည့် တရုတ်အခြေပြု နိုင်ငံတကာ ထုတ်လုပ်မှုလုပ်ငန်းကြီးအနေဖြင့် တစ်ဆို့မှုများ ပေါ်ပေါက်ခဲ့ပြီး တစ်ကမ္ဘာလုံးနှင့် ဆက်စပ်နေသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းကြီးများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်တိုက်ကျဆင်းစေခဲ့သည်။ အဓိကအားဖြင့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း တစ်လျှောက် အကျုံးဝင်သည့်လုပ်ငန်းများ၏ စီးပွားရေးလုပ်ဆောင်မှုများဖြစ်သည့် ကုန်ကြမ်းထုတ်လုပ်မှု၊ တစ်ဝက်တစ်ပျက်ပြီး ကုန်စည်ထုတ်လုပ်မှု၊ ကုန်ချောထုတ်လုပ်မှုအပိုင်းအားလုံး လျော့ချလာခြင်း၊ ဒုတိယကွင်းဆက်အနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှု လမ်းကြောင်းတစ်လျှောက် ပါဝင်သည့် စီးပွားရေးလုပ်ဆောင်မှုများ လျော့ကျလာမှုနှင့်အတူ သွင်းကုန်ဝယ်လိုအား အပါအဝင် ကမ္ဘာတစ်ဝန်းလုံး၏ ဝယ်လိုအား ဆက်တိုက်ကျဆင်းခြင်း၊ တတိယကွင်းဆက်အနေဖြင့် ထုတ်လုပ်တင်ပို့သူများ၏ ပို့ကုန်တင်ပို့မှု ကျဆင်းစေပြီး ကုန်သွယ်မှု လျော့ကျကာ သွင်းကုန်တင်သွင်းမှုကိုပါ တစ်ဖန်ပြန်၍ ကျဆင်းစေခဲ့ပါသည်။ ဖြစ်စဉ်တွင် ကိုဗစ်-၁၉ ကြောင့် ထုတ်လုပ်မှု

> ❖ **မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ပြည်သူများ၏ ပကတိအခြေအနေမှန်ကို ပို၍တွေ့မြင်ရပြီဖြစ်သည်။ မြန်မာတို့၏ အဓိကအားသာချက်မှာ ပြည်သူများ ဒုက္ခတွေ့သည့်အချိန်တွင် ငွေကြေးတတ်နိုင်သည့်သူများ၊ လုပ်အားပေးနိုင်သည့်သူများအနေဖြင့် တတ်နိုင်သည့်ဘက်မှ မျှဝေလှူဒါန်း ပါဝင်လုပ်ဆောင်ပေးသည့် မွန်မြတ်သည့် စိတ်ဓာတ်ပင်ဖြစ်သည်။**
>
> ❖ **ထိုနည်းတူ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများကိုလည်း အများစုအနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းလိုက်ပါ ဆောင်ရွက်ကြခြင်းကိုလည်း တွေ့ရသည်။ ယခု ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို အတန်အသင့် ထိန်းချုပ်လာနိုင်ပြီဖြစ်သော်လည်း စီးပွားရေးအကျပ်အတည်းကာလတစ်ခုကို မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများ ကျော်ဖြတ်ရဦးမည်သာဖြစ်သည်။**

လုပ်ငန်းကြီးများ၏ ထုတ်လုပ်ရောင်းချမှု လျော့နည်းကျဆင်းစေမှုမှတစ်ဆင့် အထွေထွေဝယ်လိုအား ကျဆင်းမှုနှင့်အတူ ငွေကြေးလည်ပတ်မှု၊ ချောမွေ့မှုမရှိတော့သည့် ငွေဖြစ်လွယ်မှု(Liquidity Constraints) ကန့်သတ်ချက်များကြောင့်လည်း စီးပွားရေးလုပ်ငန်းများနှင့် လူလတ်တန်းစားများ၊ အခြေခံလူတန်းစားများအတွက် အထူးအခက်အခဲ တွေ့ကြုံနေရခြင်းပင်ဖြစ်သည်။

### စီးပွားရေးပြန်လည်နိုးထလာစေသည့်ပံ့ပိုးမှုများ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသည့် ကမ္ဘာ့စီးပွားရေးကပ်ကို အမြန်ဆုံးရုန်းထွက်ကုစားနိုင်ရန်အတွက် နိုင်ငံတိုင်း ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုများ (Monetary & Financial Stimulus Measures) ဖြင့် လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးအဆောက်အဦတွင် လည်ပတ်စီးဆင်းနေသည့် ငွေကြေးပမာဏ တိုးပွားစေရေးအတွက် ဘဏ်အတိုးနှုန်းများ လျှော့ချပေးခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် မိသားစုများကို သက်သာသည့် ချေးငွေထုတ်ပေးခြင်း၊ အခြေခံစားသောက်ကုန်များပံ့ပိုးခြင်း၊ ကောက်ခံသည့် အခွန်အခများ ကင်းလွတ်မှုပေးခြင်းနှင့် လျှော့ချပေးခြင်း၊ အစိုးရထုတ်ဝေထားသည့် ငွေချေးစာချုပ်များ ပြန်လည်ဝယ်ယူခြင်း စသည်ဖြင့် ပံ့ပိုးနိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်နေပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုလျော့နည်းစေရေးအတွက် SMES လုပ်ငန်းများအတွက် အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် အထူးချေးငွေဘီလီယံ ၁၀၀ ထုတ်ချေးခြင်း၊ အလုပ်အကိုင်အခြေတကျမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အဓိကစားသောက်ကုန်များ ပံ့ပိုးပေးခြင်း၊ အခွန်အခများ လျှော့ချခြင်း၊ လျှပ်စစ်မီတာခများ ယူနစ် ၁၅၀ အထိ ကင်းလွတ်ခွင့်ပြုခြင်း၊ ဘဏ်အတိုးနှုန်းကို ယခင်ကထက် ၁ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချခြင်း၊ အချို့သွင်းကုန်ကြေးများ ကင်းလွတ်ခြင်း စသည်တို့ ဆက်တိုက်လုပ်ဆောင်နေပြီဖြစ်သည်။

ယေဘုယျအားဖြင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအကျပ်အတည်းဒဏ်ကို နိုင်ငံတိုင်း တွေ့ကြုံနေရပြီး ထိခိုက်မှု အတိုင်းအတာပမာဏ၊ နိုင်ငံ၏ချမ်းသာကြွယ်ဝမှုတို့ပေါ် မူတည်၍ပြန်လည်နိုးထလာစေရေး လုပ်ဆောင်မှုများ (Stimulus Measures) ကွဲပြားသလို ပံ့ပိုးသည့်ပမာဏလည်း ခြားနားပေသည်။ ကမ္ဘာ့အချမ်းသာဆုံးဖြစ်သည့် အမေရိကန်သည် ကိုဗစ်-၁၉ ကြောင့် ရောဂါပျံ့နှံ့မှုနှင့် သေကျေပျက်စီးမှု အများဆုံးဖြစ်သလို စီးပွားရေးထိခိုက်မှုမှာလည်း အများဆုံးပင်ဖြစ်သည်။ ထို့အတူ ဖွံ့ဖြိုးသည့် ဥရောပနိုင်ငံများဖြစ်သည့် စပိန်၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလန် စသည့်နိုင်ငံများအနေဖြင့်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် သေဆုံးမှုအများဆုံး ကြုံတွေ့ခဲ့ရသည့် နိုင်ငံများပင်ဖြစ်သည်။ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို အစိုးရများအနေဖြင့် အမြန်ဆုံးထိရောက်စွာ ပိတ်ပင်တားဆီးနိုင်မှု၊ ပြည်သူများ၏ စည်းကမ်းလိုက်နာမှုတို့ကြောင့် ပြန့်ပွားမှု ထိန်းချုပ်နိုင်ခဲ့သလို အသက်သေဆုံးမှုများလည်း လျှော့ချနိုင်ခဲ့သည်။ ထို့အတူ အချိန်မီ ရောဂါမပြန့်ပွားရေးအတွက် ကြိုတင်ကာကွယ်သူများနှင့် ကူးစက်ခံရသူများမှတစ်ဆင့် ထပ်မံမကူးစက်စေရန် ပိတ်ဆို့မှုများအပြင် WHO နှင့် အစိုးရများမှ ထုတ်ပြန်ထားသည့် စည်းကမ်းများကို ပြည်သူများ လိုက်နာမှုအားကောင်းသည့် နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုလျော့နည်းကြောင်း တွေ့ရသည်။ ကောက်ချက်ပြုနိုင်သည်မှာ နိုင်ငံအစိုးရများ၏ အချိန်မီစီမံခန့်ခွဲနိုင်မှုနှင့်အတူ ပြည်သူများ စည်းကမ်းများကို ညီညီညွတ်ညွတ် လိုက်နာနိုင်မှုပေါ် မူတည်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ ထိခိုက်မှု အတိမ်အနက်ဖြစ်ပေါ်စေခဲ့သည်။ အထူးသဖြင့် အာရှနိုင်ငံများအနက် မူလရောဂါစတင်သည့် တရုတ်မှစ၍ ကိုရီးယား၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ) စသည်တို့သည် ရောဂါမပြန့်ပွားစေရန် စီမံအုပ်ချုပ်နိုင်မှုနှင့်အတူ ပြည်သူများအနေဖြင့်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို တစ်သဝေမတိမ်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ထိခိုက်မှုလျော့နည်းခဲ့သည်။

### ညီညွတ်သည့်ပြည်သူသာလျှင်အဓိက

ကမ္ဘာလောကကြီးတစ်ခုလုံး၏ ရှင်သန်ဖြစ်ပေါ်တိုးတက်မှုကို ပြဋ္ဌာန်းပေးသူမှာ အသိဉာဏ်ရှိသည့် လူသားပင်ဖြစ်သည်။ အခက်အခဲများ၊ အတားအဆီးများ၊ ဘေးအန္တရာယ်များ မည်မျှပင်ကြုံတွေ့စေကာမူ လူသားချင်းစည်းလုံးမှု၊ သွေးစည်းညီညွတ်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှား အောင်မြင်ခဲ့ခြင်းများကို ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းများက ဖော်ပြနေသလို လက်ရှိရောဂါကပ်ဘေး ကိုဗစ်-၁၉ ရင်ဆိုင်ရသည့်အချိန်တွင်လည်း စည်းလုံးညီညွတ်မှု၊ စည်းကမ်းလိုက်နာမှုတို့ဖြင့် အာရှနိုင်ငံအချို့ အမြန်ဆုံးကျော်လွှားနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ပြည်သူများ၏ ပကတိအခြေအနေမှန်ကို ပို၍တွေ့မြင်ရပြီဖြစ်သည်။ မြန်မာတို့၏အဓိကအားသာချက်မှာ ပြည်သူများ ဒုက္ခတွေ့သည့်အချိန်တွင် ငွေကြေးတတ်နိုင်သည့်သူများ၊ လုပ်အားပေးနိုင်သည့်သူများအနေဖြင့် တတ်နိုင်သည့်ဘက်မှ မျှဝေလှူဒါန်း ပါဝင်လုပ်ဆောင်ပေးသည့် မွန်မြတ်သည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ထိုနည်းတူ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများကိုလည်း အများစုအနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းလိုက်ပါ ဆောင်ရွက်ကြခြင်းကိုလည်း တွေ့ရသည်။ ယခု ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို အတန်အသင့်ထိန်းချုပ်လာနိုင်ပြီဖြစ်သော်လည်း စီးပွားရေးအကျပ်အတည်းကာလတစ်ခုကို မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများ ကျော်ဖြတ်ရဦးမည်သာဖြစ်သည်။

### ခိုင်မာသည့် စိတ်ဓာတ်တည်ဆောက်ပါ

ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံသားများအပါအဝင် ယနေ့လူသားအားလုံး၏စိတ်တွင် အသက်ရှင်ရေးအတွက် မရေရာမှုများကြောင့် စိုးရိမ်ကြောင့်ကြမှုများ ခံစားနေရသည့်ကာလလည်းဖြစ်သည်။ ပြည်သူများအနေဖြင့် စီးပွားရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ပထမဆုံးလိုအပ်ချက်မှာ တစ်ဦးချင်းစီ၏ စိတ်ဓာတ်ခိုင်မာမှုကို တည်ဆောက်ထားရမည်ဖြစ်သည်။ အခက်အခဲ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့်အခါ ကိုယ့်ထက်ခက်ခဲသူများ၊ ကျပ်တည်းသူများကို မြင်အောင်ကြည့်၍ စိတ်ကိုဖြေရမည်ဖြစ်သည်။ နိုင်ငံအလိုက်ယှဉ်၍ကြည့်လျှင် မြန်မာတို့ဖွံ့ဖြိုးမှုနည်းသော်လည်း ကိုယ့်ထက်ဆိုးသည့်နိုင်ငံများစွာရှိသည်။ နိုင်ငံချမ်းသာသော်လည်း တန်ဖိုးအရှိဆုံး လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့် အဖြစ်ဆိုးများနှင့် နှိုင်းယှဉ်ဖြေရမည်ဖြစ်သည်။ အထူးသဖြင့် လူသားတစ်ဦး အသက်ရှင်သန်ရေးအတွက် အလိုအပ်ဆုံးမှာ အစားအစာပင်ဖြစ်သည်။ စားသောက်ကုန်ဈေးများ မြင့်တက်လာမှုကြောင့် ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံများ၊ ကျွန်းစုနိုင်ငံများ၊ ကုန်းတွင်းပိတ်နိုင်ငံများ၊ သဲကန္တာရများသည့်နိုင်ငံများ၊ ခရီးသွားနှင့် အပန်းဖြေလုပ်ငန်းများအပေါ် အဓိကမှီခိုနေရသည့် နိုင်ငံများရှိ ပြည်သူများ၏ အစားအစာအတွက် စိုးရိမ်ပူပန်မှုများနှင့် နှိုင်းယှဉ်ပြီး စိတ်ကိုဖြေရမည်ဖြစ်သည်။ ပြည်သူများသတိပြုရမည်မှာ မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်မှုသည် ပြည်တွင်းစားသုံးမှုထက် ပိုလျှံစွာထုတ်လုပ်နိုင်မှုကြောင့် စားနပ်ရိက္ခာနှင့်ပတ်သက်၍ စိတ်ပူစရာမလိုပေ။

မြန်မာနိုင်ငံ၏ အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်ဆိုလျှင် ပြည်တွင်းစားသုံးမှုအပြင် နှစ်စဉ်တန်ချိန် ၃ သန်းမှ ၄ သန်း တင်ပို့နိုင်သည့်အခြေအနေရှိသည်။ ထို့ပြင် နိုင်ငံကျယ်ဝန်းသည့်အလျောက် အသုံးမပြုရသေးသည့် မြေ၊ ရေသယံဇာတ အများဆုံးရှိနေသည့်အတွက် အာရှတွင် စားသောက်ကုန်ထုတ်လုပ်မှု အလားအလာ အကောင်းဆုံးပင်ဖြစ်သည်။ နိုင်ငံတော်က ဆင်းရဲသည့် မိသားစုများအား အခြေခံစားသောက်ကုန် ငါးမျိုး ပံ့ပိုးပေးနေသလို အခြေခံစားသောက်ကုန်ဈေးနှုန်းများ မတက်စေရန် လုပ်ဆောင်နေပြီဖြစ်၍ ပြည်သူများအနေဖြင့် စားသောက်ရေးအတွက် စိတ်ဖိစီးမှုဖြစ်ပေါ်ရန် မလိုပေ။ တစ်ဆက်တည်းမှာပင် ပြည်သူများအတွက် ပုံမှန်ဝင်ငွေရရှိရေးအတွက်လည်း SMES လုပ်ငန်းများမှစ၍ ထုတ်လုပ်မှု လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေမှုလုပ်ငန်းများ အမြန်စတင်နိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။ ထို့ပြင် အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲဖြစ်သည့် ချေးငွေပံ့ပိုးမှု၊ အတိုးနှုန်းလျှော့ချမှု၊ အခွန်အကောက် လျှော့ချမှု၊ ကင်းလွတ်မှု စသည်များအပြင် လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေး ဖြေလျှော့မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ပြည်သူတို့ နှလုံးသွင်းရမည်မှာ တစ်ကမ္ဘာလုံးကြုံတွေ့နေရသည့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း

*စာမျက်နှာ ၇ သို့*

# မေ ၂၃ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၃၂ ဦးရှိ၊ ၅ ဦးသေဆုံးပြီး ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦးရှိပြီ

**နေပြည်တော် မေ ၂၃**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၉ ဦးထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၃၂ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၃၂ ဦးအနက် သေဆုံးသူ ၅ ဦးရှိပြီး ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦးရှိကာ ၎င်းတို့အား အသွားအလာ ဆက်လက်ကန့်သတ်ထားရှိကြောင်းနှင့် ကျန်လူနာ ၁၁၈ ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ထားရှိဆေးကုသမှုပေးနေကြောင်း၊ ၎င်းတို့အနက် ၁၁၅ ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပြီး ၂ ဦးကို ဝေဘာဂီ အထူးကုဆေးရုံကြီးနှင့် ၁ ဦးကို တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးတို့တွင် အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့သူ ၅၅၂၈ ဦးရှိပြီး စောင့်ကြည့်လူနာ ၂၄၄၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

**သတင်းစဉ်**

# ကမ္ဘောဇဘဏ်က မွန်ပြည်နယ်ရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ လှူဒါန်း

**နေပြည်တော် မေ ၂၃**

မွန်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို ကမ္ဘောဇဘဏ်က မော်လမြိုင်မြို့ ပြည်နယ်အစိုးရရုံး၌ မေ ၂၂ ရက်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ လက်ခံရယူသည်။ ကမ္ဘောဇဘဏ်သည် နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုမှ အခြေခံပြည်သူများကို ပေးဝေလှူဒါန်းနိုင်ရန်အတွက် ငွေကျပ် သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ် ၂၁၀၀၀ ကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ တစ်ဆင့် ပေးအပ်လှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇဘဏ်သည် ၂၀၁၉ ခုနှစ်အတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မလတ်တောင်မြေပြိုမှု ဖြစ်ပွားခဲ့သော မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာရှိ ဒေသခံမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀ သိန်းစီ၊ ဒဏ်ရာရရှိ၍ မော်လမြိုင်ဆေးရုံတွင် ဆေးကုသမှု ခံယူနေသူများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော လူမှုကူညီရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေး သမားများအတွက် လိုအပ်သော စားနပ်ရိက္ခာများ အပါအဝင် လှူဒါန်းငွေကျပ်သိန်း ၃၅၀ ကို ကူညီထောက်ပံ့ပေးခဲ့သည်။

**ကိုဇော်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၃**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရမည်ဖြစ်သလို ပြည်သူများအတွက်လည်း အလုပ်အကိုင်နှင့် ဝင်ငွေ အဆင်မပြေမှုများရှိနိုင်သော်လည်း ဤကာလသည် ခေတ္တယာယီသာဖြစ်ပြီး အမြန်ဆုံးကျော်ဖြတ်နိုင်ရန် ပြည်သူအားလုံးတက်ညီလက်ညီ အစွမ်းကုန် ကြိုးစားကျော်ဖြတ်နိုင်ရေးကို စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် ပြင်ဆင်ထားရမည်ဖြစ်သည်။

**စီးပွားရေးအကျပ်အတည်းမှ အမြန်ဆုံးလွတ်မြောက်လမ်းများ**

မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ သည် အသက်ရှင်သန်ရေးနှင့် စီးပွားရေးအကျပ်အတည်းများ၊ စိန်ခေါ်မှုများ ယူဆောင်လာသလို တစ်ဖက်တွင်လည်း နိုင်ငံ့စီးပွားတိုးတက်စေမည့် အခွင့်အလမ်းများကိုပါ ဖွင့်လှစ်ပြလိုက်သလိုပင် ဖြစ်သည်။ ကမ္ဘာ့သမိုင်းကြောင်း ပြန်ကြည့်လျှင် စီးပွားရေးကပ်ဆိုက်သည့်ကာလများဖြစ်သည့် ၁၉၃၀ ပြည့်နှစ် စီးပွားရေးကပ်၊ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများဖြစ်သည်နှင့် တွဲဖက်၍ ပါလာသည်မှာ စားနပ်ရိက္ခာအကျပ်အတည်းပင် ဖြစ်သည်။ ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ကုန်သွယ်မှု စသည်တို့ကျဆင်းပြီး စိုးရိမ်ကြောင့်ကြမှုနှင့်အတူ ဝယ်ယူသိုလှောင်မှုတို့ကြောင့် စားသောက်ကုန် လျော့နည်းလာမှုနှင့်အတူ ဈေးနှုန်းများ မြင့်တက်လေ့ရှိသည်မှာ အစဉ်အလာပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် နိုင်ငံများအကြား သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်မှုများ သိသိသာသာ လျော့နည်းလာသလို နိုင်ငံအနေဖြင့် ကူးလူးဆက်ဆံမှုများ ပိတ်ဆို့လာမှုကြောင့် စားသောက်ကုန်များကို ပြင်ပမှ အဓိကမှာယူတင်သွင်းစားသုံးရသည့်နိုင်ငံများ၊ ကျွန်းစုနိုင်ငံများ၊ ကုန်းတွင်းပိတ်နိုင်ငံများ၊ သဲကန္တာရများသည့် နိုင်ငံများ စသည်တို့တွင် စားသောက်ကုန်ဈေးနှုန်းများ တက်လာနေပြီဖြစ်သည်။ စီးပွားရေးကပ်ကို ကျော်လွှားရမည့် အနည်းဆုံး နှစ်နှစ်မှ သုံးနှစ်အတွင်း အမြင့်ဈေးတွင် ဆက်လက်ရှိဦးမည် ဖြစ်သည်။

တစ်ဖက်တွင်လည်း စားသောက်ကုန် အဓိက တင်ပို့နေသည့် နိုင်ငံများဖြစ်သော အမေရိကန်၊ ရုရှား၊ အိန္ဒိယ၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ယူကရိန်း၊ ထိုင်း၊ ဗီယက်နမ် စသည့် နိုင်ငံများပင်လျှင် ပြည်သူတို့၏ စိုးရိမ်ကြောင့်ကြမှု၊ မရေရာမှုနှင့် ပို့ဆောင်မှုအခက်အခဲများကြောင့် တင်ပို့မှုတားမြစ်ခြင်း၊ ပို့ကုန်ခွန်မြင့်မားစွာ ကောက်ခံခြင်း စသည်တို့ကြောင့် ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများ တက်နေပြီဖြစ်သည်။ အထူးသဖြင့် နှံစားသီးနှံသွင်းကုန် (Cereal Import) တွင် တရုတ်နိုင်ငံသည် အများဆုံး တင်သွင်းနေသည့်နိုင်ငံဖြစ်ပြီး ပဲပိစပ်၊ ပြောင်း၊ ပဲမျိုးစုံနှင့် ဆီအုန်းတို့ကို အမေရိကန်၊ အာဂျင်တီးနားနှင့် ဘရာဇီးတို့ထံမှ အများဆုံးဝယ်ယူနေရဆဲဖြစ်သည်။ ပဲပိစပ်တစ်မျိုးတည်းပင် နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၀ မှ ၃၅ ဘီလီယံခန့် သုံးစွဲနေရပြီး ယခု ကိုဗစ်-၁၉ ကြောင့် တင်သွင်းရသည့် စားသောက်ကုန်သီးနှံဈေးနှုန်းများ တက်စပြုနေပြီဖြစ်သည်။ ထို့ပြင် လက်ငင်းကာလများ အတွင်း မကြာမကြာဖြစ်ပေါ်သည့် ရာသီဖောက်ပြန်မှုများကြောင့်လည်း တစ်ကမ္ဘာလုံးတွင် စားနပ်ရိက္ခာဖူလုံမှုအတွက် အလားအလာရှိမည့် နိုင်ငံများအနေဖြင့် တိုးချဲ့ထုတ်လုပ်စေရေးကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က အမြဲနှိုးဆော်နေပြီဖြစ်သည်။

**လယ်ယာအခြေခံစားသောက်ကုန်များ ပိုမိုထုတ်လုပ်ရေး**

မြန်မာနိုင်ငံအတွက် အမြန်ဆုံးနှင့် စရိတ်အသက်သာဆုံး လုပ်ဆောင်နိုင်မည့် နည်းလမ်းတစ်ခုမှာ လယ်ယာအခြေခံ စားသောက်ကုန်များ တိုးချဲ့ထုတ်လုပ်ရေးပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဧရိယာတစ်ခုအတွင်း သီးထပ်သီးညှပ် တိုးချဲ့ဆောင်ရွက်ရန်လိုသလို စိုက်ပျိုးဧရိယာတိုးချဲ့ခြင်း နည်းလမ်းကိုလည်း တစ်ပြိုင်နက် လုပ်ဆောင်ရမည်ဖြစ်သည်။ တစ်ပြည်လုံး စိုက်ပျိုးနိုင်သည့်မြေများကို ပြည့်ပြည့်ဝဝ စိုက်ပျိုးမည်ဆိုလျှင် လယ်ယာထုတ်ကုန် များစွာတိုးလာမည်ဖြစ်သည်။ ထို့အတူ ပို၍အရေးပါသည့် ပြောင်းလဲမှုမှာ စီးပွားဖြစ် လယ်ယာလုပ်ငန်း ပိုမိုဖြစ်ထွန်းလာရေး ဆောင်ရွက်ရန်ဖြစ်သည်။ စီးပွားဖြစ်ဟုဆိုသည်မှာ ကမ္ဘာ့ဈေးကွက် ဝယ်လိုအားကောင်းသည့် သီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်တင်ပို့ရေးပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဈေးကွက်ဝင်သီးနှံများ ပိုမိုစိုက်ပျိုးရန် ယခင်ကထက် တွန်းတွန်းတိုက်တိုက် လုပ်ဆောင်စေခြင်းပင် ဖြစ်သည်။ အရေးကြီးသည်မှာ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် အထွက်နှုန်းကောင်းရန်လိုသလို အရည်အသွေး မှန်ကန်မှုကိုလည်း အလေးထားရမည်ဖြစ်သည်။ စီးပွားဖြစ်စိုက်ပျိုးရေးကို လယ်သမားတစ်ဦးချင်းအနေဖြင့် ငွေကြေးအခက်အခဲရှိသည့်အတွက် အရင်းအနှီးနှင့် ဈေးကွက်ချိတ်ဆက်မှုများရှိသည့် ကုမ္ပဏီများနှင့် ပေါင်းစပ်ကာ အကျိုးတူပူးပေါင်းလယ်ယာစနစ် (Contract Farmins System) ဖြင့်လည်း လုပ်ဆောင်နိုင်သည်။

လက်ရှိ အကောင်အထည်ဖော်နေသည့် အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) တွင်လည်း လယ်ယာကုန်စည်များသာ အဓိကပါဝင်သည့်အတွက် လုပ်ငန်းစီမံကိန်းများ ပါရှိပြီးဖြစ်၍ အထူးဇောင်းပေးဖော်ဆောင်ခြင်းနှင့် အချို့လိုအပ်ချက်များကိုသာ ဖြည့်ဆည်းနိုင်လျှင် လယ်ယာပို့ကုန် သိသာစွာ တိုးတက်လာမည်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ရာတွင် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ကျွမ်းကျင်ပညာရှင်များ၊ UMFCCI၊ လယ်ယာပို့ကုန်တစ်မျိုးချင်းစီ၏ အသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများ၊ ဒေသအလိုက် အာဏာပိုင်များနှင့် လယ်သမားကိုယ်စားလှယ်များ စသည်တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအခါ MYAN-TRADE မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးစင်တာကို ရန်ကုန်တွင် ဖွင့်လှစ်ပြီးဖြစ်၍ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်သစ် ရှာဖွေရေးတို့အတွက် များစွာအထောက်အပံ့ရရှိနေပြီဖြစ်သည်။ အတိုချုပ်၍ဆိုရသော် စိုက်ပျိုးနိုင်သည့်မြေများ အပြည့်အဝစိုက်ပျိုးရေးနှင့် စီးပွားဖြစ် လယ်ယာလုပ်ငန်း ပိုမိုဖော်ဆောင်ရေးတို့ကို ယခုမှစ၍ အမြန်စတင်လျှင် တစ်နှစ်ကျော်အတွင်း လယ်ယာထုတ်ကုန် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။

**စက်မှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာရေး**

ကိုဗစ်-၁၉ ပျံ့နှံ့မှုကင်းစင်ပြီး ကမ္ဘာတစ်ဝန်းသို့ သွားလာမှု အဆင်ပြေလာပြီဆိုလျှင် စက်ရုံသစ်များ မျှော်လင့်နိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် မြန်မာ့စက်မှုလုပ်ငန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို မျက်မြင်တွေ့ရပြီဖြစ်၍ အဆိုပါအခက်အခဲများကို အမြန်ဖြေရှင်းနိုင်လျှင် စက်ရုံသစ်များ ဝင်လာနိုင်ပါသည်။ ယနေ့ခေတ် စက်မှုလုပ်ငန်းများသည် တစ်ကမ္ဘာလုံးနှင့် ဆက်သွယ်ပေါင်းစပ်ထုတ်လုပ်ရသည့်အတွက် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းတွင် ပါဝင်နေ၍ အချိန်မီပြီးစီးရန် အရေးကြီးပါသည်။ ခေတ်ဖွံ့ဖြိုးမှုလမ်းကြောင်းမှာလည်း အဆိုပါစက်ရုံများ များများဝင်ရောက်လျှင် နိုင်ငံတိုးတက်မည်ဖြစ်သည်။ တရုတ်နိုင်ငံမှအစ ယနေ့ဖွံ့ဖြိုးလာသည့်နိုင်ငံများကို ကြည့်လျှင် ကမ္ဘာတစ်ရပ်လုံးနှင့် ဆက်သွယ်ရန် အကောင်းဆုံးနေရာများကို ရွေးချယ်ပြီး အဆိုပါနေရာများတွင် စက်ရုံများ အုံနှင့်ကျင်းနှင့် အများအပြား တည်ဆောက်ထုတ်လုပ်လေ့ရှိသည်။ အဆိုပါနေရာများသည် တိုင်းပြည်၏ တိုးတက်မှုဝင်ရိုး (Growth Pole) များဖြစ်ပြီး နိုင်ငံတကာလုပ်ငန်းကြီးများ လုပ်ကိုင်ရာတွင် အဘက်ဘက်မှ အဆင်ပြေစေရန် အထူးဦးစားပေးထားသည့် ဇုန်ကြီးများပင်ဖြစ်သည်။ ရန်ကုန်မြို့ဝန်းကျင်ကို အခြေစိုက်ထားသည့် အထည်ချုပ်စက်ရုံများ အပါအဝင် စက်ရုံ၊ အလုပ်ရုံ ၆၀၀၀ ကျော်တွင် လုပ်သားအင်အား ခြောက်သိန်းကျော် အလုပ်အကိုင်ရရှိစေပါသည်။ အထည်ချုပ်ဆိုလျှင် ကမ္ဘာတစ်ဝန်းလုံး ပေါင်းစပ်လုပ်ရသလို ယှဉ်ပြိုင်ဆောင်ရွက်ရသည့် လုပ်ငန်းလည်းဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် အကျပ်အတည်းကာလတွင် နိုင်ငံတော်အပိုင်းမှ အားထည့်ပြီး ဖြေရှင်းနေပြီဖြစ်သလို ပြဿနာကို ချက်ချင်းဖြေရှင်းပေးနိုင်သည့် ဌာနပေါင်းစုံ ပါဝင်သော One Stop Service များဖြင့်လည်း ဖြေရှင်းနိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အလုပ်သမားပြဿနာနှင့် လုပ်ငန်းရှင်အတွက် လုံခြုံစိတ်ချရမှုတို့ကို ယခင်ကထက် ကောင်းမွန်စေရန် ဆောင်ရွက်နေပြီဖြစ်သလို မြန်မာ၏ အဓိက တိုးတက်မှုဝင်ရိုးဖြစ်သည့် ရန်ကုန်ကို အထူးအားထည့်လာပြီဖြစ်၍ အာရှ၏ မဟာဗျူဟာကျသည့် တည်နေရာကြောင့် ကမ္ဘာ့စက်ရုံများ ပို၍ဝင်လာရန် အလားအလာများ ရှိနေပြီဖြစ်သည်။

**ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေရရှိရေး**

ယခုအချိန်သည် ကိုဗစ်-၁၉ ကြောင့် နိုင်ငံအသီးသီးသို့ သွားရောက်အလုပ်လုပ်နေကြသည့် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းလုပ်သားအများစု နိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေကြပြီဖြစ်သည်။ အခိုက်အတန့်အားဖြင့် ၎င်းတို့အနေနှင့် ဝင်ငွေမရသော်လည်း နိုင်ငံအနေဖြင့် ကြည့်လျှင် ၎င်းတို့၏ အတွေ့အကြုံ၊ အလုပ်များ၏ သဘောသဘာဝ၊ အလုပ်ခွင် စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှု စသည်တို့ကို နေရပ်ဒေသအသီးသီးရှိ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်းများကို လက်ဆင့်ကမ်းဝေငှခြင်းဖြင့် လက်တွေ့ကျသည့် ကောင်းမွန်သော အသိတရားကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်မည်ဖြစ်သည်။

ထို့ပြင် ယခင်ပြန့်ကျဲနေသည့် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေကို ဟွန်ဒီစနစ်ဖြင့် အများစု လွှဲပြောင်းသဖြင့် ကျေးလက်နေမိသားစုများ ရရှိသော်လည်း နိုင်ငံတော်က ဝင်ငွေအများစု မရခဲ့ပေ။ မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ နိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းများမှာ နှစ်ပေါင်းကြာပြီဖြစ်သော်လည်း ယခင်ကတည်းက စနစ်တကျစီမံကွပ်ကဲမှု အားနည်းခဲ့ခြင်းကြောင့်လည်း နိုင်ငံတော်က မရခဲ့ခြင်းပင်ဖြစ်သည်။ ယခုအခါ ရွှေ့ပြောင်းလုပ်သားများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များနှင့် စုစည်းမှုရှိနေပြီး ကိုဗစ်-၁၉ ရပ်တန့်သွားလျှင် ပြန်သွားမည့်သူများဖြစ်သည်။ ထိုသူများအတွက် လိုအပ်သည့် ပြင်ဆင်စရိတ်၊ ခရီးစရိတ် စသည်တို့ ကုန်ကျရတော့မည်ဖြစ်ရာ နိုင်ငံတော်မှ သက်သာသည့် အတိုးနှုန်းများဖြင့် ချေးငွေပံ့ပိုးပေးပြီး ချေးငွေပြန်လည်ဆပ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းပေးပို့ခြင်းကို သတ်မှတ်သည့် ဘဏ်များမှတစ်ဆင့် လွှဲပြောင်းစေခြင်းဖြင့် နိုင်ငံတော်က ရရှိစေမည်ဖြစ်သည်။ နိုင်ငံတော်က စေတနာထား ကူညီခြင်းဖြင့် ပြည်သူများ၏ နိုင်ငံချစ်စိတ်တိုးစေရုံမက ခေတ်အဆက်ဆက်မရရှိခဲ့သည့် လွှဲပြောင်းငွေများလည်း ရရှိနိုင်မည်ဖြစ်သည်။

အမှန်တကယ်မူ ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေတွင် အာရှ၌ အအောင်မြင်ဆုံးနိုင်ငံမှာ ဖိလစ်ပိုင်ဖြစ်ပြီး ပြည်ပသွားရောက်လုပ်ကိုင်သည့် အိမ်ဖော်မှအစ ဆရာဝန်အဆုံး အားလုံး၏ လွှဲပြောင်းငွေများကို ဘဏ်စနစ်ဖြင့် စနစ်တကျဆောင်ရွက်နိုင်မှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံခန့်ရရှိနေပြီး GDP တွင်လည်း အရေးပါသည့် ဝင်ငွေအရင်းအမြစ်တစ်ခုဖြစ်သည်။ ယခုအချိန်သည် မြန်မာ့ရွှေ့ပြောင်းလုပ်သားများအနေဖြင့် နိုင်ငံ့နေရာအနှံ့ လုပ်ငန်းဆိုင်ရာ ကောင်းသည့် အတွေ့အကြုံများ မျှဝေခြင်းတို့အပြင် ပြန်လည်ထွက်ခွာ အလုပ်လုပ်ကြသည့်အခါ ဘဏ်စနစ်အသုံးပြု၍ ငွေလွှဲစေခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေပမာဏတစ်ခုကို တစ်နှစ်အတွင်း ရရှိနိုင်မည်ဖြစ်သည်။

**အမျိုးသားရေးတာဝန်**

ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေးကပ်မှ အမြန်လွတ်မြောက်စေရေးအတွက် အပြင်ကို အားကိုး၍ မရနိုင်သေးသည့်အတွက် ပြည်တွင်းအင်အားဖြစ်သည့် နိုင်ငံသားတစ်ဦးချင်းစီ၏ စွမ်းစွမ်းတမံကြိုးစားအားထုတ်မှုမှသည် ပြည်သူတစ်ရပ်လုံး၏ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကသာ အရေးအပါဆုံးပင်ဖြစ်သည်။ နိုင်ငံတော်မှ စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ငွေကြေးနှင့် ဘဏ္ဍာရေး ထောက်ပံ့မှုများ၊ ကင်းလွတ်မှုများအပြင် လုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဖြေလျှော့မှုများကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ခေတ္တယာယီအကျပ်အတည်းကို နိုင်ငံသားတိုင်း နားလည်သဘောပေါက်ပြီး လုပ်ငန်းများကို စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် စီးပွားရေးအကျပ်အတည်းမှ အမြန်လွတ်မြောက်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် နှလုံးသွင်းကာ ညီညီညွတ်ညွတ် ကြိုးစားရမည့်အချိန်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးကပ်မှ မြန်မာ့ထွက်ရပ်လမ်း သုံးခုကို အမြန်ဆုံးဖော်ဆောင်နိုင်ရန်အတွက် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်ပြီး အထူးဦးစားပေးဆောင်ရွက်မည်ဆိုလျှင် အချိန်တိုအတွင်း လွတ်မြောက်နိုင်ရုံမကဘဲ စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်မှာ မုချမသွေဖြစ်ပေသည်။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ

တွေ့ဆုံမေးမြန်း - ညွန့်ကိုကို၊ ဓာတ်ပုံ - ဇော်မင်းလတ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ ကုသရေးဌာန (Covid-19 Medical Center) ထားရှိရန်အတွက် လမ်းများပြုပြင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း၊ အဆောက်အဦများပြုပြင်ခြင်း၊ အထူးကြပ်မတ်ကုသဆောင်(ICU)၊ လူဦးရေ ၂၄၀ အထိ အောက်ဆီဂျင်ပေးနိုင်သော အထူးကုသဆောင်၊ လူဦးရေ ၂၄၀ ဆံ့ သာမန် ကိုဗစ်-၁၉ လူနာဆောင်၊ ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများနေထိုင်ရန် အဆောက်အဦ၊ ဆေးနှင့် ဆေးပစ္စည်းများ သိုလှောင်ရာဌာန၊ လူနာများ အသုံးပြုရန် အောက်ဆီဂျင်ရရှိရေး၊ ဆေးရုံသုံးအမှိုက်စွန့်ပစ်မှုနှင့် အရေးပေါ်မီးရှို့စက်တို့ကို ဧပြီလဆန်းမှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ကိုဗစ်-၁၉ လူနာ ၅၀၀ ထားရှိနိုင်သည့် အဆင့်အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ဆောင်ရွက်နေမှုများသည် ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ထို့ကြောင့် ကိုဗစ်-၁၉ ကုသရေးဌာန၊ ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိစေရန် တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ဦးသန်းတိုးအောင်



ဦးကျော်သူ



ဒေါ်ရူပါစိုး



ဒေါက်တာအောင်မြင့်မော်



ဦးအောင်ဝင်း

**ဦးသန်းတိုးအောင် (အင်ဂျင်နီယာချုပ်)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**လမ်းဦးစီးဌာန(မြို့ပြ)**

ဧပြီ ၁ ရက်မှာ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) ကို လုပ်မယ်ဆိုပြီး ကော်မတီဖွဲ့ပါတယ်။ လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဧပြီ ၇ ရက်မှာ ဖွဲ့ပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာနမှာ ကျွန်တော်တို့ လမ်းဦးစီးဌာနနဲ့ အဆောက်အဦဦးစီးဌာန နှစ်ဖွဲ့စီ ပေါင်းပြီး ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ နောက် ရေသန့်နဲ့ လျှပ်စစ်ဌာနကလည်း ပူးပေါင်းပါဝင်ကူညီပေးပါတယ်။

ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) အထူးကြပ်မတ်ကုသဆောင်(ICU)ကို လာမယ်ဆိုရင် အတိုဆုံးဖြစ်တဲ့ လမ်းသစ်တစ်လမ်းကို ဖောက်လုပ်ထားပါတယ်။ အဲဒီလမ်းက ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၀/၇ မှာ ဂငယ်ကွေ့လုပ်ပါတယ်။ အဲဒီကနေ ဝင်လာရင် ဖောင်ကြီးဆေးရုံကို ၇ မိနစ်၊ ၈ မိနစ်သာ ကြာမယ့်လမ်းသစ်ပါ။ မီတာ (၆၆၀) ရှိပါတယ်။ ရာသီမရွေးသွားလာနိုင်အောင် ကျောက်ရော မြေအမာခံ (၁၈) ပေအကျယ် ကိုးလက်မထု ခင်းပါတယ်။ ဧပြီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့တာ ဧပြီ ၁၅ ရက်မှာ အဆုံးသတ်ပါတယ်။ နောက်အမြန်လမ်းကနေ ရန်ကုန်ဘက်ကို ပြန်တဲ့လမ်း၊ နေပြည်တော်ဘက်ကို ထွက်တဲ့လမ်း အဲဒီလမ်းနှစ်လမ်းကို ကွန်ကရစ်ခင်းပေးပါတယ်။ စုစုပေါင်း အရှည်ပေ ၂၅၅၀ ရှိပါတယ်။ ၁၂ ပေအကျယ်၊ ၈ လက်မထု ကွန်ကရစ်လမ်းပါ။ ဒါဟာ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) ကိုသွားမယ့် ကားတွေ ICU ကို အမြန်ဆုံးရောက်အောင် ရည်ရွယ်ပြီး ဖောက်လုပ်တာပါ။ ဒီလမ်းသည် လူနာဆောင်တွေကိုလည်း အမြန်ဆုံးရောက်ရှိမယ့် လမ်းဖြစ်ပါတယ်။ လမ်းတစ်လျှောက်မှာ လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ပေးထားလို့ လမ်းမှားစရာ မရှိပါဘူး။

နောက်တစ်ခု ဖောင်ကြီးဝင်းထဲမှာ ကျန်းမာရေးဝန်ထမ်းတွေ နေဖို့ Modular House လေးလုံး ဆောက်ပေးပါတယ်။ Modular House တစ်လုံးမှာ အခန်း ငါးခန်းပါတယ်။ အခန်းပေါင်း ၂၀ ပေါ့။ ဒီစီမံကိန်းကို ဧပြီ ၈ ရက်မှာ စတင်ပါတယ်။ ဧပြီ ၂၄ ရက်ဆို အားလုံးပြီးပါမယ်။ အဲဒါတွေအပြင် ၃၆ ပေ x ၁၈ ပေ Lab တစ်ခု လုပ်ပေးထားပါတယ်။ အဲဒါတွေက ICU တစ်၊ နှစ်၊ သုံး၊ လေးလို ကိုဗစ်-၁၉ လူနာတွေအတွက် မဟုတ်ပါဘူး။ ကိုဗစ်-၁၉ အတွက်မဟုတ်ဘဲ အခြားသောရောဂါလက္ခဏာတွေကို စမ်းသပ်နိုင်အောင်ပါ။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ အတူတကွ ပူးပေါင်းဆောင်ရွက်မှုမှာ ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနကလည်း တတ်နိုင်တဲ့ဘက်ကနေ တစ်တပ်တစ်အား ဝိုင်းကူတယ်။ ကုသရေးပိုင်းဖြစ်တဲ့ ဆရာဝန်၊ ဆေးဝန်ထမ်းဆိုရင်လည်း ကျန်းမာရေးဝန်ကြီးဌာနတင်မဟုတ်ဘဲ တပ်မတော်ကရော၊ ပုဂ္ဂလိကဆေးခန်းတွေကပါ ကူညီကြတယ်။ အားလုံး ညီညီညွတ်ညွတ်လုပ်နေတာ မြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ Positive လူနာတွေ ထပ်တွေ့လာရင်၊ ထပ်တိုးလာခဲ့ရင် ဖောင်ကြီးက လက်ခံလို့ရတဲ့ အနေအထားရောက်နေပါပြီ။

**ဦးကျော်သူ (အထွေထွေမန်နေဂျာ)**
**ဓာတ်အားဖြန့်ဖြူးရေးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေး**
**ကော်ပိုရေးရှင်း (YESC)**

တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) တည်ဆောက်မယ်ဆိုတာ မတ်လကုန်လောက်မှ ကျွန်တော်တို့ စတင်သိရှိရတာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ YESC ဥက္ကဋ္ဌရဲ့ အနီးကပ်လမ်းညွှန်မှုနဲ့ သကြ်ံနမတိုင်ခင်ကတည်းက ဖောင်ကြီးရဲ့ လျှပ်စစ်ဓာတ်အားပေးမှုအခြေအနေကို လေ့လာခဲ့ကြပါတယ်။ ထပ်မံတိုးချဲ့သင့်တဲ့ ထရန်စဖော်မာ ၂၀၀ ကေဗွီအေ ခြောက်လုံးနဲ့ ၅၀၀ ကေဗွီအေ တစ်လုံးကို သကြ်ံနမတိုင်ခင်မှာပဲ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ ၁၁ ကေဗွီလိုင်းဆို လေးမိုင်ခွဲလောက်ရှိပါတယ်။ လက်ရှိတည်ဆောက်ထားတဲ့ ၁၁ ကေဗွီလိုင်းတွေက ထိမှုခိုက်မှုများနိုင်တာကြောင့် အခုနောက်ပိုင်း တည်ဆောက်နေတဲ့ ကာဗာပါတဲ့ insulation ပါတဲ့ ကြိုးတွေနဲ့ တည်ဆောက်တယ်။ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေဆိုလည်း အကုန်လုံး ကာဗာပါတဲ့ကြိုးတွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ ICU (အထူးကြပ်မတ်ဆောင်) ကျတော့ အလွန်အရေးကြီးတာဖြစ်တဲ့ အတွက်ကြောင့် ပါဝါပေးတဲ့နေရာမှာ သီးသန့် OLTC (On Load Tap Changer ) လို့ခေါ်တဲ့ ဗို့အားကို တည်ငြိမ်စွာပေးနိုင်တဲ့ ထရန်စဖော်မာကို တပ်ဆင်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ဒီနေရာမှာ မီးပျက်ခဲ့ရင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၅၀၀ ကေဗွီအေ မီးစက်ကြီး နှစ်လုံး၊ ၂၅၀ ကေဗွီအေ တစ်လုံး၊ ၁၅၀ ကေဗွီအေ တစ်လုံး စုစုပေါင်း လေးလုံး ချထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ကိုဗစ်-၁၉ ကုသရေးစင်တာကြီး ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့က ဒီစင်တာကြီးတစ်လျှောက်လုံး လည်ပတ်ဖို့ အင်အားတွေ ထပ်မံဖြည့်သွင်းရပါတယ်။ ဖောင်ကြီးမှာ လက်ထောက်အင်ဂျင်နီယာလောက်ပဲရှိတာမို့ လှည်းကူး၊ မှော်ဘီနဲ့ အင်းစိန်က အင်အားတွေပါ ထပ်မံဖြည့်တင်း ဆောင်ရွက်ထားပါတယ်။ မီးစက်မှာဆိုရင်လည်း မီးစက်ကျွမ်းကျင်ပညာရှင်တွေ ဆက်လက်ထားရှိပေးသွားပါမယ်။ အခုလို အချိန်တိုလေးအတွင်းမှာ ရန်ကုန်တိုင်း တစ်တိုင်းလုံးမှာရှိတဲ့ အင်အားတွေ စုပေါင်းတည်ဆောက်ပေးနိုင်တဲ့အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်တို့ YESC အနေနဲ့ ဂုဏ်ယူမိပါတယ်။

**ဒေါ်ရူပါစိုး (အထွေထွေမန်နေဂျာ)**
**Global Technology Group , 5BB**

ကျွန်မတို့ ကိုဗစ်-၁၉ medical Center ကြီးမှာ 5BB ဝိုင်ဖိုင်နက်ဝက်ခ်တွေကို မြန်နှုန်းမြင့်အနေနဲ့ တစ်ပတ်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့ Global Technology Group အနေနဲ့ ကိုဗစ်-၁၉ ကုသရေးဌာန ဆောင်ရွက်မယ်လို့ ကြားသိရကတည်းက ကျွန်မတို့အနေနဲ့ PPE ဝတ်စုံတွေ၊ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို လှူဒါန်းခဲ့ပါတယ်။ နောက် ကျွန်မတို့ ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး) မှာ ဧပြီ ၇ ရက်ကတည်းက ဆာဗေးဆင်းပြီးတော့ ဧပြီ ၉ ရက်မှာ စတင်လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ 5BB ဝိုင်ဖိုင်နက်ဝက်ခ်တွေကို တစ်ပတ်အတွင်းမှာပဲ ရာနှုန်းပြည့် မြန်နှုန်းမြင့် ပြီးစီးခဲ့ပြီး ဧပြီ ၁၆ ရက်မှာ လုပ်ငန်းအပ်နှံခဲ့ပါတယ်။ ကျွန်မတို့က ICU အခန်းတွေနဲ့ လူနာတွေထားရှိမယ့် အခန်းတွေကို အဓိကဦးစားပေး ဆောင်ရွက်ပြီးဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*



ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနရှိ လူနာများ ထားရှိရန် ခတ္တာဆောင်၊ သဇင်ဆောင်များ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# မြန်မာနှာခေါင်းလန်မျောက်နှင့် အခြားမျိုးသုဉ်းမည့် အန္တရာယ်နှင့် ကြုံတွေ့နေရသော မျိုးစိတ်များ ထိန်းသိမ်းရန် အီမောဘွန်းဒေသကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်

**မြစ်ကြီးနား ဧပြီ ၂၃**

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်အတွင်း၌သာ တွေ့ရှိရသည့် မြန်မာနှာခေါင်းလန်မျောက်နှင့် အခြားမျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံတွေ့နေရသော တိရစ္ဆာန်မျိုးစိတ်များအား ထိန်းသိမ်းရန် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်အတွင်းရှိ မြေဧရိယာ ၃၈၆၁၇၆ ဧက အကျယ်အဝန်းကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ အီမောဘွန်းအမျိုးသားဥယျာဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ယခုနှစ် မတ် ၃၀ ရက်တွင် တရားဝင်သတ်မှတ်ပေးခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့-မြန်မာ (FFI) မှ သိရသည်။

ရုပ်ဆင်းအင်္ဂါ ထူးဆန်းသောအသွင်အပြင်ရှိသည့် မြန်မာနှာခေါင်းလန်မျောက်များ၏ နေရင်းဒေသမှာ မကြာမီ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့သော မေခမြစ်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်အတွင်းရှိ အီမောဘွန်းအမျိုးသားဥယျာဉ်ဖြစ်ပြီး အဆိုပါ မြန်မာနှာခေါင်းလန်မျောက်မျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) က မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့-မြန်မာ (FFI)မှ ကချင်ပြည်နယ်စီမံကိန်းမန်နေဂျာ ဦးငွေလွင်က "အသစ်တည်ထောင်လိုက်တဲ့ အီမောဘွန်းအမျိုးသားဥယျာဉ်ဟာ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိတဲ့ နှာခေါင်းလန်မျောက်မျိုးစိတ်တွေအတွက် အသက်ကယ်ကြိုးတစ်ချောင်းလို့ တင်စားခေါ်ဝေါ်နိုင်ပါတယ်။ အခုလိုမျိုး သဘာဝထိန်းသိမ်းရေးနယ်မြေထူထောင်နိုင်ခြင်းဟာ မြန်မာနိုင်ငံရဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး တောရိုင်းတိရစ္ဆာန်တွေ တရားမဝင်ကူးသန်းရောင်းဝယ်မှုကနေ ကာကွယ်ဖို့အတွက်လည်း ပိုမိုထိရောက်စွာဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနှာခေါင်းလန်မျောက်မျိုးစိတ်ကို အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့က မေခမြစ်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ရှိ အီမောဘွန်းဒေသ၌ ၂၀၁၀ ပြည့်နှစ်အတွင်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့-မြန်မာ (FFI) မှ သိရသည်။

"သစ်တောတွေ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ထုတ်လမ်းတွေ ဖောက်လုပ်ခြင်းနဲ့ အမဲလိုက်ခြင်း လုပ်ငန်းတွေလုပ်ဆောင်တာက နှာခေါင်းလန်မျောက်မျိုးစိတ်တွေသာမက အခြားသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေရဲ့ နေရင်းဒေသဂေဟစနစ်နဲ့ သူတို့ရဲ့ ရေရှည်ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် နှာခေါင်းလန်မျောက်မျိုးစိတ်တွေအပြင် မျိုးသုဉ်းမယ့်အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခြားသော တိရစ္ဆာန်မျိုးစိတ်တွေ ရေရှည်ရှင်သန်ရပ်တည်နိုင်ဖို့ သူတို့မှီတင်းနေထိုင်ရာဖြစ်တဲ့ အီမောဘွန်းအမျိုးသားဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်တွေအတွက် လိုအပ်တဲ့ အရင်းအမြစ်တွေကို ဆက်လက်ပံ့ပိုးပေးသွားဖို့ အရေးကြီးပါတယ်" ဟု ဦးငွေလွင်က ဆက်လက်ပြောကြားခဲ့သည်။

အီမောဘွန်းအမျိုးသားဥယျာဉ်သည် ဝေးလံခေါင်သီသည့် တောင်ပေါ်တောဧရိယာ ၁၅၀၀ စတုရန်းကီလိုမီတာကျော် (ဧက ၃၈၀၀၀၀ ကျော်)ကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါ သဘာဝထိန်းသိမ်းရေးနယ်မြေတွင် တောင်ပေါ်တောအမျိုးအစားများ ကြွယ်ဝစွာပေါက်ရောက်လျက်ရှိပြီး ယင်းဧရိယာအဝန်းအဝိုင်းအတွင်း၌ နှာခေါင်းလန်မျောက်မျိုးစိတ်အပြင် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ကြုံတွေ့နေရသော ပန်ဒါနီနှင့် သားမင်းကဲ့သို့သော မျိုးစိတ်များ၊ လုပသော ရစ်မျိုးစိတ်များလည်း နေထိုင်ကျက်စားကြောင်း သိရသည်။

**သတင်း- ပိန်းဇလုပ်သိန်းညွှန့်**

---

*စာမျက်နှာ ၈ မှ*

ဒီလိုအချိန်ကာလမှာ Stay at Home တွေ၊ Work from Home တွေ ရှိနေတာကြောင့် Mobile Traffic တွေဖြစ်တယ်။ ဒီမှာဆို Video Conferencing တွေ၊ ရီမုကွန်ထရိုးတွေ၊ ခာတ်ခွဲစမ်းသပ်ခန်းတွေနဲ့ X-Ray တွေမှာလည်း သုံးနိုင်အောင် အမြန်ဆုံးဆောင်ရွက်ပေးခဲ့ပါတယ်။ တပ်ဆင်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တွေဆို Video Conferencing တွေ လုပ်ရမယ်။ နောက် ဒီထဲမှာရှိနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ အခြားဝန်ထမ်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ လူနာတွေ ဆက်သွယ်မှု အမြန်ဆုံး အဆင်ပြေနိုင်အောင်ပါ။ Video Conferencing တွေဟာ နိုင်ငံခြားက ဆရာဝန်တွေ၊ နည်းပညာရှင်တွေနဲ့ လုပ်ငန်းလုပ်တဲ့အခါ အများကြီးကို လိုအပ်ပါတယ်။ အဲဒီအတွက် လျင်မြန်စွာအသုံးပြုနိုင်အောင် လာရောက်တပ်ဆင်လှူဒါန်းခြင်း ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)မှာ ကျွန်မတို့ တစ်ဦးတစ်ယောက်တည်းတင် မဟုတ်ဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးစီးပြီးတော့ အစိုးရဌာနတွေရဲ့ အင်အား၊ ကုမ္ပဏီတွေရဲ့အင်အား၊ ပရဟိတ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အင်အားတွေ၊ တပ်မတော်ဆေးအဖွဲ့၊ လူမှုအဖွဲ့အစည်းတွေရဲ့အားတွေလည်း ပါပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေက ငွေကြေးအင်အားစိုက်ထုတ်ပြီး ပါဝင်ကူညီတယ်ဆိုပေမယ့် ဒီထဲမှာရှိနေတဲ့ ဝန်ထမ်းတစ်ယောက်ချင်းစီရဲ့အင်အား၊ အလုပ်သမားတစ်ယောက်ချင်းစီရဲ့ အင်အားကိုလည်း ကျေးဇူးတင်ရမှာပါ။ သူတို့ရဲ့ ကျန်းမာရေး၊ သူတို့ရဲ့ မိသားစုတွေကို ပစ်ထားပြီး ပါဝင်ပံ့ပိုးကူညီလို့သာ အချိန်တိုအတွင်း ပြီးစီးတာပါ။

**ဒေါက်တာအောင်မြင့်မော်**
**(ဒုတိယဌာနမှူး-ညွှန်ကြားရေးမှူး)**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သန့်ရှင်းရေးဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)မှာ လူနာတွေက အသုံးပြုပြီး နောက်ဆုံး ထွက်လာမယ့် အမှိုက်တွေ စွန့်ပစ်ပစ္စည်းတွေကို မီးရှို့မယ့် မီးရှို့စက်နဲ့ အရေးပေါ် မရှိမဖြစ် လိုအပ်လာရင် အသုံးပြုနိုင်ဖို့ မီးသင်္ဂြိုဟ်စက် တည်ဆောက်နေတာဖြစ်ပါတယ်။ လက်ရှိနေရာနဲ့ သုံးမိုင်လောက်ဝေးတဲ့ ချိုင့်ထဲမှာ လုပ်ထားပါတယ်။ အဆောက်အဦကတော့ ၅၅ ပေ x ပေ ၆၀ ကို လေဝင် လေထွက်ကောင်းအောင် လုပ်ထားပါတယ်။ အမှိုက်မီးရှို့တဲ့ဖိုကို ကျွန်တော်တို့ နှစ်မျိုးခွဲထားပါတယ်။ တစ်နာရီမှာ အမှိုက်တန်ချိန် ၀ ဒသမ ၂၅ တန်ချိန် ရှို့နိုင်အောင် ထားတယ်။ မီးအပူချိန်ကတော့ ၄၀၀ ဒီဂရီစင်တီဂရိတ်နဲ့ ၆၀၀ ဒီဂရီစင်တီဂရိတ်ကြားမှာ ရအောင် လုပ်ထားတယ်။ အမှိုက်မီးရှို့ဖိုက အလျား ၁၄ ပေ၊ အနံ ၁၆ ပေ ၊ အမြင့် ၁၁ ပေဖြစ်တယ်။ မီးရှို့ဖို့ နှစ်မျိုးခွဲထားတာက တစ်မျိုးက ရိုးရိုးထွက်တဲ့ အမှိုက်တွေ ရှို့ဖို့ ခွဲထားတယ်။ ဒုတိယတစ်မျိုးက လူနဲ့မထိအောင် Chemical တွေ ပါလာမယ်၊ ကူးစက်တွေပါလာမယ်။ ဒါမျိုးအရာတွေကို လက်နဲ့မထိဘဲ တိုက်ရိုက်တင်တဲ့စနစ်နဲ့ သီးခြားရှို့နိုင်အောင် နှစ်ပေါက် နှစ်ဖိုခွဲထားပါတယ်။ နောက်တစ်ခုက သုံးပေါက်တွဲ မီးသင်္ဂြိုဟ်စက်ပါ။ ရုတ်တရုတ် တိမ်းပါးသွားရင် Service ပေးနိုင်အောင် ထားထားတဲ့ သဘောပါ။ သူကတော့ အလျား ၂၄ ပေ၊ အရှေ့အနောက် ၁၆ ပေ၊ အမြင့်က ၁၂ ပေပါ။ သူ့မှာလည်း ထူးခြားတဲ့စနစ် ပါပါတယ်။

အမှိုက်မီးရှို့တဲ့စနစ်မှာ ထူးခြားတာက မီးရှို့ပြီးရင် ပြာတွေထွက်လာမယ်။ အဲဒီပြာတွေကို လေထဲမှာတင် အနည်ထိုင်ဖို့ ကန်တစ်ကန်ထည့်ထားတယ်။ နောက် တရုတ်ကိုအပ်ပြီး သူကပေးတဲ့ဒီဇိုင်းနဲ့ လေသန့်စင်စနစ်ကို ထည့်ထားတယ်။ သူ့စနစ်က မီးခိုးဝင်လာရင် ပထမတစ်ကြိမ် မီးသွေးကို ဖြတ်မယ်။ ဒုတိယတစ်ကြိမ်လည်း မီးသွေးထဲ ထပ်ဖြတ်မယ်။ ပြီးရင် ရေထဲကို ဖြတ်မယ်။ ရေထဲဖြတ်ပြီး ဆိုဒီယမ်ဟိုက်ဒြော်ဆိုက်ကို ဖြတ်မယ်။ အဲဒီလိုဖြတ်ပြီးမှ အပြင်ကို လေထွက်သွားမယ်ဆိုရင် အဲဒီလေက အမှုန်အမွှားမပါ၊ အနံ့မပါတော့ဘူး။ မီးခိုးအရောင်သည်လည်း အမည်းရောင်မထွက်တော့ဘဲ အဖြူရောင်ပဲ ထွက်ပါလိမ့်မယ်။ အမှိုက်ရှို့ မီးခိုးခေါင်းတိုင်အမြင့်ကိုလည်း ပေ ၃၀ အထိ ယူထားပါတယ်။

ဥပမာ-မီးဖိုတစ်ဖို ဆောက်ရင် ခြောက်လလောက်ကြာပါတယ်။ အဆောက်အဦဆို နှစ်လလောက်ကြာပါတယ်။ နေ့ရော၊ ညရော၊ မနက်ပိုင်းရော သုံးဂျူတီခွဲပြီးတော့မှ ၈ နာရီသုံးဆိုင်းနဲ့ လုပ်တာ ဧပြီ ၂၁ ရက်မှာပဲ ပြီးသွားပါပြီ။ မနက်ဖြန်၊ သန်ဘက်ခါဆို အမှိုက်ကို မီးရှို့လို့ရတဲ့ အနေအထားဖြစ်ပါပြီ။

**ဦးအောင်ဝင်း**
**(စည်းကမ်းထိန်းသိမ်းဌာန - တာဝန်ခံ)**
**ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ကွပ်ကဲမှု**
**အာဏာပိုင်အဖွဲ့ (YRTA)**


ကိုဗစ်-၁၉ ကုသရေးဌာန ဖောင်ကြီးဆေးရုံအတွက် ကုန်စည်တင်ယာဉ်အစီး (၆၀) စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒီနေ့ချိန်ထိ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး ယာဉ်စီးရေ (၇၀၀) ခန့်ကို စီမံဆောင်ရွက်လျက် ရှိပါတယ်။ အလားတူ ကိုဗစ်-၁၉ ကုသရေးဌာနမှာရှိတဲ့ ဆောက်လုပ်ရေးလုပ်သား ၆၆၇ ဦးအတွက် မနက်၊ နေ့လယ်၊ ညစာတွေကို စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ နောက် ဖောင်ကြီးမှာပဲ YRTA အနေနဲ့ ၁၀ ယောက်ပါတဲ့ အဖွဲ့ငယ်ကို တွဲဖက်ထားရှိပြီး ယာဉ် (၈) စီးနဲ့အတူ ကျန်းမာရေးဝန်ထမ်းများနဲ့ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးရုံစတင်ဖွင့်လှစ်ပြီးရင်လည်း လူနာများနဲ့ပတ်သက်ပြီး ကြိုပို့လုပ်ငန်းတွေ၊ ကျန်းမာရေးဝန်ထမ်းများနဲ့ ပတ်သက်ပြီး အုပ်ချုပ်မှုပိုင်းအနေနဲ့ လိုအပ်တဲ့ ယာဉ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ထမ်းများ အထောက်အကူပြုရေးအဖွဲ့မှာ တာဝန်ယူပေးနေပါတယ်။ ကိုဗစ်-၁၉ ကုသရေးဌာန စတင်တည်ဆောက်ကတည်းက တာဝန်ယူခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်းများရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ သယ်ယူပို့ဆောင်ရေးတာဝန်ကို ထမ်းဆောင်ပေးပါတယ်။ ကျန်းမာရေးဝန်ထမ်း ၁၄၇ ယောက်အတွက် မြောက်ဥက္ကလာပမြို့နယ် သန္တာအိမ်ရာမှာ သုံးထပ်တိုက် လေးလုံး၊ River View Condo နဲ့ ဦးဝိစာရအဝိုင်းအနီး Golden View မှာ နေရာချထားပြီး ပြင်ဆင်ပေးပါတယ်။ စားသောက်ရေးနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အစိုးရဆေးရုံတွေ၊ ဆေးတက္ကသိုလ်(၂) နဲ့ အခြားစုရပ် စုစုပေါင်း ၁၈ နေရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေအတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ မတ်လ ၃၀ ရက်ကနေ ဒီနေ့အထိ ထမင်းဘူးပေါင်း ၂၉၆၀၈ ဘူး၊ ဆောက်လုပ်ရေးဝန်ထမ်းတွေအတွက် ၁၃၈၈၁ ဘူးကို စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေ သွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက် Quarantine ခရီးသည်များ၊ လေဆိပ်နှင့် အဝေးပြေး၊ ဘူတာကြီးစတဲ့ နေရာများအထိ ခရီးသည်များ ကြိုပို့ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေး စတာတွေကို နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်။ ယနေ့အထိ ကြိုပို့ယာဉ် အစီး ၁၈၀၊ စားသောက်ရေးအတွက် ၂၀၈ စီး၊ Quarantine ခရီးသည်တွေအတွက် ၇၄ စီး၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ၁၀၁ စီး ဆောင်ရွက်ပေးထားပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ။**

Facebook သည် အနိုင်ကျင့်ခြင်း သို့မဟုတ် အရှက်ခွဲခြင်းကို လုံးဝသည်းမခံပါ။ အသုံးပြုသူများအား အများနှင့်ဆိုင်သော အကြောင်းအရာ ကိစ္စရပ်များကို လွတ်လပ်စွာပြောဆိုခွင့် ပေးထားပါသည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ နိုင်ထက်စီးနင်း နှောင့်ယှက်ခြင်းများအပေါ် တိုင်ကြားချက်များအား အရေးယူပါသည်။



# ပလက်ဝမြို့အတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် မြန်မာ့စီးပွားရေးဘဏ်မှဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၂၃**

ချင်းပြည်နယ်၊ ပလက်ဝမြို့အတွင်းသို့ ယမန်နေ့ညနေပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်မှုကြောင့် မြို့တွင်းရှိ မြန်မာ့စီးပွားရေးဘဏ်အနီး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဘဏ်ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် ပလက်ဝမြို့၏ အနောက်ဘက် မီတာ ၆၀၀ ခန့်အကွာရှိ မြို့ဦးစေတီကုန်းအနီးတစ်ဝိုက်မှ ယမန်နေ့ညနေ ၄ နာရီခန့်တွင် မြို့အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ပလက်ဝမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၏ အနောက်ဘက် ၅ ပေခန့်အကွာနေရာ၌ ကျရောက်ပေါက်ကွဲခဲ့ပြီး ဘဏ်ဝန်ထမ်းများဖြစ်သည့် ဦးကျော်စွာထိုက်(ငွေကိုင်)၏ ဇနီး ဒေါ်အေးသန္တာ၊ အသက် ၂၅ နှစ်၊ သမီးဖြစ်သူ မလွဲလွဲ၊ အသက် လေးနှစ်နှင့် ဦးသိန်းနိုင်(ညစောင့်)၏သား မောင်လူအေး၊ အသက် ၂၂ နှစ်တို့ သေဆုံးခဲ့ပြီး ဦးလှသိန်းမောင်(ကြီးကြပ်ရေးမှူး)၊ အသက် ၅၂ နှစ်နှင့် ဦးလောဟာတင့်(ဒုတိယကြီးကြပ်ရေးမှူး)၊ အသက် ၄၅ နှစ်တို့ ၂ ဦးမှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူများအား ပလက်ဝမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မင်းပြားမြို့နယ်အတွင်း CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်အား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်

**နေပြည်တော် ဧပြီ ၂၃**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ဖားပြုကျေးရွာအနီး အမ်းမြို့မှစစ်တွေမြို့ဘက်သို့ မောင်းနှင်လာသည့် CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဆေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်အား ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အမ်းမြို့မှ စစ်တွေမြို့ဘက်သို့ CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သည့် ယာဉ်မောင်း ဦးနွယ်နွယ်မောင်နှင့် ယာဉ်နောက်လိုက် မောင်ဟိန်းထက်ဦး လိုက်ပါလာသည့် CPS ပိုးသတ်ဆေးကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင်လာသည့် Hijet အမျိုးအစားမော်တော်ယာဉ်အား ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဖားပြုကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀ ခန့်အကွာသို့အရောက် AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ယာဉ်မောင်းဖြစ်သူမှာ နဖူးသို့ လက်နက်ငယ်ကျည်ထိမှန် သေဆုံးခဲ့ပြီး မောင်ဟိန်းထက်ဦးမှာလည်း ဝမ်းဗိုက်သို့ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် မော်တော်ယာဉ်မှာ လမ်း၏အနောက်ဘက်ရှိ သစ်ပင်ကိုဝင်တိုက်၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိသူ မောင်ဟိန်းထက်ဦးအား မင်းပြားပြည်သူ့ဆေးရုံသို့ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် လေပြင်းများတိုက်ခတ်၍ အဆောက်အဦများပျက်စီး၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ဧပြီ ၂၁ ရက်တွင် ကချင်ပြည်နယ် မြို့နယ်လေးခု၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၃၇ လုံး၊ ဘာသာရေးအဆောက်အဦသုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မြို့နယ်နှစ်ခု၌ နေအိမ်သုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်သုံးခု၌ နေအိမ် ၁၉ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၇၅ လုံး၊ ဘာသာရေးအဆောက်အဦသုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မြို့နယ်နှစ်ခု၌ နေအိမ်လေးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၁၄ ခု၌ နေအိမ်ခုနစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၄၃၀၊ ဘာသာရေးအဆောက်အဦ ၁၅ လုံး၊ အခြားအဆောက်အဦတစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားသည်။

အလားတူ ဧပြီ ၂၂ ရက်တွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားသည်။

သို့ဖြစ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှု ဖြစ်ပွားရာနေရာများသို့ သွားရောက်ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ **(အောက်ဝဲပုံ)** ဧပြီ ၂၃ ရက်တွင် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများအတွက် စုစုပေါင်းငွေကျပ် ၄၂၀၀၀၀၀ ကျော် (ကျပ်သိန်းလေးရာ့နှစ်ဆယ်ကျော်) ထောက်ပံ့ထားရှိပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ပြည်သူလူထု အနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းလပ်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၁ လုံး ထိခိုက်ပျက်စီး

**ကျိုင်းလပ် ဧပြီ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့၌ ယမန်နေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှ ၄ နာရီ ၁၅ မိနစ်အထိ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၁ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျိုင်းလပ်မြို့၊ ကျခမ်းကျောက်ကျေးရွာအုပ်စု၊ နမ့်ဆီး(အပေါ်)ရွာရှိ နေအိမ် ၁၀ လုံးနှင့် နမ့်ငွေ့ကျေးရွာရှိ နေအိမ်တစ်လုံး စုစုပေါင်း နေအိမ် ၁၁ လုံး ထိခိုက်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိသော်လည်း သက်ကယ်၊ သွပ်မိုး၊ ပျဉ်ထောင်အိမ်များ၊ ပြိုကျပျက်စီးခြင်းနှင့် အိမ်အမိုးများလန်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

# မော်လိုက်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ ပေးအပ်

**မော်လိုက် ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးက လေပြင်းတိုက်ခတ်မှုကြောင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းစိုးတို့က လေပြင်းတိုက်ခတ်မှုကြောင့် မော်လိုက်မြို့နယ်အတွင်း ပျက်စီးခဲ့သည့် အိမ်ထောင်စု ခြောက်စုအတွက် ထောက်ပံ့ငွေ စုစုပေါင်း ၃၃၂၇၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မော်လိုက်မြို့နယ်တွင် ဧပြီ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လောင်းကောင်းကျေးရွာ၊ ကင်းတပ်ကျေးရွာ၊ မော်လိုက်ကလေးကျေးရွာနှင့် မန်းကျည်းတန်းကျေးရွာတို့မှ အိမ်ထောင်စုခြောက်စုတို့မှာ နေအိမ်အမိုးများပျက်စီးခဲ့သည့်အတွက် ယင်းအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၃၃၂၇၀၀ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် သဘာဝဘေးကြောင့် ပျက်စီးမှုများရှိခဲ့လျှင် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများထံမှတစ်ဆင့် အမြန်ဆုံးတင်ပြသွားပါက ထောက်ပံ့မှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းစိုးက ပြောသည်။

**မော်လိုက်သားလေး**


## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၃** - နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# လောက်ကိုင်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ။

**နေပြည်တော် မေ ၂၃**

မေ ၂၂ ရက် မွန်းလွဲပိုင်းက လောက်ကိုင်မြို့နယ် တာရွှေထန်ကျေးရွာအုပ်စု ကြွယ်ပါးကျေးရွာ၏ အရှေ့တောင်ဘက်ရှိ အဆောက်အအုံပျက် အပေါ်ထပ် အုတ်နံရံအပေါက်တွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀ ကို တပ်မတော်က သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု ကုန်းညောင်ကျေးရွာ အနီးတွင် တွေ့ရှိသူ မျိုးဇော်နိုင်(ခ)အငဲ၊ လောက်အန်း(ခ)ချိန်ရှီးအန်း၊ အိုက်စိုင်းနှင့် မာနော်(ခ)ဆိုင်းလာတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ ငွေကျပ် ၃၀၀၀၀၊ ဖုန်းသုံးလုံးနှင့် ဆိုင်ကယ် သုံးစီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

**ဘာစီလိုနာကို နေမာ ပြောင်းရွှေ့ဖြစ်ခဲ့ပါက လုပ်ခလစာ လျှော့ယူဖွယ်ရှိ**

ဘရာဇီးတိုက်စစ်ကစားသမား နေမာသည် ၎င်းအနေဖြင့် ပီအက်စ်ဂျီအသင်းမှ ဘာစီလိုနာအသင်းသို့ ယခုနွေရာသီတွင် ပြန်လည်ပြောင်းရွှေ့ခဲ့ပါက လုပ်ခလစာ လျှော့ယူဖွယ်ရှိကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**အင်္ဂလန်အမျိုးသမီးနည်းပြအဖြစ်မှ ဖီးနဗီးလ် နုတ်ထွက်ဖွယ်ရှိ**

ဖီးနဗီးလ်သည် လာမည့်နွေရာသီတွင် အင်္ဂလန်အမျိုးသမီးနည်းပြအဖြစ်မှ နုတ်ထွက်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၄၃ နှစ်အရွယ်ရှိ မန်ယူနှင့် အဲဗာတန် ခံစစ်ကစားသမားဟောင်း နဗီးလ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် အင်္ဂလန်အမျိုးသမီးနည်းပြအဖြစ် ၂၀၂၁ ခုနှစ် နွေရာသီအထိ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ နဗီးလ်သည် အင်္ဂလန်အမျိုးသမီးအသင်းကို ၃၅ ပွဲ ကိုင်တွယ်ထားပြီး ၁၉ ပွဲ အနိုင်ရရှိကာ ၁၁ ပွဲအထိ ရှုံးနိမ့်ထားကြောင်း မှတ်တမ်းများအရ သိရသည်။

**ဘင်ချီဝဲလ်အား ခေါ်ယူရန် ချယ်လ်ဆီး စိတ်ဝင်စား**

ပီအက်စ်ဂျီအသင်းသည် ပေါ်တိုအသင်းမှ ဘယ်ခံစစ်ကစားသမား တဲလ်လက်စ် အား ခေါ်ယူရန် နီးစပ်နေသည့်အတွက် ချယ်လ်ဆီးအသင်းအနေဖြင့် အဆိုပါကစားသမားကို လက်လွှတ်ရဖွယ်ရှိနေသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် လက်စတာအသင်းမှ အင်္ဂလန်ဗဟိုခံစစ် ကစားသမား ဘင်ချီဝဲလ် (၂၃နှစ်) ကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

**ရှိဒရီဂွက်ဇ်ကို ခေါ်ယူရန် ရီးရဲနှင့် ဆွေးနွေးမှုများပြုလုပ်**

အင်တာမီယာမီအသင်းပိုင်ရှင် ဒေးဗစ်ဘက်ဟမ်းသည် ကိုလံဘီယာကစားသမား ဂျိမ်းစ်ရှိဒရီဂွက်ဇ် (၂၈နှစ်) ကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး ရီးရဲမက်ဒရစ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားကို အာဆင်နယ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများထွက်ပေါ်ထားသူဖြစ်သည်။

**ညာခံစစ်ဖြည့်တင်းရန်အတွက် အူရီယာအား ရောင်းထုတ်သွားရန် ပြင်ဆင်**

စပါးအသင်းသည် အသင်း၌ အသက် ၂၇ နှစ်အရွယ် အိုင်ဗရီကို့စ်ကစားသမား ဆာ့ဂ် အူရီယာ၏ အနာဂတ်နှင့်ပတ်သက်ပြီး သံသယအနေအထားတွင်ရှိနေပြီး ညာခံစစ်အင်အားကို ဖြည့်တင်းရန်အတွက် အူရီယာအား ရောင်းထုတ်သွားရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆန်ခိုအား ခေါ်ယူရေးတွင် အေတီမက်ကို ယှဉ်ပြိုင်သွားရမည်**

ချယ်လ်ဆီးအသင်းသည် စတုတ်စီးတီးအသင်းမှ အသက် ၁၆ နှစ်အရွယ် နယ်သာလန် ယူ-၂၁ ကစားသမား မိုဟာမက် ဆန်ခိုကို ခေါ်ယူရေးတွင် အက်သလက်တီကို မက်ဒရစ်အသင်းကို ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အာသာအား ခေါ်ယူရန်အတွက် အင်တာမီလန်နှင့်အပြိုင် ကမ်းလှမ်းသွားမည်**

စပါးအသင်းသည် ဘာစီလိုနာအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အာသာ (၂၃နှစ်)အား ခေါ်ယူရန်အတွက် အင်တာမီလန်အသင်းနှင့်အပြိုင် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြန်မာ့ရုပ်မြင်သံကြား

၂၄ . ၄ . ၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ – Breakfast News
- ၇:၃၅ – MRTV Travelogue " ရွှေသောင်ယံသို့ ခရီးသွားခြင်း" (အပိုင်း– ၁၂ )
- ၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
- ၉:၂၀ – မျက်မှောက်ရေးရာ အဖြာဖြာ
- ၁၀:၃၀– "Flowers and Butterflies"(Season– 2) (အပိုင်း– ၁၀၇ + ၁၀၈)
- ၁၁:၄၀– လူမှုစီးပွားမြင်ကွင်းများ
- ၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၃၅)
- ၁၃:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်မှုရှာပုံတော် " (အပိုင်း– ၃၉)
- ၁၅:၃၀ – "ကမ္ဘာ့မူပိုင်ခွင့်နေ့ အထိမ်းအမှတ် စကားဝိုင်း "

**ညပိုင်း**

- ၁၆:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၈:၃၅– ပြည်သူ့အကျိုးပြု မှတ်တိုင်များ "တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင် " (သန့်ရှင်းသောရေပေးဝေမှု)
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
  - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထဲရေးဝန်ကြီးဌာန)
  - မြန်မာဗီဒီယိုဇာတ်လမ်း " ဆူးနှစ်နှလုံးသား "
  - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ မေ ၇ ရက်မှ ၁၂ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ ၁၈ မိုင်–ကျိုင်းခမ်းသွားလမ်းတွင် အင်သစ် ၄ ဒသမ ၈၄၄ တန်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာအနီး တရားမဝင်စုပုံထားသော သစ်အယ်သစ် ၂ ဒသမ ၁၃၀၂ တန်၊ လယ်ဝေးမြို့နယ်၊ အောင်မင်းရွာမြောက်ဘက် နေရာ၌ တရားမဝင် သံသေခွဲသား ၁၀ ဒသမ ၉၅၄၆ တန် ၊ မန္တလေး–မိုးကုတ်သွားကားလမ်း အရှေ့ဘက် တရားမဝင်အင်သစ် ၃ ဒသမ ၄၁၄ တန် ၊ မင်းဘူးမြို့နယ် ရှောက်ချောင်းချောင်အနီးတွင် တရားမဝင်အခြားခွဲသား ၄ ဒသမ ၂၆၈၆ တန်နှင့်အတူ တရုတ်အင်ဂျင် နှစ်လုံးကို ဖမ်းဆီးရမိသည်။

ထို့အပြင် ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် ပေါက်မြို့နယ် ကျောကြိုးဝိုင်း၊ အကွက်အမှတ်(၂၈)မှ အင်ခွဲသား ၀ ဒသမ ၇၉၉၈ တန်၊ ထောက်ကြံ့ခွဲသား ၀ ဒသမ ၂၀၀၀ တန်နှင့် သပြေခွဲသား ၀ ဒသမ ၀၆၀၀ တန်နှင့် ကျောကြိုးဝိုင်း အကွက်အမှတ်(၂၅)အတွင်း တရားမဝင် သစ်ယာခွဲသား ၀ ဒသမ ၁၄၀၀ တန်၊ ထောက်ကြံ့ခွဲသား ၀ ဒသမ ၉၈၀၈ တန် ၊ ဥက္ကံတောင်နယ်မြေ၊ သပြေပင်ရေဆိပ် နေရာ၌ တရားမဝင် သံသေ/ ဖက်ဝန်း/ မှိုက်/ပျဉ်းမ/ဘိုင်/ တောင်လက်ခုတ်သစ် ၉ ဒသမ ၁၁၈ တန်နှင့် အခြားသားထင်း ၅ ဒသမ ၃၈၅၆ တန်၊ ကလေးဝမြို့နယ် မထုကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၁၁၄၈ တန်၊ ချိန်းဆောနှစ်လုံး၊ ကသာခရိုင် ဂဟဲကြိုးဝိုင်း အကွက်အမှတ် (၃၇)အတွင်းမှ ကျွန်းသစ် ၁၂ ဒသမ ၉၀၂၈ တန်၊ သစ်စက်အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ၊ လက်ပံတန်းမြို့နယ် မြောက်ဇောမရီကြိုးဝိုင်း အကွက်အမှတ် (၇၅)အတွင်း တရားမဝင် ကျွန်းသစ် ၅ ဒသမ ၈၃၀၀ တန် ပဲခူးမြို့နယ် တောင်ဇောမရီကြိုးဝိုင်း အကွက်အမှတ်(၈၊ ၁၁၊ ၁၄၊ ၁၅၊ ၁၇၊ ၂၄၊ ၃၃)အတွင်း တရားမဝင် သစ်ခွဲသား ၇၀ ဒသမ ၀၀၄၂ တန်ကို ဖမ်းဆီးရမိသည်။

အလားတူ တန့်ဆည်မြို့နယ် ပကာကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းနှင့် နေအိမ်ခြံဝင်းအတွင်းမှ မော်တော်ယာဉ်သုံးစီးနှင့်အတူ တရားမဝင် ကျွန်း/ပျဉ်းကတိုး/ သစ်ယာ/ အင်ခွဲသား ၃၀ ဒသမ ၀၈၀၂ တန်နှင့် အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ တန့်ဆည်မြို့နယ်အတွင်းရှိ ပကာရွာ၊ အိုက်မရွာ၊ ခေါင်ယာရွာအတွင်းနှင့် ရွာမုံတောင် ကြိုးပြင်ကာကွယ်တော၊ ပေါင် ကတောင်ကြိုးဝိုင်းအတွင်းမှ ခြောက်ဘီးကားတစ်စီး၊ တုန်ဖုန်းကားနှစ်စီး၊ သစ်စက် သုံးလုံးနှင့် သစ်မျိုးစုံ စုစုပေါင်း ၅၆ ဒသမ ၇၈၀၈ တန်၊ အင်မျော ၂၅၅ လုံး၊ သစ်စက်အင်ဂျင်သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများနှင့် ဆက်စပ်ပြစ်မှုကျူးလွန်သူရှစ်ဦး ၊ စဉ့်ကူးမြို့နယ်တွင် တရားမဝင် ကျွန်းခွဲသား ၀ ဒသမ ၉၀၃၆ တန်နှင့် အင်ခွဲသား ၂ ဒသမ ၇၆၂၂တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးတို့အား ဖမ်းဆီးရမိခဲ့၍ သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ပြီး ဖမ်းဆီးပစ္စည်းများကို မြို့မပျိုးဥယျာဉ်တွင် သယ်ယူသိမ်းဆည်းထားပြီး ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ရန်ကုန်–နေပြည်တော် အမြန်လမ်းပိုင်း၌ ရှေ့ဘီးပေါက်သည့်ယာဉ်တစ်စီး တံတားအောက်သို့ ထိုးကျတိမ်းမှောက်

**ရေတာရှည် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကို ဖြတ်သန်းသွားသော ရန်ကုန်–နေပြည်တော် အမြန်လမ်းပိုင်းတွင် မေ ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်က မိုင်တိုင် ၁၇၁/၀ အနီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သာဂရအမြန်လမ်းရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်စွာလတ်နှင့်အဖွဲ့သည် အမြန်လမ်းမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးထွန်းလှိုင်ကျော် ဦးစီးအဖွဲ့တို့ ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်–နေပြည်တော် လမ်းအတိုင်း တောင်မှမြောက်သို့ ကိုအောင်သက်ဦး (၄၀ နှစ်) လေးထောင့်ကန်ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်ပြီးအမျိုးသမီးသုံးဦး လိုက်ပါလာသောယာဉ်သည် အခင်းဖြစ် နေရာအနီးအရောက် ရှေ့ဝဲဘက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တံတားပေါင်အား ဝင်တိုက်မိပြီး တံတားအလယ်အောက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။



**အရေးယူဆောင်ရွက်ထား**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကိုအောင်သက်ဦးတွင် ဒဏ်ရာများ ရရှိပြီး ယာဉ်မောင်းအား သာဂရအမြန်လမ်းရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

**ဓာတ်ပုံ – အမြန်လမ်းရဲတပ်ဖွဲ့**

# ဒီးမော့ဆိုတွင် ကားတစ်စီးတိမ်းမှောက် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**ဒီးမော့ဆို မေ ၂၃**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ရွှေယောက်ရပ်ကွက် နန်းစံဖူးချောင်းရေထွက်ပေါက်တံတားအနီးတွင် မေ ၂၂ ရက် ညနေပိုင်းက ဟိုက်ဂျက်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့သောကြောင့် ယာဉ်ပေါ်လိုက်ပါလာသူများ ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးသွားသည်။

ထွေလွီဘီလာကျေးရွာဘက်မှ ငွေတောင်ဆည်ဘက်သို့ မောင်းနှင်လာသော ဟိုက်ဂျက်ယာဉ်တစ်စီးမှာ ဒီးမော့ဆိုမြို့ ရွှေယောက်ရပ်ကွက် နန်းစံဖူးချောင်းရေထွက်ပေါက်တံတားအနီး ညာဘက်လမ်းဘေးရှိ အုတ်တိုင်ကို ဝင်ရောက်တိုက်မိခဲ့သောကြောင့် ယာဉ်တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးမြမောင်အပါအဝင် ကားပေါ်လိုက်ပါလာသော ကိုဝင်းကိုထွေး၊ စိုင်းခမ်းလိတ်တို့မှာ ဒဏ်ရာများရရှိခဲ့ပြီး ကိုအယ်လီစိုးမှာ ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားရာနေရာသို့ ငွေတောင်ပြည်နာရေးကူညီမှုအသင်းနှင့် ဖြူစင်မေတ္တာနာရေးကူညီမှုအသင်းက ဒီးမော့ဆိုဆေးရုံနှင့် လွိုင်ကော်ဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဒီးမော့ဆိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ဖိလစ်ပိုင်တောင်ပိုင်း၌ အဘူဆေရစ်ဖ်အကြမ်းဖက်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိတွေ့မှုဖြစ်ပွားရာ အကြမ်းဖက်သမားခြောက်ဦး သေဆုံး

**မနီလာ မေ ၂၃**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားသော တိုက်ပွဲတစ်ပွဲ၌ အဘူဆေရစ်ဖ်အကြမ်းဖက်သမားခြောက်ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက မေ ၂၃ ရက်တွင် ပြောကြားလိုက်သည်။

ဖိလစ်ပိုင်အနောက် မင်ဒါနာအိုစစ်ဌာနချုပ် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး အာဗင်အင်န်စီနက်စ်က နှစ်ဖက်ထိတွေ့မှုသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်တွင် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူပြည်နယ်၊ ပါတီကူလ်မြို့၏ ဝေးလံခေါင်သီသော ကျေးရွာတစ်ရွာတွင် ဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။

မိနစ် ၃၀ ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် အကြမ်းဖက်သမားများ ထွက်ပြေးသွားကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းလည်း စစ်ဘက်က ထပ်မံပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သော အဘူဆေရစ်ဖ်အကြမ်းဖက်သမားများသည် လွန်ခဲ့သော သောကြာနေ့က ပါတီကူးလ်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သော အကြမ်းဖက်အုပ်စု၏အဖွဲ့ဝင်များဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ သောကြာနေ့ တိုက်ခိုက်မှုတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ အနောက် မင်ဒါနာအိုစစ်ဌာနချုပ် ကွပ်ကဲရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး စီရီလစ်သိုဆို ဘီဂျာနာက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထွက်ပြေးသွားသော အကြမ်းဖက်သမားများနောက်သို့ ထက်ကြပ်မကွာ လိုက်လံနှိမ်နင်းခဲ့ကြောင်း ပြောကြားသည်။

အဘူဆေရစ်ဖ်အုပ်စုသည် အကြမ်းဖက် အုပ်စုငယ်တစ်ခုဖြစ်သော်လည်း ဖိလစ်ပိုင်တောင်ပိုင်းတွင် လှုပ်ရှားနေသော အုပ်စုဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်ရေးသမား ၄၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသော ၎င်းအဖွဲ့သည် ဆူလူနှင့် ဘာစီလန်ပြည်နယ်တို့တွင် ဗိုလ်ကျစိုးမိုးလျက်ရှိသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် ပြန်ပေးဆွဲမှုများ၊ အသေခံဗုံးခွဲမှုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချုံခိုတိုက်ခိုက်မှုများ၊ အပြစ်မဲ့ပြည်သူများကို ခေါင်းဖြတ်ကွပ်မျက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများနှင့် ဆက်ကြေးကောက်ခံမှုများကို မင်ဒါနာအိုဒေသ၌ ပြုလုပ်လျက်ရှိသည်။

ဆင်ဟွာ




အဘူဆေရစ်ဖ်စစ်သွေးကြွများ ၂၀၁၉ ခုနှစ် ဇန်နဝါရီလက ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျိုလိုကျွန်း၌ ဗုံးထောင်ဖောက်ခွဲခဲ့သည့်နေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံတွင် စီးပွားရေးပြန်လည်ထူထောင်ရန်နှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရန် သမ္မတ၏ အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်

**ကိုလံဘို မေ ၂၃**

သီရိလင်္ကာသမ္မတ ဂိုတာဘာရာရာဂျာပက်ဆာသည် ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး သမ္မတ၏အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ခန့်အပ်တာဝန်ပေးခဲ့ကြောင်း မေ ၂၃ ရက်သမ္မတရုံး ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ လုပ်ငန်းအဖွဲ့သည် ဆန်းသစ်သောတီထွင်မှုများကို အခြေခံပြီး တစ်မူထူးခြားသော စီးပွားရေးဖွဲ့စည်းမှုမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် သင့်တော်ရာ အဖွဲ့အစည်းများကို ကိုင်တွယ် ထိန်းကျောင်းရမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့ဗဟိုပြုစီးပွားရေးဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုများက ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်မှု ပြုခြင်းသည်လည်း လုပ်ငန်းအဖွဲ့၏ နောက်ထပ်တာဝန်တစ်ခုဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါအဖွဲ့အနေဖြင့် ပြည်သူများ၏ဘဝတည်ငြိမ်ပြီး ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သလို အဖွဲ့အစည်းများကြား ထိတွေ့ဆက်ဆံပြီး ထုတ်ကုန်များတိုးတက်အောင်လည်း လုပ်ဆောင်ရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် သီရိလင်္ကာနိုင်ငံတွင် ယခုရက်သတ္တပတ် အစောပိုင်းက ညမထွက်ရအမိန့်ကို ပြည်နယ်များစွာတွင် ဖြေလျှော့ပေးလိုက်ကြောင်း သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာရင်း စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံများကိုလည်း ပြန်လည်ဖွင့်လှစ်ရေး အားပေးထောက်ခံထားကြောင်းလည်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ညမထွက်ရအမိန့်ကို မတ် ၂၀ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့သည်။ ကိုဗစ်-၁၉ အတည်ပြုလူနာတွေ့ရှိမှု များပြားနေသောကြောင့် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ညမထွက်ရအမိန့်ကို ဆက်လက်ထားရှိထားသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ယခုအချိန်အထိ သီရိလင်္ကာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ ၃၀၀ ကျော်တွေ့ရှိခဲ့ပြီး ခုနစ်ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း သတင်း ရရ ှိသည်။

ဆင်ဟွာ




ကိုလံဘိုမြို့စွန်တစ်နေရာကို တွေ့ရစဉ်။

# နာဂါဆာကီမြို့၌ ဆိုက်ကပ်ထားသော အပျော်စီးဇိမ်ခံသင်္ဘောပေါ်မှ သင်္ဘောအမှုထမ်း ၄၈ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိ

**တိုကျို မေ ၂၃**

ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် ဆိုက်ကပ်ထားသည့် အပျော်စီးဇိမ်ခံသင်္ဘောပေါ်၌ အနည်းဆုံး သင်္ဘောအမှုထမ်း ၄၈ ဦး ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိခဲ့ကြောင်း အတည်ပြုချက်ထွက်ပေါ်လာခဲ့ကြောင်း ပြည်တွင်းအာဏာပိုင်များက မေ ၂၃ ရက်က ပြောကြားလိုက်သည်။

ကိုစ်တာအတ္တလန္တာသင်္ဘောသည် နာဂါဆာကီမြို့သို့ ပြင်ဆင်မှုများ ပြုလုပ်ရန် ဇန်နဝါရီလအစောပိုင်းက ပထမဆုံးရောက်ရှိလာခဲ့သည်။ အဆိုပါ သင်္ဘောပေါ်တွင် သင်္ဘောသား ၆၀၀ လိုက်ပါလာခဲ့သည်။

သင်္ဘောအမှုထမ်းပေါင်း ၂၀၀ မှ ၃၀၀ အထိ မေ ၂၃ ရက်တွင် စမ်းသပ်ပြီးဖြစ်ရာ ယခုရက်သတ္တပတ်ကုန်တွင် သင်္ဘောသားအားလုံး စမ်းသပ်မှုပြီးစီးမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

လွန်ခဲ့သော ရက်သတ္တပတ်က သင်္ဘောအမှုထမ်းတစ်ဦးက ဂျပန်အာဏာပိုင်များကို ဆက်သွယ်ပြီး သင်္ဘောပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ရှိ မရှိ စစ်ဆေးပေးရန် အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ကနဦးစစ်ဆေးမှု လေးခုလုပ်ပြီးနောက်တွင် တနင်္လာနေ့က ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုခဲ့သည်။ ဗုဒ္ဓဟူးနေ့အထိ စစ်ဆေးမှုပေါင်း ၅၇ ခုတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုတွေ့ရှိသူပေါင်း ၃၄ ဦး တွေ့ရှိခဲ့သည်။

မေ ၂၃ ရက်တွင် စစ်ဆေးမှုပေါင်း ၆၆ ခုအတွင်း နောက်ထပ် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၁၄ ဦး ဖော်ထုတ်နိုင်ခဲ့ကြောင်း နာဂါဆာကီအာဏာပိုင် ကက်ဆုမီနာကာတာက သတင်းထောက်များကို ပြောကြားလိုက်သည်။

ယခုထပ်မံတွေ့ရှိသူ ၁၄ ဦးကို သင်္ဘောပေါ်တွင် သီးသန့်ခွဲခြားနေထိုင်ခိုင်းကြောင်း နာကာတာက ဆက်လက်ပြောကြားသည်။ သင်္ဘောသားတစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်လိုက်ရပြီး အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံတွင် ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၀၀၀ ရှိပြီး သေဆုံးသူ ၂၉၀ ရှိကြောင်း သိရသည်။

အေအက်ဖ်ပီ



ဇန်နဝါရီလကတည်းက ပြုပြင်မွမ်းမံရန် ဆိုက်ကပ်ထားသော အပျော်စီးဇိမ်ခံ သင်္ဘောကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၆၉၈၁ ဦးအထိ မြင့်တက်လာ

**မနီလာ မေ ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၂၃ ရက်က ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူပေါင်း ၂၇၁ ဦးတွေ့ရှိခဲ့ကြောင်းနှင့် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၉၈၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဌာနက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၉ ဦး ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း၊ စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ပြန်လည်ကောင်းမွန်လာခဲ့သူပေါင်း ၇၂၂ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၆ ဦးထပ်မံတိုးမြင့်လာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူဦးရေသည် ၄၆၂ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း ကျဆင်းကြောင်းပြောရန် စောသေးကြောင်း ကျန်းမာရေးဝန်ကြီး မာရီယာ ရိုဆာရီယိုဗာဂျီရီက ပြောကြားလိုက်သည်။

သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေမှာ နှေးကွေးလာကြောင်း ၎င်းက ဆက်လက် ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကို ထိရောက်စွာ ကုသနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုခဲ့သော မတူညီသည့် ဆေးအမျိုးအစားပေါင်း လေးမျိုးဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံလူနာပေါင်း ၅၀၀ ကို စမ်းသပ်ကုသပေးနေကြောင်း ကျန်းမာရေးဌာနက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ခံဝေဒနာသည်များသည် မြို့တော်မနီလာနှင့် အခြားသတ်မှတ်ထားရာ ဆေးရုံများတွင် ကုသမှုခံယူနေကြောင်း သိရသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုကို အထောက်အကူပြုရန်အတွက် ကမ္ဘာ့ဘဏ်က ချေးငွေသန်း ၁၀၀ ထုတ်ပေးရန် အတည်ပြု

**မနီလာ ဧပြီ ၂၃**

ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေး အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုစီမံချက်အတွက် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ပေးရန် ကမ္ဘာ့ဘဏ်က အတည်ပြုလိုက်ကြောင်း သိရသည်။

ဧပြီ ၂၃ ရက်က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်၌ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များ ပြည့်မီစေရန် အထောက်အကူဖြစ်စေမည့် အဆိုပါစီမံချက်ကို ကျန်းမာရေးဌာနက ဆောင်ရွက်မည်ဖြစ်ပြီး ယင်းစီမံချက်သည် လာမည့်လများတွင် ပိုမိုလိုအပ်လာမည့် အရေးပေါ် ဆေးဝါးကုသရေးကိရိယာများအတွက် အဓိကကျသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုစနစ်ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှုကို တုံ့ပြန်ဆောင်ရွက်ရန် နိုင်ငံ့စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းက ပြည်သူတို့၏ အသက်လူမှုဘဝများကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် ဒါရိုက်တာ အက်ခင်မ် ဖော့ခ်က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်အစိုးရက ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရန် ထိရောက်မြန်ဆန်သည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ ထိုသို့ကြိုးပမ်းမှုကို အကူအညီပေးအပ်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော့ခ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်၏ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုစီမံချက်၌ အကာအကွယ်ဝတ်စုံများ၊ ဆေးဝါးများ၊ အထူးကြပ်မတ်ကုသဆောင်သုံး ဆေးပစ္စည်းများနှင့် အသက်ရှူအထောက်အကူပြု ကိရိယာများ၊ ဓာတ်ခွဲခန်းသုံး ကိရိယာများနှင့် ဗိုင်းရပ်စ်စစ်ဆေးသည့်ကိရိယာများ ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်နေသည့် အရေးကြီးနေရာများသို့ လိုအပ်သည့် အရေးပေါ်ကုသရေးပစ္စည်းများ နှောင့်နှေးကြန့်ကြာမှု မရှိဘဲ အမြန်ဆုံးရောက်ရှိစေရေး ခိုင်မာသေချာစေရန်အတွက်လည်း အဆိုပါအစီအစဉ်က အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာများအား ကုသရန်အတွက် ကျန်းမာရေးဝန်ထမ်းများက ကြိုတင်ပြင်ဆင်နေမှုကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံက ပြည်ဝင်ခွင့်ပိတ်ပင်သည့် နိုင်ငံများစာရင်း ထပ်တိုး

**တိုကျို ဧပြီ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန် ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့် နိုင်ငံများစာရင်း၌ နောက်ထပ် ၁၀ နိုင်ငံကျော် ထပ်တိုးရန် စီစဉ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မူလက ပြည်ဝင်ခွင့်ပိတ်ပင်ထားသည့် နိုင်ငံပေါင်း ၇၃ နိုင်ငံထဲသို့ ရုရှား၊ ဘီလာရုစ်၊ ကာတာ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု နိုင်ငံများနှင့် အခြားနိုင်ငံများကို ထပ်မံထည့်သွင်းရန် ဂျပန်အစိုးရက စီစဉ်လျက်ရှိသည်။ ထို့အပြင် ဂျပန်နိုင်ငံသို့ မရောက်မီ ၁၄ ရက်အတွင်း အဆိုပါနိုင်ငံများသို့ ရောက်ရှိခဲ့သည့် ပြည်ပနိုင်ငံသားများကိုပါ ပြည်ဝင်ခွင့်ပိတ်ပင်ရန် အစိုးရက စီစဉ်လျက်ရှိပြီး ဂျပန်နိုင်ငံသားများအနေဖြင့် အဆိုပါနိုင်ငံများသို့ သွားရောက်ခြင်း မပြုရန် အကြံပြုထားသည်။

ဂျပန်နိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ဧပြီ ၂၃ ရက်တွင် ၁၂၀၂၃ ဦးအထိ တိုးပွားလာခဲ့ကြောင်း သိရသည်။ ရောဂါကူးစက်ခံရသူများထဲတွင် လေဆိပ်၌ အသွားအလာကန့်သတ်မှုဆောင်ရွက်ရာ ဌာနများရှိ ဗိုင်းရပ်စ် စစ်ဆေးရေးဆောင်ရွက်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများ၊ အသွားအလာကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်နေသည့် အရာရှိများနှင့် အစိုးရလမ်းကြောင်းသွားရောက်သည့် လေယာဉ်များဖြင့် တရုတ်နိုင်ငံမှ ဂျပန်သို့ ပြန်ရောက်လာသူများ ပါဝင်နေကြောင်းသိရသည်။

ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာလည်း ယခုအခါ ၃၁၂ ဦးအထိရှိလာပြီး ၁၃ ဦးမှာ ဒိုင်းမွန်းပရင့်ဆက် အပျော်စီးသင်္ဘောပေါ်မှဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## လစ်ဗျား၌ လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က ကျန်းမာရေးဝန်ထမ်းများကို ပြန်ပေးဆွဲ

**ထရီပိုလီ ဧပြီ ၂၃**

လစ်ဗျားနိုင်ငံ ဆာတီမြို့ရှိ ဆေးရုံတစ်ရုံမှ ဆရာဝန်နှစ်ဦး၊ သူနာပြုတစ်ဦးနှင့် စီမံအုပ်ချုပ်ရေးလက်ထောက်ဝန်ထမ်းတစ်ဦးတို့ကို လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က ပြန်ပေးဆွဲသွားကြောင်းကုလသမဂ္ဂ ကျောထောက်နောက်ခံပေးထားသည့် အစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ပြင်းပြင်းထန်ထန် ရှုတ်ချ**

မြို့တော်ထရီပိုလီ အရှေ့ပိုင်းမှ ၄၅၀ ကီလိုမီတာအကွာ ဆာတီမြို့ရှိ ဆီနာဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအား ပြန်ပေးဆွဲသွားခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းများအား ပြန်ပေးဆွဲသည့် လုပ်ရပ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့သည်။

**ကျန်းမာရေးကဏ္ဍကို နှောင့်နှေးစေ**

မြို့တွင်းရှိ မင်းမဲ့စရိုက်ဆန်သည့် အုပ်စုများက အပြစ်မဲ့ ပြည်သူများနှင့် ဆေးဝန်ထမ်းများအား ပြန်ပေးဆွဲခြင်းနှင့် ထိပါးစော်ကား နှောင့်ယှက်ခြင်းသည် ဒေသခံပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုသရေးဝန်ဆောင်မှု ပေးနေမှုများ၊ ဆေးရုံလုပ်ငန်းဆောင်တာများနှင့် ကျန်းမာရေးကဏ္ဍကို နှောင့်နှေးစေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်း**

ပြန်ပေးဆွဲခံရသည့် ကျန်းမာရေးဝန်ထမ်းများ အမြန်ဆုံး ပြန်လွတ်မြောက်စေရေးအတွက် ဆာတီရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မျိုးနွယ်စုခေါင်းဆောင်များက ကြိုးပမ်းအားထုတ်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းလိုက်သည်။ ပြန်ပေးဆွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း မသိရှိရသေးပေ။ ပြီးခဲ့သည့် ဇန်နဝါရီလအစောပိုင်းမှစတင်ကာ ဆာတီမြို့ကို အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့က ထိန်းချုပ်ခဲ့သည်။

ဆင်ဟွာ

## ဂရိနိုင်ငံက အသွားအလာကန့်သတ်ပိတ်ဆို့မှုကာလကို မေ ၄ ရက်အထိ တိုးမြှင့်

**အေသင် ဧပြီ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ဂရိနိုင်ငံတစ်ဝန်း အသွားအလာကန့်သတ် ပိတ်ဆို့မှုချမှတ်ထားသည့်ကာလကို မေ ၄ ရက်အထိ အချိန်ထပ်တိုးလိုက်ကြောင်း အစိုးရက ဧပြီ ၂၃ ရက်တွင် ကြေညာခဲ့သည်။

ပြီးခဲ့သည့် မတ် ၁၂ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ပထမဆုံး သေဆုံးသူ ထွက်ပေါ်လာကြောင်း အတည်ပြုခဲ့ပြီး နောက်ပိုင်းတွင် ဂရိနိုင်ငံသည် ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေကို ထိန်းချုပ်ရန် လမ်းညွှန်ချက်များ ထုတ်ပြန်ကာ အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် နိုင်ငံသည် ကြွေးမြီပြဿနာကို ရင်ဆိုင်ရလျက်ရှိချိန်အတွင်း ကပ်ရောဂါကျရောက်မှုကိုပါ ထပ်မံခံစားခဲ့ရသည်။

ဈေးဝယ်ကုန်တိုက်များ၊ ဘဏ်များနှင့် အစားအသောက် ပို့ဆောင်ပေးသည့် စားသောက်ဆိုင်များသည် လက်ရှိအချိန်တွင် လည်ပတ်နေဆဲ စီးပွားရေးလုပ်ငန်းအချို့ထဲတွင် ပါဝင်သည်။

ထို့အပြင် ဂရိပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်များမှ မဖြစ်မနေ ထွက်ခွာရသည့် အခါမျိုးတွင် အာဏာပိုင်များသို့ သတင်းပို့ရမည်ဖြစ်ပြီး သတင်းမပို့ပါက ဒဏ်ငွေဆောင်ရမည် ဖြစ်သည်။

ဧပြီ ၂၇ ရက်အထိ အချိန်သတ်မှတ်ထားသည့် အသွားအလာကန့်သတ် ပိတ်ဆို့မှုလမ်းညွှန်ချက်များကို မေ ၄ ရက်အထိ တိုးမြှင့်လိုက်ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ စတီလီယိုစ် ပတ်ဆက်စ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဂရိနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးသူ ၁၂၁ ဦးရှိလာကြောင်း မကြာသေးမီက ကြေညာခဲ့ပြီး ကူးစက်ခံထားရသူ ၅၅ ဦးမှာ အထူးကြပ်မတ် ကုသဆောင်၌ အရေးပေါ်ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အေအက်ဖ်ပီ



ကိုဗစ်-၁၉ ကာကွယ်တားဆီးသည့်အနေဖြင့် ဂရိကျန်းမာရေးဝန်ထမ်းများ ဆေးဖျန်းခြင်းဆောင်ရွက်နေစဉ်။



ဟွန်ဒိုင်းကုမ္ပဏီထုတ် မော်တော်ကားများ။

## ကပ်ရောဂါကျရောက်မှုကြောင့် ဟွန်ဒိုင်းကားကုမ္ပဏီ ဝင်ငွေကျဆင်းမှု ဖြစ်ပေါ်

**ဆိုးလ် ဧပြီ ၂၃**

တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဟွန်ဒိုင်းကုမ္ပဏီသည် ပထမလေးလပတ်အတွင်း အသားတင်ဝင်ငွေ ရရှိမှုကျဆင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကြောင့် တစ်ကမ္ဘာလုံး ဝယ်လိုအားကျဆင်းသွားမှုနှင့်အတူ ဟွန်ဒိုင်း၏ အသားတင်အမြတ်ငွေရရှိမှုမှာလည်း ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလ မှ မတ်လအထိ ကာလအတွင်း အသားတင်အမြတ်ငွေ ရရှိမှုမှာ ဝမ်ငွေ ၅၅၇ ဒသမ ၇ဘီလီယံ( အမေရိကန်ဒေါ်လာ ၄၄၈သန်း)ဖြစ်ပြီး ယခင်နှစ်ကနှင့်စာလျှင် ၄၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားကျဆင်းမှုနှင့် အဓိကအားဖြင့် ကိုရီးယားနိုင်ငံမှ ကားစက်ရုံများ ထုတ်လုပ်မှု ယာယီရပ်ဆိုင်းထားခဲ့ရသည့် အတွက်ကြောင့် ဖြစ်ကြောင်း ကုမ္ပဏီက ပြောသည်။

သို့သော်လည်း ဟွန်ဒိုင်းအနေဖြင့် အခြားသော ကုမ္ပဏီများကြားတွင် အမေရိကန်ဒေါ်လာနှင့်မတူဘဲ ကိုရီးယားဝမ်ငွေတန်ဖိုး အားနည်းမှုကြောင့် နှစ်စဉ်လုပ်ငန်းလည်ပတ်မှု အကျိုးအမြတ် ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဝမ်ငွေ ၈၆၃ ဒသမ ၈ ဘီလီယံ အမြတ်ရရှိခဲ့ကာ ရောင်းအား ၅ဒသမ ၆ ရာခိုင်နှုန်း အထက်ရှိခဲ့ကြောင်း ဟွန်ဒိုင်းမော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်ပြည်ထောင်စုတွင် လေဆင်နှာမောင်းတိုက်မှုကြောင့် ငါးဦးသေဆုံး

**ဝါရှင်တန် မေ ၂၃**

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်နှင့် တက္ကဆက် ပြည်နယ်များတွင် မေ ၂၃ ရက်က ရာသီဥတု ဆိုးရွားမှုကြောင့် လူငါးဦး သေဆုံးခဲ့ပြီး လူတစ်ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ဖော်ပြခဲ့သည်။

လေဆင်နှာမောင်းသည် အိုကလာဟိုးမားရှိ မာရှယ်စီရင်စုတွင် ဂရင်းနစ်စံတော်ချိန် ၂၂၀၀ မိနစ်က တိုက်ခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး တခြားတစ်ဦးမှာ ဆေးရုံတွင် ဒဏ်ရာအပြင်းအထန် အနေအထားဖြင့် ကုသမှု ခံယူလျက်ရှိကြောင်း စီရင်စုအရေးပေါ်စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးဖြစ်သူ ရောဘတ် ချာနေက ပြောကြားခဲ့သည်။

တက္ကဆက်ပြည်နယ် ပေါ့ခ်စီရင်စုတွင်လည်း မုန်တိုင်းတိုက်ပြီးနောက် လူ သုံးဦး သေဆုံးခဲ့ပြီး ၃၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း စီရင်စု အရေးပေါ် စီမံခန့်ခွဲရေးရုံး၏ သတင်းပေးပို့ချက်အရ သိရသည်။

ဆင်ဟွာ

### နိုင်ဂျီးရီးယားတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၈၇၃ ဦးအထိ မြင့်တက်

**အဘူဂျာ မေ ၂၃**

နိုင်ဂျီးရီးယားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၉၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်းနှင့် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာအရေအတွက်သည် ယခုအခါတွင် ၈၇၃ ဦးရှိလာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် မေ ၂၃ ရက်က ဖော်ပြသည်။

နိုင်ဂျီးရီးယားရောဂါထိန်းချုပ်ရေးဌာနက ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ သုံးဦးရှိခဲ့ကြောင်း၊ ယခု အချိန်အထိ နိုင်ဂျီးရီးယားတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၈၇၃ ဦးရှိခဲ့ကြောင်းနှင့် သေဆုံးသူပေါင်း ၂၈ ဦး ရှိပြီဖြစ်ကြောင်း၊ ထို့အတူ ပြန်လည်ကောင်းမွန်လာသူများမှာလည်း ၁၇၉ ဦး ရှိပြီဖြစ်ကြောင်း သတင်းဖော်ပြသည်။ အဆိုပါ ကူးစက်ရောဂါသည် နိုင်ဂျီးရီးယားမြို့တော်နှင့် ပြည်နယ်ပေါင်း ၂၄ ခုအထိ ပျံ့နှံ့ခဲ့ပြီ ဖြစ်သည်။

ဒေသတွင်းသတင်းများ၏ ဖော်ပြချက်များအရ မေ ၂၂ ရက်က ပြည်နယ်အုပ်ချုပ်ရေးမှူးများသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် နှစ်ပတ်ကြာ အလုံပိတ်ကန့်သတ်ထိန်းချုပ်ရန် ဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။ နိုင်ဂျီးရီးယားတွင် ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိခဲ့ချိန်ကတည်းက အစိုးရသည် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း ခရီးသွားလေကြောင်းလိုင်းများကို ရပ်နားခဲ့ကြောင်းနှင့် ပညာရေးအဖွဲ့အစည်းများကိုလည်း ပိတ်လိုက်ပြီး အဘူဂျာတွင် အလုံပိတ်ကန့်သတ်မှုများ ပြုလုပ်ခဲ့သလို ကျန်ရှိသည့် ပြည်နယ်များဖြစ်သည့် လာဂို့စ်၊ အော်ဂွန်တို့ကိုလည်း ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်သည့် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

ဆင်ဟွာ

# ဗိုင်းရပ်စ်စစ်မြေပြင်အဖြစ် တစ်ဖြစ်လဲ အိန္ဒိယရဲ့ အကြီးဆုံး ဆင်းရဲသားရပ်ကွက်

ထွန်းသစ်စ

ဆင်းရဲသားတစ်သန်းလောက် ရှိတဲ့အထဲက ၁၂၅၀၀ ဦးဟာ ဒရုန်းတွေရဲ့ စောင့်ကြည့်ခံနေရသလို အလုံပိတ်ကန့်သတ်မှုတွေနဲ့ တင်းကျပ်စွာ နေထိုင်နေရတဲ့ အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံး ဆင်းရဲသားရပ်ကွက်လိုနေရာမျိုးဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို အဓိကထိန်းချုပ်ရမယ့်နေရာပဲ ဖြစ်ပါတယ်။



မွမ်ဘိုင်းမြို့ ဆင်းရဲသားရပ်ကွက် ဒါရာဗီမှ မိသားစုတစ်စုကို တွေ့ရစဉ်။

## ဗိုင်းရပ်စ်ပေါက်ဖွားဖို့ အကောင်းဆုံးနေရာ

ဒါပေမယ့်လည်း အဲဒီလောက်တောင် လူဦးရေ ကျပ်ညပ်ပွတ်သိပ်နေတဲ့ ဆင်းရဲသားရပ်ကွက်ထဲမှာ ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးမှုတွေကို လူလက်တစ်ဆုပ်စာလောက်ပဲ ပြုလုပ်နိုင်သေးတယ်ဆိုရင် ဒါဟာ အမှန်တရားတစ်ခုလို့ မှတ်ယူရမှာဖြစ်သလို အဲဒီနေရာမှာ အလုပ်လုပ်နေတဲ့ အာဏာပိုင်တွေရဲ့ ထွင်လုံးတစ်ခုဖြစ်တဲ့ "မစ်ရှင် ဒါရာဗီ" ဆိုတဲ့ စကားလုံးဟာလည်း ထိတ်လန့်စရာကောင်းတဲ့အသွင် ပေါ်ပေါက်လာခဲ့ပါတယ်။ "မစ်ရှင် ဒါရာဗီ" ဆိုတာကတော့ ဆင်းရဲသားရပ်ကွက် ဒါရာဗီမှာ ဗိုင်းရပ်စ်တားမနိုင်ဆီးမရ ဖြစ်လာနိုင်တဲ့အခြေအနေကို ရည်ရွယ်ပြီးခေါ်တဲ့ သဘော ဖြစ်ပါတယ်။

ဒါရာဗီမှာ လူပေါင်း တစ်သန်းလောက် နေထိုင်ပါတယ်။ သူတို့ဟာ မြို့ခြံရွှေတာ ခြစ်ခြုတ်ပြီး ဖြစ်သလိုနေထိုင်စားသောက်ရတဲ့ ဆင်းရဲသားတွေဖြစ်သလို စက်ရုံလုပ်သားတွေ၊ အိမ်စေတွေ၊ စီးပွားရေးမြို့တော် မွမ်ဘိုင်းရဲ့ လူကြီးကားမောင်းသမားတွေအဖြစ် အသက်မွေးနေထိုင်လျက်ရှိကြပါတယ်။ အဲဒီလို ဆင်းရဲပြီး အန္တရာယ်တွေ အချိန်မရွေးဖြစ်ပေါ်နိုင်တဲ့ နေရာမှာ နေထိုင်တဲ့ လူတချို့ဟာ တင်းကျပ်တဲ့ ထိန်းချုပ်မှုတွေနဲ့ နေထိုင်နေရပါတယ်။ ကျဉ်းမြောင်းတဲ့လမ်းကြိုလမ်းကြား၊ လူနေထူထပ်တဲ့ အိမ်လေးတွေ၊ ဆိုးရွားလှတဲ့ ရေဆိုးနုတ်စနစ်တွေနဲ့ ပြည့်နှက်နေတဲ့ အဲဒီလိုနေရာဟာ ဗိုင်းရပ်စ်တွေ ပေါက်ဖွားဖို့ အကောင်းဆုံးနေရာတစ်ခုအဖြစ် ဖန်တီးပေး နေသလိုပါပဲ။

## အရာအားလုံး ပိတ်ထားရမယ်

တကယ့်အကြီးမားဆုံးစိန်ခေါ်မှုကတော့ ဒါရာဗီကိုယ်တိုင်ပါပဲ၊ လူတွေ ၁၀ ဦး၊ ၁၅ ဦးလောက်ဟာ တစ်ခန်းထဲမှာ စုပြုံပြီး နေထိုင်နေကြရပါတယ်။ အဲဒီလိုနေရာတွေမှာ ဘယ်လိုမျိုး တစ်ဦးနဲ့ တစ်ဦး ခပ်ခွာခွာနေထိုင်တဲ့ စနစ်ကို ကျင့်သုံးနိုင်မှာလဲလို့ သက်ဆိုင်ရာ အာဏာပိုင်တစ်ဦးဖြစ်သူ ကီရန်ဒစ်ဟက်ဗ်ကာက ပြောကြားလိုက်ပါတယ်။

ကီရန်ဒစ်ဟက်ဗ်ကာဟာ ဒါရာဗီမှာ ကူးစက်ခံရသူ ၂၀၀ နီးပါးရှိပြီး ၁၂ ယောက်လောက် သေဆုံးစေခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်နေတဲ့ ဆေးဝန်ထမ်းတွေ၊ သန့်ရှင်းရေးတွေနဲ့ စေတနာရှင်တွေအပါအဝင် လူပေါင်း ၂၅၀၀ လောက်ကို ကြီးကြပ်နေရသူ ဖြစ်ပါတယ်။ အဲဒီမှာ ထိန်းချုပ်မှုတွေဟာလည်း မနိုင်မနင်း ဖြစ်နေပါတယ်။

အဲဒီနေရာမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူရှိကြောင်း ပထမဆုံးအတည်ပြုချက် ဧပြီလအစောပိုင်းက ထွက်ပေါ်လာပြီးနောက်မှာ ပြင်းထန်တဲ့ အလုံပိတ်ကန့်သတ်မှုတွေကို ဆင်းရဲသား ရပ်ကွက်ရဲ့ ဗိုင်းရပ်စ်အန္တရာယ်ဖြစ်ပေါ်ရာ နေရာငါးခုမှာ ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဘယ်သူတစ်ဦးတစ်ယောက်မှ အပြင်ထွက်ခြင်း သို့မဟုတ် အထဲဝင်ခြင်း မပြုလုပ်ရဘူးလို့ ကီရန်ဒစ်ဟက်ဗ်ကာက ပြောကြားလိုက်ပါတယ်။ ကုန်စိမ်းဆိုင် အပါအဝင် အရာအားလုံး ပိတ်ထားရမယ်လို့လည်း သူက ဆက်လက်ပြောကြားထားပါတယ်။

## သဘောတူညီချက်စောင့်ဆိုင်း

ရဲတွေကလည်း လူတွေစည်းကမ်း လိုက်နာခြင်း ရှိ မရှိ ဒရုန်းတွေနဲ့ အမြဲစောင့်ကြည့်လျက်ရှိပါတယ်။ နိုင်ငံပိုင်ကျောင်းတစ်ကျောင်း၊ အားကစားရုံတစ်ရုံနဲ့ ဆေးရုံဟောင်း တစ်ခုကိုလည်း ဗိုင်းရပ်စ်ကူးစက်ခံရသူတွေနဲ့ အသွားအလာ ကန့်သတ်ခံနေရသူတွေကို စောင့်ကြည့်ဖို့ အသုံးပြုထားပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်က အဖျားရှိ မရှိ တိုင်းတာရေး စခန်းတွေမှာ လူပေါင်း ၄၀၀၀၀ လောက် ပုံမှန်အပူချိန်စစ်ဆေးခြင်းတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒါရာဗီရဲ့ အများသုံး အိမ်သာ ၂၂၅ လုံးကိုလည်း နေ့စဉ် ပိုးသတ်နေပါတယ်လို့ သူက ထပ်မံပြောကြားထားပါတယ်။

မွမ်ဘိုင်းကလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အမွှမ်းတင်တဲ့ ငှက်ဖျားတိုက်ဖျက်ဆေးတစ်မျိုးဖြစ်တဲ့ ဟိုက်ဒရိုစီကလိုရိုကွင်းဆေးတွေကို အသွားအလာကန့်သတ်ခံနေရတဲ့ ဒါရာဗီဒေသခံတွေကို ကြိုတင်ဆောင်ရွက်ချက်တစ်ခုအနေနဲ့ ဝေပေးဖို့ စဉ်းစားနေတယ်လို့ ကျန်းမာရေးအဆင့်မြင့် အရာရှိတစ်ဦးဖြစ်သူ ဒက်ခ်ရှာရှားဟ်က ပြောပါတယ်။

"ရဲတွေကလည်း လူတွေစည်းကမ်း လိုက်နာခြင်း ရှိမရှိ ဒရုန်းတွေနဲ့ အမြဲစောင့်ကြည့်လျက်ရှိပါတယ်။ နိုင်ငံပိုင်ကျောင်းတစ်ကျောင်း၊ အားကစားရုံ တစ်ရုံနဲ့ ဆေးရုံဟောင်း တစ်ခုကိုလည်း ဗိုင်းရပ်စ်ကူးစက်ခံရသူတွေနဲ့ အသွားအလာကန့်သတ်ခံနေရသူတွေကို စောင့်ကြည့်ဖို့ အသုံးပြုထားပါတယ်"

လတ်တလောအချိန်မှာ လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ကြောက်စိတ်ဝင် ဂရုန်းသုန်းကားအခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် မိမိတို့ နောက်ထပ် အနည်းငယ် ဂရုစိုက်သွားရမယ်လို့ ဒက်ခ်ရှာ ရှားဟ်က ပြောပါတယ်။ မိမိတို့လည်း ဗဟိုအစိုးရရဲ့ အမိန့်ထုတ်ပြန်ချက်နဲ့ သဘောတူညီချက်တွေကိုလည်း စောင့်ဆိုင်းနေပါတယ်လို့ သူက ဆက်ပြောပါတယ်။

## လျှုဒါန်းလျက်ရှိ

အဲဒီဒေသမှာ အစားအစာနဲ့ ဆေးဝါးတွေ ဝေပေးဖို့ သက်ဆိုင်ရာ အာဏာပိုင်တွေဟာ ပရဟိတအဖွဲ့တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေသလို ရွှေ့ပြောင်းအလုပ်သမား ထောင်ပေါင်းများစွာ မှီခိုနေထိုင်တဲ့ အဲဒီဒေသမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အလုံပိတ်ကန့်သတ်ချက်တွေ ချမှတ်လိုက်တာကြောင့် ရွှေ့ပြောင်း အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ကုန်ကြပါတယ်။

ဒါရာဗီရဲ့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားရာနေရာမှာချမှတ်တဲ့ အလုံပိတ်ကန့်သတ်ချက်ထက်စာရင် အိန္ဒိယရဲ့ တခြားဒေသတွေမှာ ချမှတ်လိုက်တဲ့ ကန့်သတ်ချက်တွေဟာ အနည်းငယ် ဖြေလျှော့ထားသလိုရှိသော်လည်း ရွှေ့ပြောင်းလုပ်သားတွေအတွက် အရှုံးကို ထိုးလိုက်သလို မရှုနိုင်မကယ်နိုင် အခြေအနေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ရော်တီဘဏ်ဖောင်ဒေးရှင်း မန်နေဂျာ ဂျာရန်ဒရာတန်ဘဲက စေတနာရှင် ပရဟိတအဖွဲ့တွေဟာ ပြည်တွင်း ဟိုတယ်တွေနဲ့ ပေါင်းပြီး ဒါရာဗီရဲ့ တင်းကျပ်တဲ့ ကန့်သတ်ချုပ်ချယ်မှုတွေနဲ့ နေရသူဦးရေ ၄၅၀၀ အတွက် နေ့စဉ်အစားအစာတွေ စီစဉ်ပေးနေသလို မွမ်ဘိုင်းမှာလည်း လူပေါင်း ၃၂၀၀၀ ကို ကျွေးမွေးလှူဒါန်းလျက်ရှိတယ်လို့ ပြောပါတယ်။

## ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံရ

လူမှုရေးဝန်ထမ်း အီမရန်အီဒရစ်ကလည်း ယူကျူပေါ်မှာ ဒါရာဗီရဲ့ ကယ်ဆယ်ရေးရိက္ခာ၊ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး အမြဲရှင်းပြနေသလို ဘယ်နေရာမှာ အစားအစာတွေ ရနိုင်မလဲဆိုတဲ့ သတင်းကိုလည်း ဗှက်အပ်စ်အသုံးပြုပြီး အမြဲသတင်းပေးလျက်ရှိပါတယ်။

မိသားစုအများစုဟာ အိမ်ထဲမှာပဲထိုင်နေကြရသလို အတွေးအခေါ်အကြံအစည်မရှိ ဗလာနတ္ထိဖြင့် အငတ်ခံနေဖို့သာရှိတော့ကြောင်း သူက ဆက်ပြောပါတယ်။ ဒါဟာ မဖြစ်သင့်ဘူးလို့လည်း သူက ပြောပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ အမြင့်ဆုံးဖြစ်ပွားခဲ့တဲ့ မဟာရာစထရာပြည်နယ် မွမ်ဘိုင်းမြို့မှာလည်း လူဦးရေ ၁၈ သန်းလောက်ရှိရာက လူပေါင်း ၃၀၀၀ လောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုခံနေရပါတယ်။ ဗဟိုအစိုးရကတော့ လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိရာ အိန္ဒိယနိုင်ငံမှာ ကိုရိုနာဗိုင်း ရပ်စ်ကူးစက်ခံရသူပေါင်းဟာ ၂၀၀၀၀ လောက် ရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။ မဟာရာစထရာ ပြည်နယ်ဝန်ကြီးချုပ်က ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ပေါင်း ၇၀ မှ ၇၅ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာ မပြဘဲ ကူးစက်ခံနေရကြောင်း ပြောကြားသည်။

## ခုခံနိုင်ပါ့မလား

မွမ်ဘိုင်းမြို့တော် အာဏာပိုင် ပြောရေးဆိုခွင့်ရှိသူ ဗိဂျေးခါဘာလီပါတေးလ်က နယူးဒေလီမြို့တော်ဟာ ကန့်သတ်မှုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။ ဗဟိုအစိုးရရဲ့ ညွှန်ကြားချက်အရ ရောဂါလက္ခဏာမပြတဲ့လူတွေကို အသက်အန္တရာယ်ရှိတဲ့အနေအထားရောက်မှ စမ်းသပ်ရသလို ရောဂါဖြစ်ပွားတဲ့ လူနဲ့ တိုက်ရိုက်ထိတွေ့ပြီးမှ စစ်ဆေးမှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဆင်းရဲတဲ့လူတွေနေထိုင်ရာ ဒါရာဗီမှာ လူပေါင်း ၆၅၇ ဦး စမ်းသပ်စစ်ဆေးပြီးပြီဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိမှုကြောင့် ကုသမှုခံယူနေရတဲ့ ဒါရာဗီဒေသခံ တစ်ဦးက သူ့အနေနဲ့ ရက်သတ္တသုံးပတ်လောက် ဘာရောဂါလက္ခဏာမှ မပြဘူးလို့ ပြောပါတယ်။

မိမိအနေနဲ့ အကူအညီကင်းမဲ့နေတယ်လို့ ခံစားရသလို မိသားစုဝင်တွေနဲ့ အိမ်နီးနားချင်းတွေကိုလည်း စိတ်ပူမိတယ်လို့ သူက ပြောပါတယ်။ လူပေါင်းများစွာ အသက်ပေးခဲ့ရတဲ့ ကိုရိုနာဗိုင်းရပ်စ်ကို မိမိတို့တွေအနေနဲ့ရော ခုခံနိုင်ပါ့မလားဆိုပြီး သူကစိတ်ပျက်အားငယ်စွာ ပြောကြားလာပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အ၀တ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၂-၄-၂၀၂၀) ရက်နေ့၊ (ဒုတိယအသုတ်) စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၇၂) ခုအနက် (၄) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါ ပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၆၈) ခုတွင် COVID–19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ပါ။ (၂၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ အချိန်တွင် (၂) ဦးတွင် ရောဂါပိုးတွေ့ရှိမှုအား သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့သူ စုစုပေါင်း (၅,၄၄၆)ဦး ရှိပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဒုတိယအသုတ် ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိခဲ့သောလူနာသစ် (၄) ဦးအား သက်ဆိုင်ရာ ဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှု ပေးသွားမည်ဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးမှ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၃ -၄-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

**(၂၂-၄-၂၀၂၀) ရက်နေ့တွင် COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု**

| | |
|---|---|
| (၂၂-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်+ ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၂၅၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၆) ဦး |
| COVID–19 (SARS–CoV–2) မတွေ့ရှိ (negative) | (၂၄၆)ဦး |

# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဧပြီ ၂၃**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်–၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ (၄) ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် (၁၇) ဦး၊ စုစုပေါင်း (၆၀) ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဖိုဝင်းတောင်ရှိ မျောက်များအစာရေစာပြတ်လပ်သဖြင့် Save Monywa အဖွဲ့က သွားရောက်လှူဒါန်း

**မုံရွာ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဖိုဝင်းတောင်ရှိ မျောက်များ အစာရေစာပြတ်လပ်သဖြင့် Save Monywa အဖွဲ့မှ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖိုဝင်းတောင်တွင် မျောက်အကောင်ရေ ၁၀၀၀ ကျော်ရှိပြီး ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ဖိုဝင်းတောင်က ကန့်သတ်နယ်မြေဖြစ်သွားသည့်အတွက် ဘုရားဖူးများလာရောက်ခြင်းမရှိသဖြင့် မျောက်များကို အစာရေစာ ကျွေးမည့်သူမရှိသောကြောင့် ဖိုဝင်းတောင် ဝန်းကျင်ရှိ နယ်မြေခံများမှ အကူအညီတောင်းသည့်အတွက် သွားရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ အစာရေစာလှူဒါန်းရာတွင် မုံရွာမြို့ရှိ ဈေးသူဈေးသားများက ခရမ်းချဉ်သီး၊ သခွားသီးနှင့် အခြားသစ်သီးများ လှူဒါန်းခြင်း၊ မိမိတို့အဖွဲ့အနေဖြင့် ငှက်ပျောသီးနှင့် ပဲများကို အဓိကထားပြီး လှူဒါန်းခဲ့ကြောင်း Save Monywa အဖွဲ့မှ ဦးအောင်နေမျိုးက ပြောသည်။

**မွေးကြူဇင်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၃-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၂) ခု အနက် (၅) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၇၇) ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ပါ။

၂။ (၂၃-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၃၂) ဦး ရှိပြီဖြစ်ပါသည်။

၃။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၉) ဦး ရှိပြီဖြစ်ကာ ၎င်းတို့အား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးနောက် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၅) ဦး ရှိပါသည်။

၄။ ကျန်လူနာ (၁၁၈) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆက်လက် စောင့်ကြည့်ကုသမှုပေးလျက်ရှိပါသည်။ ၎င်းလူနာ (၁၁၈) ဦးအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂) ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁) ဦးရှိကာ ကျန် (၁၁၅) ဦး၏ ကျန်းမာရေး အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက် ရှိပါသည်။

၅။ ယနေ့ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦးအား သက်ဆိုင်ရာ ဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှုပေးသွားမည် ဖြစ်ပါသည်။

၆။ (၂၂-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၀၇)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

(၂၃-၄-၂၀၂၀ ရက်နေ့ ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိရမှု

(၂၃-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည်/ခံယူစေမည့် ဆေးရုံ | -COVID 19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 128 | ၅၄ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 129 | ၃၁ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 130 | ၆၅ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 131 | ၂၈ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 132 | ၈၀ နှစ် | ကျား | မဟာ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | တွေ့ရှိ | မန္တလေးပြည်သူ့ဆေးရုံကြီး (စောင့်ကြည့်လူနာ) |

* ကျန် (၇၇) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂၃-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၃-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၈၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) (ပထမအသုတ်) | (၅) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (ပထမအသုတ်) | (၇၇) ဦး |

## ရွှေဘိုမြို့၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြင့်ဆောင်ရွက်

**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက် နံနက် ၉ နာရီက ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုမြို့ အမှတ် ( ၁၀) ရပ်ကွက်ရှိ ပြည်လုံးချမ်းသာ ဘုန်းကြီးကျောင်းနှင့် မယ်ဇလီပင်စုရပ်ကွက်အတွင်းရှိ နေအိမ်များ၌ တစ်အိမ်တက်ဆင်း ပိုးသတ်ဆေးဖျန်းခြင်း၊ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နံနက် ၁၁ နာရီက ရွှေဘိုမြို့ လူမှုဖူလုံရေးရုံး၌ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မေ ၂၃ ရက် ညနေ ၄ နာရီခွဲက ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုတက္ကသိုလ် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်သည့် နေရာတွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပိုးသတ်ဆေး ဖျန်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှအသုံးပြုရန် သတ်မှတ်ထားသော ပိုးသတ်ဆေးကို အချိုးအစားတိကျစွာ ရောစပ်၍ ပိုးသတ်ဆေးဖျန်းရန် အမှန်တကယ် လိုအပ်နေသောနေရာများနှင့် ရွှေဘိုတက္ကသိုလ် သတ်မှတ်နေရာ၌ အသွားအလာ ကန့်သတ်သည့်နေရာတွင် အသွားအလာ ကန့်သတ်ထားရှိသူများ နေ့စဉ် ပုံမှန် စုဝေးအသုံးပြုနေသော ရေချိုးခန်းများနှင့် အိမ်သာများအပါအဝင် တံခါး လက်ကိုင်များ၊ လှေကားလက်ရန်းများ၊ အဆောင်ဘေးပတ်ဝန်းကျင် သတ်မှတ်ဧရိယာများကို ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး ပစ္စည်းသုံးမျိုး လှူဒါန်း

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် မေ ၂၃ ရက်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကာကွယ်၊ ကုသရေးအတွက် ပစ္စည်း သုံးမျိုးကို သွားရောက် လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးပြီး ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ PPE ဝတ်စုံ ၊ တစ်ခါသုံး လက်အိတ်နှင့် နှာခေါင်းစည်းများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၄၀၀ ကျော် တာဝန်ထမ်းဆောင်နေပြီး အများစုမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသူများ ထားရှိသည့် ကလေးမြို့ တိုင်းရင်းဆေးရုံတွင် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် မေ ၂၄ ရက်တွင် တီးတိန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ PPE ဝတ်စုံ၊ လက်အိတ်နှင့်နှာခေါင်းစည်းများ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## လဲချားတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆက်စပ်ပစ္စည်းများလှူဒါန်း

**လဲချား မေ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကို ယနေ့ နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ လာရောက်လှူဒါန်းခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများဖြစ်သည့် ကိုဗစ် -၁၉ ရောဂါ အသိပညာပေး ဗီနိုင်း (၆"x ၄") ၁၀ချပ်၊ (၄"x ၃") ၅၂၅ ချပ်၊ လက်သန့်ဆေးရေ ၆၇ ဘူး၊ လက်အိတ် ၅ ဘူး၊ နှာခေါင်းစည်း ၁၇၅ ခု၊ ကိုဗစ်- ၁၉ အသိပညာပေး လက်ကမ်းစာစောင် ၁၃၀၀၀၊ အလှူငွေကျပ်တစ်သိန်းတို့ကို COVID-19 prevention volunteer group နှင့် Myanmar Institute of Peace and Security Studies (MIPSS) တို့မှ တာဝန်ရှိသူများက စုပေါင်းလှူဒါန်းခဲ့ရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ဇင်မောင်နွယ်က လက်ခံရယူပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော နေရာများတွင်အသုံးပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မကွေးမြို့၌ ဒုတိယမြောက် ယာယီဈေးဖွင့်မည်

**မကွေး မေ ၂၃**

မကွေးမြို့၌ ပထမမြောက် ယာယီဈေးတစ်ခုကို မြသလွန်ဘုရားပွဲတော်ကွင်း၌ မေ ၁၈ ရက်က ဖွင့်လှစ်ခဲ့ပြီးနောက် ဒုတိယမြောက်ယာယီဈေးကို ကားကြီးဝင်းအနီးရှိ တိုင်းဒေသကြီး အားကစားကွင်း၌ မေ ၂၅ ရက်မှစ၍ နံနက် ၆ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

ပထမမြောက် ယာယီဈေးဖွင့်ရခြင်းမှာ စည်ပင်သာယာဈေးများဖြစ်သည့် ကန်သာဈေး၊ မြို့မဈေး၊ ရန်ပယ်ဈေးတို့ကို ယာယီပိတ်လိုက်ခြင်းကြောင့် လူစုလူဝေးဖြစ်နေသည့် အခွန်လွတ်ဈေးပြဿနာကို ဖြေရှင်းလိုက်ခြင်းဖြစ်ပြီး ဒုတိယမြောက် ယာယီဈေး ဖွင့်လှစ်ရန် လုပ်ဆောင်ရခြင်းမှာ မင်္ဂလာဈေးနှင့် ရန်ကင်းဈေးတို့ကို ပိတ်တော့မည်ဖြစ်သောကြောင့် ဖြစ်သည်။

" ယာယီဈေးတွေ ဖွင့်တယ်ဆိုတာက ကပ်ရောဂါကို စည်းကမ်းတကျ ကာကွယ်နိုင်ဖို့ပါ။ ပထမယာယီဈေးက မြို့အနောက်ခြမ်း၊ ဒုတိယယာယီဈေးက မြို့အရှေ့ခြမ်းအတွက် အကျိုးပြုနိုင်ပါမယ်" ဟု မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်မျိုးသိန်းက ပြောသည်။

ပထမယာယီဈေးတွင် ဈေးဆိုင်ခန်းအကွက်ပေါင်း ၂၃၀ ရှိပြီး ဈေးသည် ၂၀၅ ဦးက နံနက် ၄ နာရီမှ နံနက် ၁၀ နာရီအထိ ရောင်းချနေကြောင်း၊ ဒုတိယယာယီဈေးအတွက် ဆိုင်အကွက်ပေါင်း ၂၆၀ အကွက်ရိုက်ထားပြီး မင်္ဂလာဈေးနှင့် ရန်ကင်းဈေးမှ ဈေးသည်များကို မေ ၂၃ ရက်က မဲနှိုက်ချထားပေးကြောင်း သိရသည်။

ပထမယာယီဈေးတွင် မြို့မအိုးဘို၊ ဆုံ၊ မြို့ဟောင်းနှင့် နံကပ်ကျွန်းတို့မှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စည်ပင်စည်းကမ်းထိန်းအဖွဲ့များက ကြီးကြပ်နေပြီး ဒုတိယယာယီဈေးကိုလည်း အောင်ချမ်းသာ ရပ်ကွက်၊ ကျေးရွာအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့များနှင့် ပေါင်းစပ်ကြီးကြပ်သွားမည်ဖြစ်ကြောင်း မကွေးစည်ပင်မှ သိရသည်။

**ဇေယျာတု(မကွေး)**

# ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် လူမှုရေး ပရဟိတအဖွဲ့များက တောင်ကြီး မြို့နယ်အတွင်း ရပ်ကွက်အလိုက်၊ လမ်းအလိုက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် စပ်လျဉ်း၍ ယနေ့မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ မြို့မရပ်ကွက်အတွင်းရှိ စဝ်စံထွန်းလမ်းနှင့် တူးမြောင်းလမ်းတို့ကို ပြည်နယ်မီးသတ်ဦးစီးမှူးရုံးနှင့် တောင်ကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ အရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်နယ်မှူးရုံးမှ အရာရှိနှင့်တပ်မတော်သား ကိုးဦး စုစုပေါင်း ပူးပေါင်းတပ်ဖွဲ့ဝင် ၂၃ ဦးတို့ဖြင့် ပိုးသတ်ဆေးဖျန်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အလားတူ မေ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ကြီးမြို့ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးအတွင်းရှိ အရိုးကုသဆောင်၊ အရေးပေါ်ဌာန၊ နား/နှာခေါင်း/လည်ချောင်း ကုသဆောင်၊ ငါးထပ် (အထူးကုသဆောင်)၊ မူခင်းရဲ/မှုခင်းဆရာဝန်ဆောင်၊ အမျိုးသမီးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများနှင့် ပြည်နယ်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်မင်းထံမှ သိရသည်။



ထို့အတူ တောင်ကြီးမြို့ စေတနာရှင် လူငယ်များ ပရဟိတအဖွဲ့အနေဖြင့် မေ ၂၁ ရက် မွန်းလွဲပိုင်းမှစ၍ ညောင်ဖြူစခန်းရပ်ကွက်၊ ရတနာသီရိရပ်ကွက်ကိုလည်းကောင်း၊ ညပိုင်းတွင် မြို့မရပ်ကွက်ကိုလည်းကောင်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မေ ၂၂ ရက်တွင် မြို့မရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်နှင့် ရေအေးကွင်းရပ်ကွက်များကို ပိုးသတ်ဆေးဖျန်းစက်ကြီး နှစ်လုံးဖြင့် လှည့်လည်၍ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ စေတနာရှင်လူငယ် ပရဟိတအဖွဲ့အနေဖြင့် ဆေးဖျန်းစက်များ ထပ်မံမှာယူထားပြီး ပိုးသတ်ဆေးဖျန်းခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

**စိုးညွန့်ရွှေ (ပြန်/ဆက်)**



## မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဘုန်းကြီးကျောင်း ၆၉ ကျောင်းရှိ သံဃာတော်များအတွက် ငါးသေတ္တာဘူးများ လှူဒါန်း

**ရန်ကုန် မေ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဖြစ်ပွားနေစဉ်ကာလအတွင်း မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၆၉ ကျောင်းရှိ သံဃာတော်များ ဆွမ်းကိစ္စများတွင် အထောက်အပံ့ဖြစ်စေရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရွှေသံလွင်ကုမ္ပဏီနှင့် ဘာသာပေါင်းစုံအဖွဲ့က လှူဒါန်းသည့် ငါးသေတ္တာဘူးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့က မြို့နယ်သံဃနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၆၉ တိုက်မှ သံဃာတော်များအတွက် ငါးသေတ္တာဘူး ၁၇၅၂ ဘူးကို ဟင်္သာတကျောင်းတိုက်မှ သံဃာ့မဟာနာယကဆရာတော်ထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက ဆက်ကပ်လှူဒါန်းပေးခဲ့ကာ ကျောင်းတိုက်များအလိုက် ပြန်လည်ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## မြဝတီမြို့ ဈေးအသီးသီးမှ ပျံကျဈေးသည်များအား ယာယီဈေးများတွင်သာ ရောင်းချခွင့်ပြုမည်

**မြဝတီ မေ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးတွင် အဓိကကျသော လူစုလူဝေး မဖြစ်စေရေးအတွက် မြဝတီမြို့ရှိ ဈေးကြီးများမှ ပျံကျဈေးသည်များအား သတ်မှတ်ထားသော ယာယီဈေးများတွင် မေ ၂၄ ရက်မှ စတင်ရောင်းချသွားရမည်ဖြစ်ကြောင်း မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေထံမှ သိရသည်။

ထိုသို့ ယာယီပြောင်းရွှေ့ရာတွင် ဘုရင့်နောင်ဈေးကြီးမှ ပျံကျဈေးသည်များအား မြစန္ဒီပန်းခြံကွင်းတွင်လည်းကောင်း၊ ညဈေးမှ ပျံကျဈေးသည်များအား မြို့မအားကစားကွင်းတွင် လည်းကောင်း၊ အမှတ် ၃ ရပ်ကွက်ရှိ (ကြံခင်းဈေး) မှ ပျံကျဈေးသည်များအား မိဌာန်အောင်ကွင်းတွင် လည်းကောင်း၊ သဃ်န်းညီနောင်မြို့သစ်ဈေးမှ ပျံကျဈေးသည်များကို သဃ်န်းညီနောင်ဘောလုံးကွင်းတွင် လည်းကောင်း ရောင်းချခွင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ယာယီဈေးများတွင် ဈေးသည်များ အဆင်ပြေစွာ ရောင်းချနိုင်ရေးအတွက် ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေ၊ အဖွဲ့ဝင် ဦးစိန်သောင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရောဘတ်ထူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ကျောက်ဖြူခရိုင် ဒေသခံတိုင်းရင်းသားများဖွံ့ဖြိုးရေးအသင်းမှ နှာခေါင်းစည်းများနှင့် PPE ဝတ်စုံများ ပေးအပ်လှူဒါန်း

**ကျောက်ဖြူ မေ ၂၃**

ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျောက်ဖြူခရိုင် ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးရေးအသင်းမှ နှာခေါင်းစည်း ၃၀၀၀၀ နှင့် PPE ဝတ်စုံ ၂၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ကျောက်ဖြူခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ခရိုင်အဆင့် ကော်မတီဥက္ကဋ္ဌ ဦးသန်းထွဋ်ဦးက အမှာစကားပြောကြားပြီး ကျောက်ဖြူခရိုင် ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးငြိမ်းချမ်းမောင်က ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အသွားအလာကန့်သတ်သည့်နေရာတွင် ထားရှိသူများအား ကျွေးမွေးစရိတ်အတွက် ခရိုင်ဆည်မြောင်းဦးစီးမှူးက အလှူငွေသုံးသိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလှူငွေကျပ် တစ်သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးကျော်က လက်ခံရယူခဲ့ပြီး ကျောက်ဖြူခရိုင် ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော နှာခေါင်းစည်း ၃၀၀၀၀ နှင့် PPE ဝတ်စုံ ၂၀၀ တို့ကို ကျောက်ဖြူခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေး နှင့် အရေးပေါ်တုံ့ပြန်ရေး ခရိုင်အဆင့် ကော်မတီဥက္ကဋ္ဌ ဦးသန်းထွဋ်ဦး၊ ခရိုင်ဆေးရုံအုပ်ကြီးကိုယ်စား အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာခိုင်ပွင့်ဝေ၊ လေးဝတီလေးဝတီကုလရက္ခိတ



(ပရဟိတ)အဖွဲ့နှင့် ရူဝံကြယ်နာရေးကူညီမှုအသင်း၊ ပရဟိတအဖွဲ့များက လက်ခံရယူခဲ့ကြကြောင်းနှင့် မြို့နယ် လေးမြို့နယ်အတွက် လှူဒါန်းသော ပစ္စည်းများကို ခရိုင်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့များက လက်ခံခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



## ကွတ်ခိုင်မြို့နယ်ရှိ ကျေးရွာများသို့ နိုင်ငံတော်၏ ထောက်ပံ့ရန်ပုံငွေဖြင့် လက်ဆေးကန်များ လိုက်လံတပ်ဆင်

**ကွတ်ခိုင် မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာသို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နိုင်ငံတော်၏ ထောက်ပံ့ရန်ပုံငွေဖြင့် လက်ဆေးကန်များကို ယမန်နေ့မွန်းလွဲ ၁ နာရီက လိုက်လံတပ်ဆင်ပေးပြီး ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ)**

ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ဆေးကန်များနှင့် ဆက်စပ်ပစ္စည်းများ လိုက်လံတပ်ဆင်ပေးအပ်ရာတွင် ကျေးရွာဒေသခံပြည်သူများ ဝင်/ထွက်သွားလာသည့် တည်နေရာများ၌ လိုက်လံတပ်ဆင်ပေးစေရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သွားရောက်ကြည့်ရှုဆောင်ရွက်သည်။

ကွတ်ခိုင်မြို့နယ်အတွင်းရှိ နားဝိုင်ကျေးရွာအုပ်စု မော်ဟစ်ရွာတွင် လက်ဆေးကန် နှစ်စုံနှင့် ဖတ်ယိုင်းပြိန်းဟွယ်ကျေးရွာအုပ်စု မန်ဘန်ရွာတွင် လက်ဆေးကန် တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ အက်မိန်း ဟိုကျန့်ကျေးရွာအုပ်စုအတွင်းရှိ ဟိုကျန့်ရွာတွင် လက်ဆေးကန် နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ခိုလှုံရွာတွင် လက်ဆေးကန် နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ မန်ထမ်ရွာတွင် လက်ဆေးကန် တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ဟိုနောင်ရွာတွင် လက်ဆေးကန် တစ်စုံနှင့် ဆက်စပ်ပစ္စည်းများနှင့် ဟွေခုတ်ရွာတွင် လက်ဆေးကန် တစ်စုံနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်း လက်ဆေးကန် ၁၀ စုံနှင့် ဆက်စပ်ပစ္စည်းတို့ကို သွားရောက်ထောက်ပံ့ပေးအပ်ပြီး ကျန်ရှိကျေးရွာများတွင်လည်း နိုင်ငံတော်၏ ထောက်ပံ့ရန်ပုံငွေဖြင့် ဆက်လက်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းဘဉာဏ်(ကွတ်ခိုင်)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် မန္တလေးကုန်စည်ဒိုင်ကို မေ ၂၃ ရက်မှ ၃၀ ရက်အထိ ယာယီပိတ်ထားကြောင်း ကြေညာချက်

**မန္တလေး မေ ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၆ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)ကို ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် မေ ၂၃ ရက်မှ ၃၀ ရက်အထိ ယာယီပိတ်ထားကြောင်း အဆိုပါအသင်းမှ ယနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါကုန်စည်ဒိုင်ကို သင်္ကြန်မတိုင်မီကာလက ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး သင်္ကြန်အပြီးကာလတွင် မေ ၂၂ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း လူစုလူဝေးဖြစ်ပေါ်ကာ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ပြန်လည်ပိတ်ထားခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောသည်။



"မန္တလေးကုန်စည်ဒိုင်ကို မေ ၁ ရက်မှာ ပြန်ပြီးဖွင့်လှစ်မှာပါ။ ပိတ်ထားတဲ့ကာလမှာလည်း အသင်းက ဖွဲ့စည်းပေးထားတဲ့ Viber Group မှာ Online ကနေပြီး အရောင်းအဝယ်တွေ လုပ်ဆောင်နိုင်ပါတယ်။ ဒီရက်ပိုင်းမှာတော့ တောင်သူတွေအနေနဲ့ မြေပဲဆံနဲ့ ပဲတီစိမ်းအသစ်တွေ လာရောက်ရောင်းချနေတာရှိကြတဲ့အတွက် အသင်းက အတတ်နိုင်ဆုံး အရောင်းအဝယ်ဖြစ်အောင် လုပ်ဆောင်ပေးနေပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ မန္တလေးမြို့တွင်းမှာ ကုလားပဲတွေ လှည့်လည်ရောင်းချပေးတဲ့ အစီအစဉ်ကို သင်္ကြန်အပြီးမှာ နေ့စဉ် လိုက်လံရောင်းချပေးဖို့ စီစဉ်ထားပေမယ့် လူစုလူဝေးဖြစ်ပေါ်မှာစိုးတဲ့အတွက် အဲဒီအစီအစဉ်ကိုလည်း ရပ်နားထားပါတယ်'' ဟု ၎င်းက ပြောသည်။

မန္တလေးကုန်စည်ဒိုင် ယာယီပိတ်ထားခြင်းနှင့် ပတ်သက်၍ ပွဲစားကုန်စည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ အသင်းသူ၊ အသင်းသားများအား ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားပြီး ယင်းကြေညာချက်တွင် Online စနစ်ဖြင့် အရောင်းအဝယ်လုပ်ဆောင်နိုင်သော်လည်း အသင်းမှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရောင်းဝယ်ကြရန်၊ အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကိုသာ ဖော်ပြပေးရန်နှင့် ငွေလက်ငင်းပေးစနစ်ဖြင့်သာ ကျင့်သုံးလုပ်ဆောင်ကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# သီပေါမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့ဝင်မြို့ထွက်များတွင် နေ့စဉ်ကျန်းမာရေးစစ်ဆေး

**သီပေါ မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် သီပေါမြို့အဝင်ပေါက်၌ ဝင်ထွက်သွားလာနေသော ကုန်တင်မော်တော်ယာဉ်ကြီးများ၊ အိမ်စီးကားများမှ မဖြစ်မနေခရီးသွားလာနေရသော မိဘပြည်သူများအား နေ့စဉ်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပေးခြင်းနှင့် အသိပညာပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာဉ်ထိန်းရဲ၊ မီးသတ်၊ ကြက်ခြေနီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးပရဟိတအဖွဲ့ဝင်များက မြို့အဝင်အထွက်ဂိတ်များ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို ရပ်တန့်စေပြီး လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကို သန့်စင်အောင်ဆေးကြောခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် လူထူထပ်သောနေရာများမသွားရန်၊ အရေးကြီးကိစ္စမှလွဲ၍ အိမ်အပြင်မထွက်ရန်၊ မဖြစ်မနေအပြင်ထွက်ရပါက နှာခေါင်းစည်းများတပ်ဆင်ရန်၊ အိမ်ပြန်ရောက်ပါက လက်ကို မကြာခဏဆေးကြောရန် စသည်တို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့ဝင်/ မြို့ထွက်ဂိတ်များတွင် နေ့စဉ် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်စစ်ဆေးရေးအဖွဲ့များကိုလည်း မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များက နှာခေါင်းစည်းများ၊ သောက်ရေသန့်များ၊ လက်ဆေးရန်ဆပ်ပြာရည်နှင့် လက်ဆေးဘေစင်များကို အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သီသီသိန်းထံသို့ ယနေ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

❖ *ကျောဖုံးမှ*

ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်မားလာနေသဖြင့် ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ရောဂါဖြစ်ပေါ်လာမှု ရှိ မရှိ စောင့်ကြည့်သူများအား ထားရှိသည့် အသွားအလာ ကန့်သတ်ထားသည့် စခန်းများ ကူးစက်ဖြစ်ပွားမှု မဖြစ်ပေါ်စေရေး ရည်ရွယ်ကာ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်မှု စောင့်ကြပ်ကြည့်ရှုသည့် စခန်းများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ငြိမ်းဦးက ပြောသည်။

ကော့သောင်းမြို့ပေါ်တွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ စောင့်ကြည့်ရေးအတွက် သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်မှုစောင့်ကြပ်ကြည့်ရှုသည့် စခန်းလေးခုကို အောင်မြန်မာကျေးရွာနှင့် မလိဝမ်းကျေးရွာတို့တွင် ဖွင့်လှစ်ကာ ပြည်သူ ၂၀၀ ကျော်အား စောင့်ကြည့်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ မြို့ပေါ်စခန်းများဖြစ်သည့် အဏ္ဏဝါရပ်ကွက်၊ အထက(ခွဲ)နှင့် ရွှေမင်းဝံ၊ အထက(ခွဲ) ကျောင်းများတွင် ဖွင့်လှစ်ထားသည့် အသွားအလာ ကန့်သတ်ထားသည့် စခန်းနှစ်ခုကို ပိုးသတ်ဆေးဖျန်းပေးခဲ့ကြခြင်းဖြစ်ပြီး ကျန်ရှိသည့် ပုလုံးတုံတုံးကျေးရွာ၊ အရေးပေါ်ခိုလှုံရာ အဆောက်အအုံ အသွားအလာကန့်သတ်ခြင်းစခန်း၊ လေးမိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ အသွားအလာကန့်သတ်ခြင်း စခန်းနှင့် ကျေးရွာများတွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်ခြင်း စခန်းများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ဝန်းသိုမြို့၌ မြို့မဈေးပတ်လမ်းများနှင့် ယာယီပျံ့ကျဈေးနေရာများ ပိုးသတ်ဆေးဖျန်း

**ဝန်းသို ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် မြို့မစည်ပင်သာယာ ဈေးပတ်လမ်းများနှင့် ယာယီပျံ့ကျဈေး သတ်မှတ်ထားရှိသော နေရာများကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းပေးသည်။ **(အောက်ပုံ)**

ဝန်းသိုမြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး လူစုလူဝေးမဖြစ်စေခြင်းငှာ ဈေးရောင်းဈေးဝယ်ပြည်သူများ အဆင်ပြေစွာရောင်းချ ဝယ်ယူနိုင်ရန်အတွက် ဧပြီ ၁၉ ရက်ကစတင်၍ ဈေးသည်တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာခြားပြီး ရောင်းချနိုင်ရန်နှင့် ဈေးဝယ်သူများက သုံးပေအကွာမှ စနစ်တကျဝယ်ယူနိုင်ကြစေရန် စည်းမျဉ်းများ ရေးဆွဲထားရှိပြီး နေ့စဉ်နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပေးထားကြောင်း သိရသည်။

ထို့အပြင် ပြည်သူများက ဈေးသို့ လိုအပ်မှသာ လာရောက်ကြရန်၊ ဈေးသို့လာလျှင်လည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ လာရောက်ဝယ်ယူပေးကြရန်၊ ပျံ့ကျဈေးသည်များအနေဖြင့် တစ်ဦးနှင့် တစ်ဦး ခြောက်ပေခွာ၍ ရောင်းချပေးကြရန်၊ သားငါးဈေးသည်များနှင့် မုန့်သည်များအနေဖြင့် နှာခေါင်းစည်းများ၊ လက်အိတ်များဝတ်ဆင်ပြီး ဈေးရောင်းချရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အခါအားလျော်စွာ ထုတ်ပြန်ထားသော လိုက်နာရမည့် စည်းကမ်း၊ ဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ပေးကြရန် မြို့နယ်စည်ပင်သာယာရေးကော်မတီက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **ကျော်မြိုင် (ပြန်/ဆက်)**






## မြဝတီမြို့၌ ပင်စင်ထုတ်ယူသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်ပေး

**မြဝတီ ဧပြီ ၂၃**

ကရင်ပြည်နယ် မြဝတီမြို့၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားဦးရေ ၁၇၀၀ ကျော်ရှိပြီး ပင်စင်လာရောက်ထုတ်ယူသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခင်က မိဘပင်စင်စားများအား ဘဏ်၌သာ ပင်စင်လစာထုတ်ပေးခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွား လျက်ရှိသည့်အတွက် သောင်ရင်းခန်းမ၌ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မြဝတီ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာ ဦးမြင့်စိုးက ပြောသည်။

"အရင်က ပင်စင်လစာ ထုတ်ပေးတဲ့ အစ ပထမရက်မှာ လူဦးရေ ၄၈၀ ကနေ ၅၂၀ ထိပေးရတယ်။ အခုကတော့ ပထမရက်ကပင် ၃၇၀ ခန့်သာ လာရောက်ထုတ်ယူကြတာတွေ့ရတယ်။ ပြည်သူတွေက ကျန်းမာရေးအသိနဲ့ နိုင်ငံတော်မှ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်လျက် ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပင်စင် လာရောက်ထုတ်ယူသူများအတွက် လက်ဆေးရန် နေရာများ စီစဉ်ပေးထားကာ နှာခေါင်းစည်းတပ်ဆင်ပြီးမှ ဝင်ရောက်ရမည်ဖြစ်ပြီး နှာခေါင်းစည်း မပါလာပါကလည်း ပေးဝေနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အလားတူ ဘဏ်ဝန်ထမ်းများကလည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ မျက်နှာအကာ၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ လက်အိတ်များကိုလည်း အသုံးပြုစေပြီး ကြိုတင်ကာကွယ်ရေး နည်းလမ်းများ အမြဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

## သန်လျင်မြို့နယ်၌ ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက လုပ်ငန်းများ လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုကော်မတီများမှ တာဝန်ရှိသူများက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် သန်လျင်မြို့နယ်အတွင်းရှိ ဈေးများမှ ပျံ့ကျဈေးသည်များအား သီးခြားနေရာသတ်မှတ်ဆောင်ရွက်ရေး၊ ဈေးရောင်းသူနှင့် ဈေးဝယ်သူများ နှာခေါင်းစည်းတပ်ဆင်အသုံးပြုရေး၊ ခရီးသွားဘတ်စ်ကား မှတ်တိုင်များ၊ ခရီးသည်တင်ယာဉ်များ အဝင်အထွက်ဆေးဖျန်းခြင်းဆောင်ရွက်ရေး၊ ရေရှည်အသုံးပြုနိုင်သော နှာခေါင်းစည်းများကို သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးပေးနိုင်ရေး၊ ပြည်တွင်းနေရပ်ပြန်များနေအိမ်များတွင် ညွှန်ကြားချက်များနှင့်အညီ နေထိုင်ရေးစသည့်အချက်များ ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃- ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၃၀/၄၇၀ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၄၀/၄၈၀ | ကျပ် | ၄၇၅/၅၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၅၀ | ကျပ် | ၃၄၀/၃၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၇၅ | ကျပ် | ၄၉၅/၅၃၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၀ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၉ . ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၇ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၈၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၄၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၆၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၁၁၄၆ | ၁၁၄၆၇၅၀၀ |
| MTSH | ၃၆၅၀ | ၃၆၀၀ | ၂၂၇၆ | ၈၂၄၇၄၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ပိုင်အောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မကြာခင် ပြန်စနိုင်လာတဲ့ ဘွန်ဒက်စ်လီဂါနဲ့အတူ စောင့်ကြည့်ရမယ့် ဟာဗက်ဇ်

ကိုရိုနာကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း ဘောလုံးပွဲတွေ ရပ်နားထားတော့ တကယ်ကို ပျင်းရိငြီးငွေ့စရာအတိကာလလို့ပြောရမှာပါ။ ကမ္ဘာနှင့်အဝန်း ဒီရောဂါကြောင့် ဝမ်းနည်းမှုတွေ၊ ဆုံးရှုံးမှုတွေကြုံတွေ့နေရသလို လက်ရှိအချိန်မှာလည်း ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ဒါပေမယ့် ဥရောပထိပ်တန်း ဘောလုံးလိဂ်တွေ ပြန်မစနိုင်ခင်မှာ အစောဆုံးပြန်စဖို့ ရှိနေတဲ့ လိဂ်က ဘွန်ဒက်စ်လီဂါ ဖြစ်ပါတယ်။ ဂျာမနီဟာ လက်ရှိအချိန်အထိ လူစုလူဝေး နေခြင်းကို တားမြစ်ထားပေမယ့် လာမယ့် မေလအတွင်း ဘောလုံးပွဲတွေကို ပြန်စနိုင်ဖို့ ကြိုးစားပြင်ဆင်နေတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဘောလုံးပွဲတွေ ပြန်လည်ကျင်းပတဲ့အခါမှာလည်း ကွင်းပိတ်ကစားမှာဖြစ်ပြီး ပွဲကြည့်ပရိသတ်တွေတော့ ပါဝင်မှာမဟုတ်ဘူးလို့လည်း ဆိုပါတယ်။ ဘွန်ဒက်စ်လီဂါအနေနဲ့ ဘောလုံးပွဲစဉ်တွေကို လာမယ့်လအတွင်း ပြန်လည်ကစားဖို့ ရည်ရွယ်ထားတာဖြစ်ပြီး ဇွန်လမှာ ကျန်ရှိနေတဲ့ပွဲတွေအားလုံး ကစားနိုင်ဖို့လည်း ဆုံးဖြတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ဘွန်ဒက်စ်လီဂါနဲ့အတူ ကျန်ရှိနေတဲ့ ရာသီလက်ကျန် ကာလအတွင်း စောင့်ကြည့်ဖို့အကောင်းဆုံးကစားသမားတစ်ဦးလည်း ရှိပါတယ်။ အဲဒါကတော့ လေဗာကူဆင် လူငယ်ကစားသမား ဟာဗက်ဇ် ဖြစ်ပါတယ်။

**ဟာဗက်ဇ်ရဲ့ ခြေစွမ်း**

ကိုက်ဟာဗက်ဇ်ဟာ လေဗာကူဆင်အသင်းရဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်ကတည်းက အသင်းမှာ စတင်ကစားခွင့်ရခဲ့တဲ့သူ ဖြစ်ပါတယ်။ ငယ်ရွယ်ပေမယ့် သူ့ရဲ့ ထူးချွန်ထက်မြက်လွန်းတဲ့ ခြေစွမ်းတွေကြောင့်လည်း ပြီးခဲ့တဲ့နှစ်ပိုင်းတွေကတည်းက ဥရောပထိပ်တန်းအသင်းတွေက ပြီးခဲ့တဲ့ နှစ်ပိုင်းတွေကတည်းက စောင့်ကြည့်နေခဲ့တာဖြစ်ပါတယ်။ သူဟာ နှစ်စဉ်ဆိုသလို ဆက်တိုက်ခြေစွမ်းပြကစားနိုင်မှုတွေရရှိနေခဲ့တဲ့ လူငယ်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင် သူဟာ အသင်းနဲ့အတူ ပြိုင်ပွဲစုံမှာ ဂိုးပေါင်း ၂၀ သွင်းယူထားပြီး ဂိုးရရှိဖို့အတွက် ရှစ်ကြိမ်တိုင် ဖန်တီးပေးထားနိုင်သူ ဖြစ်ပါတယ်။

အခုဆိုရင် သူနဲ့ပတ်သက်ပြီး ဘောလုံးရေးရာကျွမ်းကျင်သူတွေကတောင် အလားအလာရှိတဲ့ ဖန်တီးရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုထားပြီဖြစ်ပြီး မိုက်ကယ်ဘားလက်၊ တိုနီခရူးစ်၊ ဗီဒယ်တို့ရဲ့ခြေရာကို နင်းမယ့်သူအဖြစ်တောင် ပြောဆိုနေကြပါတယ်။ ဒါကြောင့်လည်း သူ့ကိုခေါ်ယူဖို့ ထိပ်တန်းအသင်းတွေကတောင် စိတ်ဝင်စားနေကြပါတယ်။

**စိတ်ဝင်စားတဲ့အသင်းများ**

ဟာဗက်ဇ်ကိုခေါ်ယူဖို့ အဓိက စိတ်ဝင်စားနေတဲ့တစ်သင်းကတော့ ဘာစီလိုနာ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အသင်းရဲ့ တိုက်စစ်ပိုင်းအတွက် လီဗာပူးအသင်းကနေ ကော်တင်ညိုကိုခေါ်ယူထားခဲ့ပေမယ့် အသုံးမကျခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းကို အငှားချထားခဲ့ပါတယ်။ ဘာစီလိုနာရဲ့ လက်ရှိအခြေအနေအရ ဆိုရင်တော့ ကော်တင်ညိုကို ပြန်ခေါ်ဖို့ထက် သူ့ရဲ့နေရာမှာ အစားထိုးဖို့အတွက် အဓိကပြင်ဆင်နေတယ်လို့ ပြောရမှာပါ။ ဒါကြောင့်လည်း ဘာစီလိုနာအသင်းဟာ ကော်တင်ညိုရဲ့ နေရာအတွက် စွယ်စုံရကစားသမားတစ်ဦးလို့ ပြောနိုင်တဲ့ ဟာဗက်ဇ်ကို ခေါ်ယူဖို့စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။ ကြာရှည်စွာ သိမ်းပိုက်ထားနိုင်တဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့လက်ထဲကနေ ဆုဖလားပြန်လည်ရယူနိုင်ဖို့အတွက် အသင်းရဲ့ အင်အားကို အကောင်းဆုံးဖြည့်တင်းဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ လူငယ်ကစားသမားတွေနဲ့ အသင်းကို အကောင်းဆုံးတည်ဆောက်ဖို့ ကြိုးစားနေတာကြောင့်လည်း ဟာဗက်ဇ်ကို အဓိကခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ လီဗာပူးအသင်းကတော့အသင်းရဲ့အနာဂတ်အတွက် ရည်ရွယ်ထားသလို အသင်းရဲ့ တိုက်စစ်ပိုင်းတွေမှာ



ဒါပေမယ့်ဘာစီလိုနာအသင်းနဲ့အပြိုင် ဟာဗက်ဇ်ကိုခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အသင်းက မန်စီးတီးအသင်း ဖြစ်ပါတယ်။ မန်စီးတီးအသင်း မန်နေဂျာ ဂွါဒီယိုလာဟာ ဒီနှစ်ရာသီကုန်မှာ အသင်းကနေ ထွက်ခွာဖို့ရှိနေတဲ့ ဝါရင့်ကစားသမား ဒေးဗစ်ဆေးလ်ဗား ရဲ့ နေရာကိုအကောင်းဆုံးအစားထိုးဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအသင်းအနေနဲ့ ဟာဗက်ဇ်ကိုသာ ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ဒေးဗစ်ဆေးလ်ဗားရဲ့ ကွက်လပ်အတွက် အကောင်းဆုံးဖြည့်တင်းမှု တစ်ခု ဖြစ်လာနိုင်ပါတယ်။

အခြားခေါ်ယူချင်တဲ့အသင်းတွေထဲမှာတော့ ဒေါ့မွန်အသင်းပါဝင်နေသလို လီဗာပူးအသင်းလည်း ပါဝင်နေပါတယ်။ ဒေါ့မွန်အသင်းကတော့ ဘွန်ဒက်စ်လီဂါဆုဖလားကို လည်း လိုအပ်တဲ့နေရာမှာ အရန်သင့်အသုံးပြုနိုင်ဖို့အတွက် ဟာဗက်ဇ်ကိုခေါ်ယူဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။

ဘွန်ဒက်စ်လီဂါက အစောဆုံးပြန်စဖို့ ကြိုးစားနေပေမယ့် အခြားဥရောပလိဂ်တွေကတော့ ပြန်စနိုင်ဖို့အတွက် အတော်ကလေးကို အားယူရမယ့်အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့်လည်း အပြောင်းအရွှေ့ဈေးကွက်ဟာ ပုံမှန်အပြောင်းအရွှေ့အချိန်တွေထက် အပြောင်းအလဲတွေတော့ ရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဘွန်ဒက်စ်လီဂါသာ ပြန်စခဲ့မယ်ဆိုရင် စောင့်ကြည့်ချင်စရာ အကောင်းဆုံးကစားသမားတစ်ဦးကတော့ လေဗာကူဆင်လူငယ်ကစားသမား ဟာဗက်ဇ်လို့သာ ပြောလိုက်ချင်ပါတယ်။

**အောင်က**



## ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ကုသရေးအတွက် ရီးရဲကစားသမား ဂါရတ်ဘေးလ် ငွေကြေးလှူဒါန်းမှုများ ပြုလုပ်

စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ပေါင်တစ်သန်းနီးပါး လှူဒါန်းမှုပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝေလကစားသမား ဂါရတ်ဘေးလ်(၃၀ နှစ်)သည် ၎င်း၏ ဇာတိနိုင်ငံမှ ကိုရိုနာဗိုင်းရပ်စ်ကုသရေးဝန်ထမ်းများထံသို့ ပေါင် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် စပါးစ်ကစားသမားဟောင်း ဂါရတ်ဘေးလ်သည် ရီးရဲမက်ဒရစ်အသင်း အခြေစိုက်ရာ မက်ဒရစ်မြို့အတွင်းရှိ ဆေးရုံများနှင့် မက်ဒရစ်မြို့ပတ်ဝန်းကျင်ရှိ ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်ကုသရေးအတွက် အသုံးပြုရန် ယူရို ၅၀၀၀၀၀ (ပေါင် ၄၄၀၀၀၀) ကိုလည်း ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်သည်။ စပိန်နိုင်ငံ၏မြို့တော် မက်ဒရစ်မြို့သည် ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးဖြစ်ပွားနေသည့် မြို့များအနက်မှ တစ်မြို့ဖြစ်သည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ် သည် ရီးရဲမက်ဒရစ်အသင်းတွင် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၆၅၀၀၀၀ ရရှိနေသူဖြစ်ပြီး ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ် ကုသရေးအတွက် ပေါင်တစ်သန်းနီးပါး လှူဒါန်းခြင်းသည် ကမ္ဘာပေါ်ရှိ အားကစားသမားများအနက် အလှူငွေပေးအပ်လှူဒါန်းမှု အများဆုံး လှူဒါန်းမှုများအနက်မှ တစ်ခုဖြစ်သည်ဟု ဆိုသည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ် သည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် စုစုပေါင်း ၁၈ ပွဲ ပါဝင်ကစားထားကာ သုံးဂိုး သွင်းယူထားသူဖြစ်သည်။

**ဝေမိုးဆက်**

## ဂျိမ်းစ်ရိုဒရီဂေးဇ်အား ခေါ်ယူရန် ရီးရဲအသင်းနှင့် ဒေးဗစ်ဘက်ဟမ်းတို့ ဆွေးနွေးနေ

အမေရိကန်မေဂျာလိဂ်ပြိုင်ပွဲဝင် အင်တာမီယာမီအသင်း၏ ပိုင်ရှင်ဖြစ်သူ အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ဒေးဗစ်ဘက်ဟမ်းသည် ရီးရဲမက်ဒရစ်အသင်းမှ ကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂေးဇ်အား ခေါ်ယူရေးအတွက် ရီးရဲအသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကိုလံဘီယာကစားသမား ဂျိမ်းစ်ရိုဒရီဂေးဇ် (၂၈ နှစ်) နှင့် ရီးရဲအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်ပြီး လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်း အခြားအသင်းများနှင့် အကြိုသဘောတူစာချုပ် ချုပ်ဆိုနိုင်မည်ဖြစ်ခြင်းကြောင့် ရီးရဲအသင်းတာဝန်ရှိသူများကလည်း ဂျိမ်းစ်ရိုဒရီဂေးဇ်အား လာမည့် နွေရာသီဈေးကွက်အတွင်း ရောင်းချသွားရန် ရည်ရွယ်လျက်ရှိသည်။

ယခုနှစ် မေဂျာလိဂ်ပြိုင်ပွဲတွင် စတင်ပါဝင်ယှဉ်ပြိုင်နေသည့် အင်တာမီယာမီအသင်းသည် ကာဗာနီ၊ လူးဝစ်ဇ်ဆွာရက်ဇ်၊ ဖာဘရီဂက်စ်စသည့် ကစားသမားများအား ခေါ်ယူရန် ဆက်သွယ်နေသော်လည်း လက်တွေ့ခေါ်ယူနိုင်ခြင်းမရှိသေးပေ။ အင်တာမီယာမီအသင်းသည် ယခုနှစ် မေဂျာလိဂ်ပြိုင်ပွဲ၌ နှစ်ပွဲ ယှဉ်ပြိုင်ပြီးချိန်တွင် နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။

ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌဖြစ်သူ ဖလော်ရင်တီနိုပီရက်ဇ်သည် ၂၀၀၃ ခုနှစ်အတွင်းတွင် အင်္ဂလန်ကွင်းလယ် ကစားသမားဟောင်း ဒေးဗစ်ဘက်ဟမ်းအား မန်ယူမှ ရီးရဲသို့ ခေါ်ယူခဲ့သူဖြစ်ပြီး ဘက်ဟမ်းနှင့်ဥက္ကဋ္ဌ ပီရက်ဇ်တို့အကြားတွင် ကောင်းမွန်သည့်ဆက်ဆံရေးရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ အင်တာမီယာမီအသင်းအနေဖြင့် ဂျိမ်းစ်ရိုဒရီဂေးဇ်အား ခေါ်ယူရန် ရီးရဲအသင်း တာဝန်ရှိသူများနှင့် ဆွေးနွေးနေသော်လည်း ရီးရဲအသင်းထံသို့ လည်းကောင်း၊ ဂျိမ်းစ်ရိုဒရီဂေးဇ်ထံသို့ လည်းကောင်း တရားဝင် ကမ်းလှမ်းမှု ပြုလုပ်ခြင်းမရှိသေးဟု ဆိုသည်။

**အောင်က**

## ယခုနှစ် စီးရီးအေပြိုင်ပွဲကို ပြီးဆုံးသည်အထိ ကျင်းပသွားမည်

အီတလီဘောလုံးလောက တာဝန်ရှိသူများသည် ၂၀၁၉-၂၀၂၀ ပြည့်နှစ် အီတလီစီးရီးအေပြိုင်ပွဲအား လာမည့် ဇွန်လအစောပိုင်းတွင် ပြန်လည်စတင် ကျင်းပသွားရန် မျှော်လင့်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်မှုများကြောင့် အီတလီစီးရီးအေပြိုင်ပွဲကို ပြီးခဲ့သည့် မတ် ၉ ရက်ကတည်းက ရပ်ဆိုင်းထားရခြင်းဖြစ်သည်။

စီးရီးအေပြိုင်ပွဲဝင် ကလပ်အသင်း ၂၀ မှ တာဝန်ရှိသူများသည် ဗီဒီယိုစနစ်ဖြင့် ချိတ်ဆက်ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပြီးနောက် ယခုနှစ် စီးရီးအေပြိုင်ပွဲအား အပြီးသတ်သည်အထိကျင်းပသွားရန် သဘောတူညီခဲ့ခြင်း ဖြစ်သည်။ အသင်းများမှ တာဝန်ရှိသူများသည် လေ့ကျင့်မှုအစီအစဉ်များကို မေ ၄ ရက် တွင် ပြန်လည်စတင်ရန် ဆန္ဒရှိနေပြီး ပြိုင်ပွဲ ပြန်လည်စတင်မည့် ရက်အတိအကျအား သတ်မှတ်ရခြင်းမရှိသေးသော်လည်း လာမည့် ဇွန်လပထမပတ်တွင် စတင်ရန် ဆွေးနွေးခဲ့ သည်ဟု ဆိုသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ် စီးရီးအေ ပြိုင်ပွဲအား ပွဲစဉ် ၂၆ အထိ ကျင်းပထားပြီးဖြစ်ကာ ဂျူဗင်တပ်အသင်းသည် ရမှတ် ၆၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဒုတိယနေရာတွင် လာဇီယိုအသင်းက ရမှတ် ၆၂ မှတ်ဖြင့် ရပ်တည်နေသည်။

စီးရီးအေပြိုင်ပွဲဝင် ဘရက်စီယာအသင်း ပိုင်ရှင် မက်ဆီမိုဆီလီနိုက ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေမှုများကြောင့် ယခုနှစ် စီးရီးအေပြိုင်ပွဲကို ရပ်ဆိုင်းသင့်သည်ဟု အစောပိုင်းက ပြောဆိုခဲ့သော်လည်း ယခုအခါတွင် ပြိုင်ပွဲကို အပြီးသတ်သည်အထိ ကျင်းပရန် သဘောတူညီခဲ့သည်ဟု ဆိုသည်။ ဘရက်စီယာအသင်းသည် ယခုနှစ် စီးရီးအေပြိုင်ပွဲတွင် နိုင်ပွဲလေးပွဲသာ ရရှိထားကာ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေရသည့်အသင်း ဖြစ်သည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၇၃၂၇ ဦးရှိနေပြီး အဆိုပါဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၅၀၈၅ ဦးရှိကာ ဥရောပနိုင်ငံများအနက် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်ပြီး ရောဂါပိုးကူးစက်မှုတွင် စပိန်နိုင်ငံပြီးနောက် ဥရောပနိုင်ငံများအနက် ဒုတိယမြောက် အများဆုံးနိုင်ငံဖြစ်သည်။

**ထက်အောင်**

# ကြိမ်ဒဏ်သင့် နှလုံးသား

## အန်ကယ်ပညာ

**မိဘတွေဟာ ကိုယ့်ရင်သွေးငယ်လေးတွေရဲ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးလာတာလေးတွေကို မြင်တွေ့ရတဲ့အချိန်တိုင်း အတိုင်းမသိ ဝမ်းသာပီတိဖြစ်ကြရပါတယ်။ ဖွံ့ဖြိုးလာတယ်ဆိုရာမှာ ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်ခုလုံး ပါဝင်ပါတယ်။**

မွေးကင်းစ ပက်လက်အနေအထားကနေ ကိုယ်တိုင်အားယူ မှောက်တတ်လာတာမျိုး၊ မှောက်တတ်ရာကနေ ဝမ်းလျားထိုးသွားတတ်လာတာမျိုး၊ အဲဒီကနေ လေးဖက်ထောက် လေးဖက်သွား၊ မတ်တပ်ရပ် မတ်တပ်သွားတတ်တာမျိုးတွေလို အဆင့်ဆင့်တိုးတက်လာတာတွေကို တွေ့ရင် အဲဒီ မိသားစုလေးဟာ စိုပြည်လာတယ်လို့ ထင်ရပါတယ်။

### ကလေးငယ် တစ်ယောက်ရဲ့ သင်ယူမှု

ဒါတင်မက စကားလေးတွေကို မပီကလာ ပီကလာနဲ့ တစ်လုံးစ နှစ်လုံးစ ပြောလာပြီဆိုရင်လည်း အိမ်ရဲ့ ဆည်းလည်းလေး လူးလွန့်အသက်ဝင်လာသလို ကြည်နူးကြရပါတယ်။ အဲဒီကမှတစ်ဆင့် သူတို့လိုတာ၊ မလိုတာတွေကို တီတီတာတာ ပြောလာတတ်တဲ့ အချိန်တွေမှာတော့ မိသားစုတွေရဲ့ ပျော်ရွှင်ခြင်းဟာ အတိုင်းထက်အလွန် ဖြစ်လာကြပြီပေါ့။

ဒါတွေဟာ လူမမည်ကလေးတစ်ယောက်ရဲ့ လူ့လောကကြီးထဲမှာ လူတစ်ယောက်အဖြစ် အံဝင်ခွင်ကျဖြစ်စေဖို့ သူ့အချိန်အလိုက်ဖွံ့ဖြိုးလာရမယ့် သဘာဝဖြစ်စဉ်နဲ့ သင်ယူမှုဖြစ်စဉ်တွေလို့ပဲ နားလည်ထားပါတယ်။ ဒီနေရာမှာ ကလေးငယ်တစ်ယောက်ရဲ့ သင်ယူမှု ဖြစ်စဉ်တွေထဲက မိဘတွေမှာဖြစ်ပေါ် လာတတ်တဲ့ သဘောသဘာဝလေးတစ်ခုကို ထုတ်နုတ်ဖော်ပြလိုပါတယ်။

ကလေးငယ်တွေဟာ အရာရာကို ကိုယ်တိုင် စူးစမ်းချင်ကြပါတယ်။ စူးစမ်းရင်းနဲ့ သင်ယူကြပါတယ်။ အဲဒီလို စူးစမ်းတဲ့နေရာမှာ အန္တရာယ် မဖြစ်စေဖို့အတွက် လူကြီးမိဘတွေရဲ့ စောင့်ရှောက်ဖေးမမှုတွေ လိုတာပေါ့။ ပူတဲ့အရာဝတ္ထုဟာ ကလေးကို အန္တရာယ်ဖြစ်စေနိုင်တာမို့ သူတို့နားလည်နိုင်တဲ့ ဝေါဟာရတစ်ခုနဲ့တွဲဖက်ပြီး ပူတယ်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာကိုပါ လက်တွေ့ပြထားရင် လူကြီးတွေ ပူတဲ့အရာဝတ္ထုတွေကိုထိတွေ့ကိုင်တယ်တာကိုတွေ့ရင် သူတို့ကတောင် ပြန်ပြီးသတိပေးကြတာကို ကြုံဖူးကြမယ်ထင်ပါတယ်။ ဥပမာ "ပူပူ" ဆိုတဲ့ စကားမျိုးနဲ့ပေါ့။ ကလေးငယ်တွေရဲ့ ဒီလို အပြုအမူ အပြောအဆိုလေးတွေဟာ မိဘတွေရဲ့ဘဝအမောကို ပြေစေတယ်လို့ပြောရင် မှန်ကန်သော သစ္စာစကားပဲ ဖြစ်ပါလိမ့်မယ်။

ကလေးတွေဟာ သင်ယူခြင်းကို လူကြီးမိဘတွေဆီကသာမက မြင်သမျှ၊ တွေ့သမျှ၊ ကြားသမျှတွေကနေ သင်ယူကြပါတယ်။ သူတို့တွေရဲ့ အသစ်အဆန်း သင်ယူတတ်မြောက်တာတွေကို တွေ့မြင်ကြရတဲ့ လူကြီးမိဘတွေကလည်း ဝမ်းမြောက်ကြပါတယ်။ သင်လွယ် တတ်လွယ်တာက ကလေးငယ်တွေရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကို ဖော်ပြနေတာ မဟုတ်ပါလား။

ဒါပေမယ့် ကလေးငယ်တွေရဲ့ သင်ယူတတ်မြောက်မှုတွေထဲက မကောင်းတဲ့ အတုယူခြင်းတွေကိုတော့ မိဘတွေမှာ စိတ်နှစ်ခွဖြစ်ကြရပါတယ်။ အဲဒါကတော့ ချစ်ခြင်းနဲ့ မနှစ်မြို့ခြင်းပါပဲ။ ဥပမာအားဖြင့် ပတ်ဝန်းကျင်က လူတစ်ယောက်ရဲ့ ဆဲရေးတိုင်းထွာခြင်းကို အတတ်သင်နေတာမျိုးပေါ့။ စကားသင်တဲ့ အရွယ်လေးလည်းဖြစ်ပြန်၊ ပြောနေတဲ့စကားကလည်း အဆဲစကားလေးဖြစ်နေပြန်ဆိုတော့ လူကြီးမိဘတွေအနေနဲ့ သူဆဲနေတာလေးက နားထောင်လို့ ကောင်းပြီး ချစ်စရာလေးလိုတောင် ထင်ကြမှာပါ။ တစ်ဖက်မှာက ကောင်းတဲ့အတတ် မဟုတ်တော့ လူကြီးမိဘတွေအနေနဲ့ မနှစ်မြို့ဘူးပေါ့။

### လမ်းမှန်ရောက်စေချင်သည့် စေတနာ

ဒီတော့ ကလေးငယ်ကို ချော့တန်ချော့၊ ခြောက်တန်ခြောက် ပြုပြင်ပေးကြရပါတယ်။ ကိုယ့်ကလေးငယ်လေးတွေ ဒီထက်အရွယ်ရလာပြီး ကျောင်းနေအရွယ်ရောက်လာတဲ့ အချိန်တွေမှာလည်း ဒီအတိုင်းပါပဲ။ ကလေးတွေရဲ့ သိမှုအရဖြစ်စေ၊ မသိမှုအရဖြစ်စေ သင်ယူလုပ်ဆောင်ချက်တွေဟာ ရေရှည်မှာ သူတို့ဘဝတိုးတက်ရေးနဲ့ မိသားစုဘဝပုံရိပ်ကို ထိခိုက်စေနိုင်တယ်ဆိုရင် သွန်သင်ဆုံးမပေးကြရပြန်ပါတယ်။ ဒါကလည်း အထက်မှာ ပြောခဲ့သလိုချစ်မှုနဲ့ မနှစ်မြို့မှုအပြင် ကိုယ့်သားသမီးတွေကို ဘဝတစ်သက်တာမှာ လမ်းကြောင်းမှန်ပေါ်မှာပဲ ရှိနေစေချင်တဲ့ မေတ္တာစေတနာနဲ့ ဖြစ်ပါတယ်။

မိဘတွေက သားသမီးတွေကို သွန်သင်ဆုံးမတဲ့နေရာမှာ စာရေးသူကိုယ်တိုင်ကြုံခဲ့ရတာလေးကို ပြောပြချင်ပါသေးတယ်။ ဒါကလည်း သူတစ်ပါးအတွေ့အကြုံကို ဖော်ပြမယ်ဆိုလျှင် မသင့်လျော်လို့ပါ။ ၁၉၇၃ခုနှစ်၊ မိတ္ထီလာမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယကျောင်းအုပ်ကြီးနေအိမ်မှာဖြစ်ခဲ့တာပါ။ စာရေးသူက တတိယတန်း ဖြစ်ပါတယ်။ ဒုတိယကျောင်းအုပ်ကြီးဆိုတာက စာရေးသူရဲ့ အဖေဖြစ်ပါတယ်။

ဒီအကြောင်း မပြောခင် စာရေးသူရဲ့ အဖေအကြောင်း အရင်ပြောထားမှ သင့်မယ်ထင်ပါတယ်။ အဖေရဲ့အသက်မွေးဝမ်းကျောင်းအလုပ်က ကျောင်းဆရာ ဖြစ်ပါတယ်။ ကျောင်းက ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေနဲ့ အဆောင်နေကျောင်းသားတွေအပေါ်မှာ စည်းကမ်း အလွန်ကြီးပါတယ်။ အဲဒီခေတ်က ကျောင်းသား၊ ဆရာ၊ မိဘအားလုံးက ဆရာ့ဝတ်တစ်ပါးဖြစ်တဲ့ ဘေးရန်ဆီးကာဆိုတဲ့အချက်ကို အလေးအနက် ခံယူနားလည်ခဲ့ကြပုံ ရပါတယ်။

ကျောင်းမှာ အဲဒီလို စည်းကမ်းနဲ့ ကိုင်တွယ်သလိုပဲ စာရေးသူတို့ မောင်နှမတွေအပေါ်မှာလည်း တူညီတဲ့ စည်းကမ်းနဲ့ ကိုင်တွယ်တာပါပဲ။ ဒါကြောင့် သားကြီးဖြစ်တဲ့ စာရေးသူလည်း ကြိမ်လုံးဓာတ်စာ ခဏခဏ မိခဲ့ပါတယ်။ တစ်ခါမှာတော့ ကြိမ်လုံးကိုင်ထားပေမယ့် ဓာတ်စာအကျွေးမခံရတာလေး ကြုံခဲ့ရပါတယ်။ ဒါကိုတော့ စာရေးသူတစ်သက် မမေ့သလို သွားလေသူ ဖခင်ကြီးကိုလည်း ကျေးဇူးအဖန်ဖန် တင်နေမိပါတယ်။

ဆက်ရမယ်ဆိုရင် အဲဒီအချိန်က မိတ္ထီလာမြို့ "ဇွဲ" ရုပ်ရှင်ရုံမှာ "လက်တစ်ဖက်ဓားသမား" ဇာတ်ကားကြီး ပြသနေပါတယ်။ ဇာတ်ကားနာမည်အမှန်တော့ မဟုတ်ပါဘူး။ ကြည့်ပြီးတဲ့ ကျောင်းနေသူငယ်ချင်းတွေ ပြောပြချက်အရ ဇာတ်ကားနာမည်ကို အဲဒီလိုပဲ မှတ်သားခဲ့တာပါ။ ပြောရရင်တော့ အဲဒီ ဇာတ်ကားကို အလွန်ပဲ ကြည့်ချင်ခဲ့ပါတယ်။

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်တဲ့တစ်ရက်မှာ အိမ်နီးချင်းသူငယ်ချင်းတွေနဲ့ ဆုံဖြစ်တော့ အဲဒီ ရုပ်ရှင်အကြောင်းပြောကြရင်း သွားကြည့်ကြဖို့ တိုင်ပင်ကြပါတယ်။ သူငယ်ချင်းဆိုပေမယ့် အဲဒီအထဲမှာ ကျွန်တော်အသက်အငယ်ဆုံးပါ။ အဲဒီမှာ အဓိကပြဿနာက ရုံဝင်ကြေးအတွက် ပိုက်ဆံမရှိတာပါပဲ။ ဒါကို ဖြေရှင်းဖို့ စာရေးသူက နံရံမှာချိတ်ထားတဲ့ အဖေ့အင်္ကျီအိတ်ထဲက ၂၅ ကျပ်တန်တစ်ရွက်ကို မပြောမဆိုဘဲယူခဲ့ပါတယ်။

ရုပ်ရှင်ရုံရောက်တော့ နေ့ခင်း ၁ နာရီ ပွဲကို သူငယ်ချင်းခြောက်ယောက် ငါးမူးတန်းက ကြည့်ကြတယ်။ ပြီးတော့ အပြန်မှာ ရေကျော် ခုနစ်ပေါက်နားက လေတပ်စားသောက်ဆိုင်မှာ တို့ဟူးကြော် သုံးကျပ်ဖိုး စားကြပါတယ်။ အကြော်က တစ်ခုဆယ်ပြားဆိုတော့ အဲဒီ လောက်ဖိုးနဲ့တင် ဝနေကြပါပြီ။ ရုပ်ရှင်ကြည့်ပြီး အကြော်အဝစားတာတောင် ခြောက်ကျပ်ပဲ ကုန်တယ်ဗျာ။ ယူလာတဲ့ ပိုက်ဆံက သုံးလို့ မကုန်နိုင်ဘဲ သက်သေခံအဖြစ် ၁၉ ကျပ် ကိုယ်နဲ့အတူ ပြန်ပါလာတာကို ပြောချင်တာပါ။ အဲဒီလိုယူသွားတဲ့ ပိုက်ဆံမကုန်ဘဲ ပြန်ပါလာတာကိုက စာရေးသူအတွက် ကံကောင်းတယ်လို့ဆိုရမှာပါ။

အိမ်ပြန်ရောက်တော့ အဖေက စာရေးသူရဲ့ အင်္ကျီအိတ်ကပ်ထဲက ၁၉ ကျပ်ကို သိမ်းလိုက်ပါတယ်။ ခါတိုင်းလိုဆို စစ်လားဆေးလား လုပ်ပြီး ကြိမ်လုံးစာကျွေးခံရမှာ သေချာပါတယ်။ အခုကိစ္စမှာတော့ စာရေးသူရဲ့ အဖေဟာ ပိုက်ဆံသိမ်းတာကလွဲလို့ ဘာမှလည်း မပြော၊ ဘာမှလည်း မလုပ်ခဲ့ပါဘူး။ အဲဒါ တော်တော်ခံရခက်ပါတယ်။ ဘာကြောင့်ရယ်လို့ မပြောတတ်ပေမယ့် မေးပြောပြီး အရိုက်ခံလိုက်ရတာကမှ တော်ဦးမယ်လို့ ထင်ခဲ့မိပါတယ်။ ဒီထက် ပိုဆိုးတာကိုတော့ နောက်တစ်နေ့ မနက်ပိုင်း ကျောင်းစတက်တဲ့ အချိန်လေးမှာ ကြုံခဲ့ရပါတယ်။

အဖေဟာ ကျောင်းသွားဖို့ အဝတ်အစားလဲပြီး သူဆောင်နေကျ ကြိမ်လုံးတစ်လုံးကို ကိုင်လျက်သားနဲ့ အိမ်ရှေ့တမာပင်အောက်က ကွပ်ပျစ်လေးပေါ်မှာ ထိုင်စောင့်နေပါတယ်။ ကွပ်ပျစ်ရဲ့ဘေး သူနဲ့တည့်တည့်မှာ ခွေးခြေထိုင်ခုံတစ်လုံး ချထားပါတယ်။ စာရေးသူ ကျောင်းသွားဖို့ အိမ်ကထွက်လာတဲ့အချိန်မှာ လှမ်းခေါ်ပြီး သူ့ရှေ့က ခွေးခြေထိုင်ခုံပေါ်မှာ မျက်နှာချင်းဆိုင် ထိုင်ခိုင်းထားပါတယ်။ သူ့လက်ထဲက ကြိမ်လုံးကို လေထဲမှာ တဆဆ လုပ်နေပေမယ့် ဘာမှတော့ မပြောသေးပါဘူး။

အဲဒီအချိန်မှာ ကျောင်းတက်လာကြတဲ့ ကျောင်းကားတွေ တစ်စီးပြီး တစ်စီး ရောက်လာနေပါတယ်။ ကားပေါ်ကဆင်းလာတဲ့ ဆရာတွေ ဆရာမတွေက အဖေ့ကို "မင်္ဂလာပါ ဆရာကြီး" လို့ နှုတ်ဆက်သွားကြသလို တချို့ကလည်း စပ်စုတဲ့သဘောနဲ့ ကြည့်ကြည့်သွားကြပါတယ်။ အနားက ဖြတ်သွားတဲ့ ကျောင်းသူ ကျောင်းသား အကြီး၊ အငယ်အစုံကလည်း စာရေးသူတို့ သားအဖကို ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြတယ် ထင်ပါတယ်။

အနားမှာ လူပြတ်သွားတဲ့အချိန်မှာတော့ မနေ့က ပိုက်ဆံတွေ ဘာသုံးခဲ့သလဲလို့ မေးပါတယ်။ စာရေးသူကလည်း ရုပ်ရှင်ကြည့်တယ်၊ အကြော်စားတယ်ပဲ ဖြေရတာပေါ့။ ကျောင်းကား တစ်စီး ထပ်ရောက်လာရင် ဘာမျှဆက်မမေးဘဲ ရပ်ထားပြန်ပါတယ်။ အဲဒီအချိန် စာရေးသူ အကြောက်ဆုံးက လူတွေရှေ့မှာ အမေးခံရမှာနဲ့ ပြန်ဖြေရမှာကို ကြောက်နေတာပါ။ မနက်ပိုင်းကျောင်းစတက်တဲ့အချိန်လေးက တစ်ကမ္ဘာကြီး လောက်တောင်ကြာတယ် ထင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်လိုက်တာလည်း မပြောပါနဲ့တော့။

### ထပ်ခါတလဲလဲ မေးနေခဲ့

ဒီလိုနဲ့ အနားမှာ လူပြတ်သွားတဲ့အချိန်တွေမှာ ဒီမေးခွန်းကိုပဲ ထပ်ခါတလဲလဲ မေးနေခဲ့ပါတယ်။ စာရေးသူကလည်း ဒီအဖြေကိုပဲ မေးတဲ့အချိန်တိုင်း ပြန်ဖြေခဲ့ပါတယ်။ ယူသွားတဲ့ ပိုက်ဆံမကုန်ဘဲ ပြန်ပါလာတာကို ကံကောင်းတယ်လို့ ပြောခဲ့ပါတယ်။ အကယ်၍များ ယူသွားတဲ့ ပိုက်ဆံကုန်လာခဲ့ရင် အဖေကလည်း သတိမထားမိတာ ဖြစ်နိုင်သလို သတိထားမိလို့ စစ်လားဆေးလားလုပ်ရလျှင်လည်း စာရေးသူက မယူပါဘူးလို့လည်း ဖြစ်သွားနိုင်ပါတယ်။ ဒါဆိုရင် ဒီအပြုအမူဟာ အမှားကြီးပါလား ဆိုတဲ့အသိ ကိုယ်တိုင်ရရှိအောင် သွန်သင်ဆုံးမခံရတဲ့ အခွင့်အရေးလည်း ဆုံးရှုံးခဲ့ရလိမ့်မယ် ထင်ပါတယ်။

အဲဒီနေ့က အဖေနောက်ဆုံးပြောခဲ့တဲ့ စကားက "မင်းတို့ ငါးမူးတန်းက ကြည့်ရတာ ပိတ်ကားနားကပ်နေတာဆိုတော့ မကောင်းလောက်ပါဘူးကွာ။ ဒီတစ်ခါကြည့်ရင် မင့်သူငယ်ချင်းတွေခေါ်ပြီး တစ်ကျပ်တန်းက သွားကြည့်ကြ" ဆိုတာပါပဲ။

အဲဒီတုန်းက ရုပ်ရှင်တစ်ကားကို တစ်လလောက်ရုံတင်ကြတာဆိုတော့ အဲဒီ ဇာတ်ကားကိုပဲ နောက်တစ်ပတ် ကျောင်းပိတ်ရက်မှာ အဖေပေးတဲ့ ပိုက်ဆံနဲ့ သူငယ်ချင်းတွေခေါ်ပြီး တစ်ကျပ်တန်းက သွားကြည့်ဖြစ်ခဲ့ပါတယ်။ အဖေပြောသလိုပဲ တကယ်ကို ကြည့်လို့ ကောင်းခဲ့ပါတယ်။ တကယ်တော့ အဖေဟာ စာရေးသူကျူးလွန်တဲ့အပြစ်အတွက် ကြိမ်ဒဏ်ပေးခဲ့တာပါ။ ခန္ဓာကိုယ်အစား စာရေးသူရဲ့နှလုံးသား တည့်တည့်ကိုပေါ့။ ။

> **"ကလေးတွေရဲ့ သိမှုအရဖြစ်စေ၊ မသိမှုအရဖြစ်စေ သင်ယူလုပ်ဆောင်ချက်တွေဟာ ရေရှည်မှာ သူတို့ဘဝတိုးတက်ရေးနဲ့ မိသားစုဘဝပုံရိပ်ကို ထိခိုက်စေနိုင်တယ်ဆိုရင် သွန်သင်ဆုံးမပေးကြရပြန်ပါတယ်။ ဒါကလည်း အထက်မှာပြောခဲ့သလို ချစ်မှုနဲ့ မနှစ်မြို့မှုအပြင် ကိုယ့်သားသမီးတွေကို ဘဝတစ်သက်တာမှာ လမ်းကြောင်းမှန်ပေါ်မှာပဲ ရှိနေစေချင်တဲ့ မေတ္တာစေတနာနဲ့ ဖြစ်"**

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရန်ကုန်) မှ ခရိုင်နှစ်ခုအတွင်း ကိုဗစ် - ၁၉ အသိပညာပေးဆောင်ရွက်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ အရှေ့ပိုင်းခရိုင် တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံး အရာထမ်း၊ အမှုထမ်းများ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က အသိပညာပေးဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "ဒီနေ့တော့ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈-ရပ်ကွက်၊ ၄-ရပ်ကွက်၊ ရန်အောင်ရပ်ကွက်၊ သုမင်္ဂလာရပ်ကွက်၊ နန္ဒင်းကုန်း ရပ်ကွက်၊ ဆ-(က/ခ)ရပ်ကွက်၊ ဇ(တောင်/မြောက်) ရပ်ကွက်၊ ငမိုးရိပ်ရပ်ကွက်၊ စံပြရပ်ကွက်၊ လေးဒေါင့်ကန်ရပ်ကွက်နဲ့ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ အမှုထမ်းရပ်ကွက်အုပ်စု၊ အုတ်ဖိုစုရပ်ကွက်၊ ညောင်လေးပင်ကျေးရွာတို့ကို ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့ အသိပေးကြေညာချက်တွေကို ခရိုင်နှစ်ခုမှ မြို့နယ်တွေက ရပ်ကွက်ပြည်သူတွေ လိုက်နာနိုင်ကြဖို့ ကိုဗစ်–၁၉ အသိပညာပေးလုပ်ငန်းတွေ နံနက်ပိုင်းကစပြီး ဆောင်ရွက်ခဲ့ပါတယ်" ဟုပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ–မျိုးကြီး**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းအတွက် လှူဒါန်း

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းခြင်းကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ ၂ ၌ ပြုလုပ်သည်။

လာရောက် လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံယူခဲ့သည်။ **(အောက်ပုံ)** မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၃၇၄ တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် အခြားလိုအပ်သော ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ရွှေအုတ်ခဲ ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ပစ္စည်းများကို လည်းကောင်း၊ သုခမ္မဓဏီဇောတရေ ဦးဝင်းနှင့် ဇနီး ဒေါ်သန်း မိသားစုက ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ပစ္စည်းများကိုလည်းကောင်း၊ ဂမုန်းပွင့် ကုမ္ပဏီ လီမိတက်က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းရှင်များအသင်းက နှာခေါင်းစည်း ၁၂၀၀၀ ကို လည်းကောင်း၊ Hein Myanmar Industrial Co., Ltd. က ငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း ၆၀၀၀၊ နှာခေါင်းစည်း ၂၀၀၊ လက်အိတ်အစုံ ၁၅၀၀ စုစုပေါင်းငွေကျပ် ၃၆၅၀၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များ အသင်းက နှာခေါင်းစည်း ၅၀၀၀ ကိုလည်းကောင်း၊ ဦးသိန်းမောင် မိသားစု (ပဲခူးမြို့) က ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ပစ္စည်းများကိုလည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အသုံးပြုရန် လာရောက်လှူဒါန်းခြင်း ဖြစ်သည်။



ယခုလှူဒါန်းသည့် ကာကွယ်ရေးပစ္စည်းများကို တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် လိုအပ်လျက်ရှိသည့် နေရာများသို့ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# တောင်ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းအချို့တွင် ဆွမ်းမခက်ရန် စေတနာရှင်များ ပူးပေါင်းလှူဒါန်း

**ရန်ကုန် မေ ၂၃**

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း ဘုန်းကြီးကျောင်းအချို့တွင် ဆွမ်းအခက်အခဲ မဖြစ်ပေါ်စေရန် စေတနာရှင်များ ပူးပေါင်းလှူဒါန်းနေသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၄) ရပ်ကွက်ရှိ ကြာကန်ကျောင်းတိုက်၊ (၁၈) ရပ်ကွက်ရှိ မဟာဓမ္မိကာရာမ ပုဂံတိုက်သစ်ကျောင်းတိုက်၊ (၂၅) ရပ်ကွက်ရှိ လောကချမ်းသာသိမ်ကျောင်းတို့တွင် ဆွမ်းအခက်အခဲမဖြစ်ပေါ်စေရန် ဆန်၊




ဆီနှင့် အခြားအစားအသောက်များ လှူဒါန်းခြင်းဖြစ်သည်။ ဆွမ်းအလှူကို ဦးစိုးညွန့်+ဒေါ်ရင်ရင်မြိုင်မိသားစုက ကမကထပြုကာ မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော် မိသားစုက ဆန်နှင့် ဆီအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် အလှူရှင်များက ဆန်၊ ဆီ၊ ကြက်သွန်နှင့် အလှူငွေများကို လှူဒါန်းခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကာလအတွင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းအချို့တွင် နေ့ဆွမ်းနှင့် အရုဏ်ဆွမ်း အခက်အခဲမဖြစ်ပေါ်စေရန် အလှူရှင်များ၏ ဆက်လက်လှူဒါန်းမှုအပေါ် မူတည်၍ ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ချင်းပြည်နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ဟားခါး မေ ၂၃**

ချင်းပြည်နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထုတ်ပြန်ထားသောအမိန့်နှင့် ညွှန်ကြားချက်များကို ပြည်သူများ သိရှိလိုက်နာမှု မရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ ကျင်းပသော ပြည်နယ် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ၁၁/၂၀၂၀ အစည်းအဝေး ဆွေးနွေး ဆုံးဖြတ်ချက်များအရ သိရသည်။

အစည်းအဝေးသို့ ချင်းပြည်နယ် ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကာလအတွင်း ပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသော အမိန့် ညွှန်ကြားချက်များ၊ ပန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ပန်ကြားချက်များကို မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းတွင် ပြည်သူများ သိရှိနိုင်စေရေး အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး။

ပြည်နယ်အတွင်း တိုင်းရင်းသားဘာသာစကားများဖြင့် အသိပညာပေးဟောပြောခြင်း၊ တိုင်းရင်းသားဘာသာဖြင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများဖြင့် ဆောင်ရွက်ခြင်း၊ နေ့စဉ် ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များ အပါအဝင် ဈေးများ၌ ဈေးရောင်းသူ၊ ဈေးဝယ်သူများ လိုက်နာဆောင်ရွက်ရမည့် အချက် (၇) ချက်တို့ကို လိုက်နာနိုင်ရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရန် အပါအဝင် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင် ရေးလုပ်ငန်းများနှင့် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

အစည်းအဝေး ဆုံးဖြတ်ချက်များပါ အကြောင်းအရာများမှ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရန် အချက်များကို ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ အားလုံးကို ဆက်လက်ညွှန်ကြားမည်ဖြစ်ကြောင်း၊ မေ ၂၃ ရက်ကစ၍ ချင်းပြည်နယ် ဟားခါးမြို့အတွင်း၌ နယ်မြေတာဝန်ခံ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး ကြီးကြပ်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူငယ်အဖွဲ့အစည်းများ ပါဝင်သော ပူးပေါင်းအဖွဲ့များက ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**



ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ၁၁ /၂၀၂၀ အစည်းအဝေး ကျင်းပစဉ်။

# ကနီမြို့နယ်အတွင်း လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**ကနီ မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကနီမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ သွားရောက်ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကင်းအုပ်စုနှင့် ခုံကြီးအုပ်စုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းတို့သည် မေ ၂၁ ရက်က အမိုးလန်ပျက်စီးခဲ့သော အထက်ကင်းကျေးရွာနှင့် ကင်းကျေးရွာမှအိမ် ၂၂ လုံးမှ လူဦးရေ ၉၀ အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၈၉၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ၆၄၀၀၀၀၊ ခုံကြီးကျေးရွာအုပ်စု ပါဟဲတောင်နှင့် ပါဟဲမြောက်ကျေးရွာ အမိုးလန်အိမ် ခုနစ်လုံးမှ လူဦးရေ ၂၅ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၅၂၅၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၁၇၅၀၀၀ တို့ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့တစ်ဆင့် ထောက်ပံ့ပေးခဲ့ကြောင်း၊ ကျေးရွာ ခြောက်ရွာမှ အိမ် ၃၃ လုံး အမိုးလန် အိမ်များမှလူဦးရေ ၁၃၉ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ငွေကျပ် ၂၉၁၉၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၈၉၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်ဝင်းကြည် (ပြန်/ဆက်)**

# ပဲခူး၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပဲခူး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေး ဦးဆောင်သော ဌာနစုံ ပါဝင်သည့် အသိပညာပေး၊ လက်ကမ်း စာစောင်ဖြန့်ဝေပေးရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီအဖွဲ့သည် ယမန်နေ့က ပဲခူးမြို့ရှိ ဈေးများတွင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဆောင်သော ကော်မတီ အဖွဲ့သည် ပဲခူးမြို့ဘုရားဈေး၊ ဖက်တန်းဈေးနှင့် မြို့မဈေးကြီးတို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးများကို ပြည်သူများ မိမိကိုယ်ကိုယ်ကျန်းမာရေး စောင့်ရှောက်ဆောင်ရွက်တတ်စေရန်၊ မဖြစ်ခင်က ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်၊ ပေါ့ဆမနေဘဲ မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် ကျန်းမာရေးသည် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့အဝင် အင်းတကော်မြို့ (သစ်တောဂိတ်) ၌ ဖွင့်လှစ်ထားသော ကိုဗစ် – ၁၉ ကာကွယ်တားဆီးရေး စုပေါင်း စစ်ဆေးရေးဂိတ်သို့ သွားရောက်ပြီး ခရီးသည်များအား ကိုယ်အပူချိန်တိုင်း စက်ကိရိယာများဖြင့် တိုင်းတာပေးခြင်း၊ ခရီးသွားပြည်သူများအား ကျန်းမာရေး အသိပညာပေး ဆောင်ရွက်မှုများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**



# ကယားပြည်နယ်အတွင်း လယ်ယာဝန်ဆောင်မှုလုပ်ငန်းများအတွက် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်

**လွိုင်ကော် မေ ၂၃**

ကယားပြည်နယ်အတွင်း မြို့နယ်များရှိ သမဝါယမအသင်းများမှ အသင်းသား တောင်သူများနှင့် တောင်သူဦးကြီးများ အနေဖြင့် လယ်ယာလုပ်သားအခက်အခဲကြောင့် လယ်ယာလုပ်ငန်း နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးနှင့် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများ အသုံးပြု၍ ထွန်ယက်စိုက်ပျိုးနိုင်ရေးတို့အတွက် ပြည်နယ်သမဝါယမဦးစီးဌာနအစီအစဉ်ဖြင့် ကယားပြည်နယ်အတွင်း လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

တောင်သူ ဦးကြီးများအနေဖြင့် လယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူ ဆောင်ရွက်ရန် လိုအပ်ပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့အတွင်း လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း နှစ်သင်းတို့ကို ဖွဲ့စည်းထားရှိပြီး လယ်ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ လယ်ယာဝန်ဆောင်မှု လုပ်ငန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားတောင်သူများ၊ တောင်သူဦးကြီးများ အနေဖြင့် လယ်ယာဝန်ဆောင်မှု အကူအညီရယူလိုပါက ဦးလှမြင့် ဒုတိယညွှန်ကြားရေးမှူး ပြည်နယ်သမဝါယမဦးစီးဌာန ဖုန်း- ၀၉-၄၂၈၁၃၂၆၂၃၊ ဦးလှဖေ (ဥက္ကဋ္ဌ) ပြည်နယ်သမဝါယမအသင်းစုချုပ် ဖုန်း- ၀၉-၈၉၄၂၄၁၁၀၅၊ ဦးဝင်းထွန်း (ဥက္ကဋ္ဌ) လွိုင်ကော်မြို့နယ် သမဝါယမအသင်းစု ဖုန်း- ၀၉-၄၁၀၀၇၈၇၁၊ ဦးမိုးရယ်မြင့်(ဥက္ကဋ္ဌ) ငွေတောင်ပြည် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်း၊ ဖုန်း-၀၉-၇၈၀၅၃၆၈၁၁ ၊ ဦးအေးသောင် (ဥက္ကဋ္ဌ) ဒီးမော့ဆိုမြို့နယ် သမဝါယမအသင်းစု၊ ဖုန်း- ၀၉-၇၈၀၇၁၇၅၃၂၊ ဦးနိုရီစိုး (ဥက္ကဋ္ဌ) ကန္တရဝတီ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်း၊ ဖုန်း- ၀၉-၇၈၇၁၉၉၅၄၄ တို့နှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**လှမြင့်**





# ကြက်သွန်ခင်းများအတွင်း သီးညှပ်စိုက်ပျိုးထားသည့် ကြက်တူရွေးပဲသီးများဈေးကောင်းရ

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင် ကျေးရွာများ၌ ကြက်သွန်စိုက်ပျိုးချိန်က သီးထပ်သီးညှပ် စိုက်ပျိုးထားသော ကြက်တူရွေးပဲသီးများပေါ်ချိန် ဈေးကောင်းရရှိနေခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်နေကြကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာမှ တောင်သူ ဦးတင်ထွန်းအောင်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင် ကျေးရွာအများစုသည် ကြက်သွန်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် ကြက်သွန်ခင်းပေါ်များပေါ်သို့ တစ်ပေခြား စိုက်ပျိုးထားကာ ကြက်သွန်ရေလောင်းချိန် ကြက်သွန်ကိုသာ ဦးစားပေးရေလောင်းကြပြီး ကြက်သွန်နုတ်ပြီးချိန်မှသာ သီးညှပ်စိုက်ပျိုးထားသည့် ပဲပင်များကို ပေါင်များ ပြန်လည်ပြုပြင်ကာ ရေလောင်း၊ မြေဩဇာကျွေးကြကြောင်း သိရသည်။

ကြက်တူရွေးပဲများကို သိပ္ပံပဲဟုလည်းခေါ်ဆိုကြောင်း၊ အသီးစပေါ်ချိန် တစ်ပိဿာ ငွေကျပ် ၁၃၀၀ အထိ ဈေးရရှိပြီး ကြက်တူရွေးပဲသီးများ လှိုင်လှိုင်ပေါ်ချိန် တစ်ပိဿာ ငွေကျပ် ၁၇၀၀ အထိဈေးရရှိခြင်းကြောင့် သီးထပ်သီးညှပ် စိုက်ပျိုးသည့် တောင်သူများ တွက်ခြေကိုက်ကြကြောင်း မုန့်ကုန်းကျေးရွာမှ ဦးနန်းတင်က ပြောသည်။

ကြက်သွန်တစ်ပိဿာ ငွေကျပ် ၅၀၀ ဈေးသာရှိနေချိန် ကြက်တူရွေးပဲတစ်ပိဿာ ငွေကျပ် ၁၂၀၀မှ ၁၇၀၀ ဈေးအထိရှိနေခြင်းကြောင့် ကြက်တူရွေးပဲစိုက်တောင်သူများ အဆင်ပြေနေကြပြီး လဲဂွ၊ ညောင်ဖြူပင်၊ လက်ပံအိုင့်၊ ကုန်းတဲ၊ ဆပ်ပြာကျင်း၊ မုန့်ကုန်း၊ အမှတ်သုံး၊ အမှတ်လေး၊ ကင်းမွန်းခြံ၊ မကျီးတိုင်း၊ စည်ပင်သာ ကျေးရွာများသည် ဆောင်းကြက်သွန် အမြောက်အမြား စိုက်ပျိုးကြကာ ကြက်တူရွေးပဲကို သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ အဆိုပါထွက်ရှိလာသည့် ကြက်တူရွေးပဲများကို ကျောက်ပန်းတောင်း မြို့မဈေးသို့ အခင်းရှင်ကိုယ်တိုင် သွားရောက်ရောင်းချခြင်း၊ ပွဲစားများ လာရောက်ဝယ်ယူကြခြင်းများကြောင့် သီးညှပ်ကြက်တူရွေး ပဲစိုက်တောင်သူများ တွက်ခြေ ကိုက်နေကြကြောင်း၊ ကြက်တူရွေးပဲတုံးချိန် ပဲနွယ်များကို နွားစာအဖြစ် အသုံးပြုကြောင်း၊ ကြက်တူရွေး ပဲသီးများပေါ်ချိန် နှစ်ရက်တစ်ခါ ဆွတ်ခူးပေးရကြောင်း ဦးတင်ထွန်းအောင်က ဆက်လက်ပြောသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# အမြို့မြို့အနယ်နယ်တွင် လေပြင်းတိုက်မှုကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မေ ၁၉ ရက်က လေပြင်းတိုက်မှုကြောင့် နမ့်မန်းကျေးရွာတွင် နေအိမ်တစ်လုံးအမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးနေအိမ်တစ်လုံးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အငယ်တန်းစာရေး ဦးမျိုးမင်းသန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်တင်နှင့်အဖွဲ့က အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၀၀၀၀နှင့် ဆန်ရိက္ခာဖိုး ငွေကျပ် ၂၁၀၀ တို့ကို မေ ၂၁ ရက်က လေဘေးသင့်နေအိမ်သို့ သွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝတ်ရည်(ပြန်/ဆက်)**



**နမ္မတူ**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော နေအိမ်ခုနစ်လုံးအတွက် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ တာဝန်ခံ ဒေါ်မြတ်သူနှင်းနှင့် တာဝန်ရှိသူများက မေ ၁၇ ရက်တွင် လေပြင်းတိုက်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော နမ့်မျှော် ကျေးရွာရှိ နေအိမ်ခြောက်လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၆၃၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၇၈၀၀၀ ကို လည်းကောင်း၊ နမ့်ကတ်ကျေးရွာ နေအိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၉၀၀၀၀ ကိုလည်းကောင်း၊ ဆန်ရိက္ခာဖိုးငွေ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့်၊ လူဦးရေ ၃၄ ဦးအတွက် ငွေကျပ် ၇၁၄၀၀ ကို လည်းကောင်း သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာအုပ်စုနှင့် ပေတောကျေးရွာအုပ်စုတို့တွင် လေပြင်းတိုက်မှုကြောင့် နေအိမ် ၂၂ လုံး အမိုးလန်ပျက်စီးမှုအတွက် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၂၁ ရက် က ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု ပေတော(တ) ကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ရာတွင် ပွင့်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ထိခိုက်ပျက်စီးမှုများ လျော့နည်းကျဆင်းစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ထောက်ပံ့ငွေများအား အကျိုးရှိစွာ သုံးစွဲကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လေပြင်းတိုက်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသည့် ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု ပေတော(တ)ကျေးရွာမှ နေအိမ် ၁၂ လုံး၊ ပေတော (မ) ကျေးရွာမှ နေအိမ် ၄လုံး ၊ သရက်တောကျေးရွာအုပ်စု သမင်ခြံကျေးရွာမှ နေအိမ် ၄လုံးတို့အတွက် နေအိမ်တစ်လုံးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ဆင်ပေါင်ဝဲ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်သက်၊ ပြန်/ဆက်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ လေဘေးသင့်အိမ်ထောင်စုများအား မေ ၂၂ ရက်က ထောက်ပံ့ငွေပေးအပ်သည်။

အဆိုပါ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းသည် မေ ၂၁ ရက်က လေပြင်းတိုက်မှုကြောင့် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အမိုးလန်ပျက်စီးနေသည့် ကျေးရွာ ၁၃ ရွာ၏ အိမ်ခြေ ၁၉၁ အိမ် ထဲမှ မေ ၂၂ ရက်က ကျောက်ချက်ကျေးရွာ၊ မွန်းညောင်ပင်သာ၊ ချင်းစု ကျေးရွာတို့ကို ထောက်ပံ့ငွေကျပ် ၄၅၈၀၀၀၀ တို့ကို ပေးအပ်ခဲ့ပြီး ကျန်ရှိနေသည့် လေဘေးသင့်ကျေးရွာများသို့ ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ပြန်/ဆက်)**



ဆင်ပေါင်ဝဲ၌ လေပြင်းတိုက်မှုကြောင့် နေအိမ်များပျက်စီးစဉ်။

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

**နေပြည်တော် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလုည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**



# တန့်ယန်းမြို့နယ်တွင် ပိုးသတ်ဆေးဖျန်းစက်နှစ်လုံးဖြင့် မြို့တွင်းလမ်းများကို ဆေးဖျန်းပေးနေ

**တန့်ယန်း မေ ၂၉**

ကိုဗစ် - ၁၉ ကာကွယ် တားဆီးနိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့တွင် မြို့နယ်မှ တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ဝိုင်းဝန်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းက မြို့နယ်အရန်မီးသတ်တပ်ရင်းမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်နှစ်စီးဖြင့် မြို့နယ်မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းထားသော ပိုးသတ်ဆေးဖျန်းစက်နှစ်လုံးနှင့် မြို့တွင်းလမ်းများ၊ ရပ်ကွက်လမ်းများနှင့် ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် ပိုးသတ်ဆေး ဖျန်းပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ပိုးသတ်ဆေးဖျန်းစက်ကို အမှတ်(၁)ရပ်ကွက်မှ တက်နေဝင်းမိသားစုနှင့် အမှတ်(၁၀) ရပ်ကွက်မှ ဦးဆန်လူးတို့က လှူဒါန်းထားခြင်းဖြစ်ပြီး ပိုးသတ်ဆေးရည်များကို နယ်မြေခံတပ်နယ်မှူးနှင့် တပ်နယ်များက နှစ်ပုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နှစ်ပုံး၊ ဟောင်ရင်လိုက် မုန့်တိုက်က တစ်ပုံး၊ အမှတ်(၆)ရပ်ကွက် အဘွား ဒေါ်ခင်ဝေမိသားစုက ဆေးမှုန့်များကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ပြည်မြို့ လယ်ယာထွက်ကုန်ပစ္စည်းလက်ကားရောင်းဝယ်ရေး အမှတ်(၃) သမဝါယမအသင်းလီမိတက်မှ တောင်သူအကျိုးတူလယ်ယာစနစ်ဖြင့် အသင်းသားတောင်သူများအား ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း လက်ကားရောင်းဝယ်ရေးအမှတ်(၃) သမဝါယမအသင်းလီမိတက်က တောင်သူအကျိုးတူလယ်ယာ (Contract Farming) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အသင်းသားတောင်သူ ၂၈၁ ဦး၏ လယ်ဧက ၁၀၉၀ ကို ထွန်ယက်ခြင်း၊ မျိုးစပါးဖြန့်ဖြူးခြင်း၊ အချိန်ကာလအလိုက် ဓာတ်မြေဩဇာပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး ဖြန့်ဖြူးခြင်း၊ သီးနှံပေါ်ချိန်ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို စာရင်းမှတ်စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့နောက် သီးနှံရောင်းချပြီးချိန် လုပ်ငန်းဆောင်တာ ဝန်ဆောင်မှုစရိတ်များကို သင့်တင့်သည့် အတိုးနှုန်းသာ သတ်မှတ်ရယူပြီး ဖြစ်ပေါ်လာသော အကျိုးအမြတ်များအား အကျိုးတူအသင်းသား တောင်သူများသို့ အကျိုးဖြစ်ထွန်းစေသည့်စနစ်ဖြင့် နှစ်ဖက်သဘောတူ စာချုပ်ကို သီးနှံတစ်ရာသီချင်းအလိုက် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဘောလခဲမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း


**ဘောလခဲ မေ ၂၉**

ကယားပြည်နယ် ဘောလခဲမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ဘောလခဲခရိုင် ရဲတပ်ဖွဲ့မှူးယာယီရဲမှူးကြီး စောဖောရှည်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မေ ၂၂ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲစခန်း၊ ငွေတိုက်နှင့် နေအိမ်လိုင်းခန်းများ၊ ကယားပိုင်း ရပ်ကွက်အတွင်းရှိ မြို့မဗဟိုတောင်တန်းသာသနာပြုကျောင်း၊ တရားရိပ်သာ၊ မဟာသိမ်တော် အဆောက်အအုံနေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှရွှေ(ပြန်/ဆက်)**

အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ကူညီကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ

**တက္ကသိုလ်ဇော်ထူးဦး**

**ကူညီကယ်ဆယ်ရေးလုပ်ငန်းဆိုလျှင် လက်မနှေးတတ်သော မြန်မာလူမျိုးများ၏ စေတနာထက်သန်မှုကို နိုင်ငံတကာကပင် အသိအမှတ်ပြုခဲ့၏။ ဒုက္ခရောက်သူကို ကူညီရမည်ဟူသော ဘာသာတရား၏အဆုံးအမသည် မြန်မာလူမျိုးတို့၏ စိတ်သန္တာန်တွင် ကိန်းအောင်းလျက်ရှိကြ၏။ သို့အတွက် မည်သည့်ဘေးဒုက္ခမဆို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသည်မှာ ရိုးရာဓလေ့အစဉ်အလာတစ်ခုပင်ဖြစ်နေသည်။**

ကယ်ဆယ်ရေးလုပ်ငန်းများသည် ကြီးမားကျယ်ပြန့်မှု အတိုင်းအတာပေါ်မူတည်ပြီး တုံ့ပြန်ကယ်ဆယ်ရေးကို ဆောင်ရွက်ကြရ၏။ သာမန်လူမှုကူညီရေးဆောင်ရွက်မှုမျိုးနှင့် မလုံလောက်သည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတွင် စနစ်တကျ စီမံခန့်ခွဲမှုပြုရ၏။ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်မှုရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျဉ်မီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ မြို့နယ်နှင့်ကျေးရွာအဆင့် စသည်ဖြင့် လုပ်ငန်းအစီအစဉ်များကို မိမိတို့နိုင်ငံအလိုက် ရေးဆွဲပြင်ဆင်ထားရ၏။ ထို့အပြင် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ထိတွေ့ညှိနှိုင်းထားကြရသည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ**

မြန်မာနိုင်ငံတွင် '**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ**'ကို ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၂၁ အဖြစ် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့၏။ ယင်းဥပဒေတွင် အခန်း ၉ ခန်းနှင့် ပုဒ်မ ၄၃ ခုပါရှိ၏။ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ အမျိုးသားအဆင့်ကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု၊ ရန်ပုံငွေ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အထွေထွေဟူ၍ ပါရှိသည်။

အဆိုပါဥပဒေတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်ချက်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်း ပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်း အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့် သော်လည်းကောင်း။

ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးမှုဖြစ်ခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားခြင်းကြောင့် လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အဏုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့များယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်စေခြင်းကြောင့်ဖြစ်စေ၊ အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများဖြစ်ကြောင်း ဖော်ပြထားသည်။



**ဖွဲ့စည်းရေး**

ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထား၏။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းထား၏။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဌာနရုံးများသည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရသည်။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် သော်လည်းကောင်း၊ နိုင်ငံတော်၏ နယ်မြေဒေသတစ်ခုခုတွင်သော်လည်းကောင်း၊ အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေးအန္တရာယ်ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါ ယင်းဒေသကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရေးဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟု ယုံကြည်ပါက အဆိုပါဒေသကို အချိန်ကာလနှင့် နယ်မြေဒေသပိုင်းခြားသတ်မှတ်၍ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာနိုင်သည်ဟု ဖော်ပြထား၏။ နိုင်ငံတော်သမ္မတသည် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလနှင့်နယ်မြေဒေသကို လိုအပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သဘာဝဘေးအန္တရာယ်မကျရောက်မီ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန် ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံချက်၊ အစီအစဉ်များ ရေးဆွဲပြီးဆောင်ရွက်ရ၏။ ထိုသို့ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့်အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ) ကို ဦးစားပေးပြီး ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ ထို့အပြင် ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်ဖြစ်သည်။

**ပြစ်မှုပြစ်ဒဏ်များ**

အဆိုပါဥပဒေတွင် ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍လည်းဖော်ပြထား၏။ မည်သူမဆို ဆန်းစစ်ချက်မပြုလုပ်ဘဲ ပေါ့ဆစွာ ဆောင်ရွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုမူမှုကြောင့်ဖြစ်စေ သဘာဝဘေးဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန်အကြောင်းရှိလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တစ်ရပ်ရပ်ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမူခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်သည်။

မည်သူမဆို အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ မဟုတ်မမှန်သတင်းလွှင့်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့အပြင် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း၊ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် တမင်ပျက်ကွက်ပါကလည်း တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ မည်သူမဆို ကယ်ဆယ်ရေးလုပ်ငန်းများအတွက် တာဝန်ပေးအပ်ထားသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် တမင်ပျက်ကွက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာ၊ သို့မဟုတ် အဆောက်အအုံအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းကို ကျူးလွန်ပါကလည်း တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

ဘေးသင့်သူများအား ထောက်ပံ့သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ သဘာဝဘေးအန္တရာယ်ခံစားရသည်ဟု မဟုတ်မမှန်လိမ်လည်၍ တင်ပြတောင်းခံခြင်းအတွက် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်နေသည့် အခါတွင်ဖြစ်စေ၊ ကျရောက်တော့မည့် အခိုက်တွင်ဖြစ်စေ၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့ပါးစေရန်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးလုပ်ငန်းများကို အဟန့်အတားမဖြစ်စေရန်အတွက် ယင်းနေရာရှိ ပြည်သူများအား ဘေးအန္တရာယ်ကျရောက်နိုင်မည့် နေရာနှင့်အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန်၊ သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် ညွှန်ကြားသည်ကိုလိုက်နာရန် တမင်ပျက်ကွက်ပါကလည်း တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး**

သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေအရ အခွန်အကောက် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တာဝန်တစ်ရပ်ရပ် ထမ်းဆောင်ချိန်၌ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် သတ်မှတ်ထားသော ဝတ်စုံကိုဝတ်ဆင်ရန်၊ အမှတ်အသားတံဆိပ်တပ်ဆင်ရန်ခွင့်ပြုထားသည်။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆို အရေးယူခြင်းမရှိစေရဟု ဖော်ပြထားသည်။

**"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ"** သည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများလျော့ပါးစေရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ ။

**"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးစေရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်"**

# ကောလင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ မီးသတ်တပ်ဖွဲ့က သောက်သုံးရေများ သွားရောက်လှူဒါန်း

**ကောလင်း မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ဘုန်းတော်ကြီးကျောင်းများသို့ ကောလင်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကောလင်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့က သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ကောလင်းမြို့ စတုဘုမ္မိက မြို့မပရိယတ္တိ စာသင်တိုက်သို့ သောက်သုံးရေ ဂါလန် ၃၂၀၀၊ စက်ရုံလယ်ပြင်ရပ်ကွက်၊ အနောက်ကျောင်းကြီးတိုက်သို့ သောက်သုံးရေ ဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ ယနေ့ နံနက် ၉နာရီက မြောက်အင်းရပ်ကွက်၊ ဥတ္တရာရာမ ပရိယတ္တိစာသင်တိုက်သို့ သောက်သုံးရေ ဂါလန် ၁၆၀၀ ၊စက်ရုံလယ်ပြင်ရပ်ကွက်၊ အလယ်ကျောင်းကြီးသို့ သောက်သုံးရေ ဂါလန် ၁၆၀၀၊ ကိုဗစ်-၁၉ စောင့်ကြည့်ရေးဌာနသို့ သောက်ရေ သုံးရေ ဂါလန် ၈၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)



ကောလင်းမြို့နယ် မီးသတ်တပ်ဖွဲ့က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ သောက်သုံးရေလှူဒါန်းစဉ်

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အသုံးပြုရန် အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံး လှူဒါန်း

**ရန်ကုန် မေ ၂၃**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုနိုင်ရန်အတွက် တန်ဖိုးငွေ ၂၅၄၈၈၅၃၂ ကျပ်ခန့်တန်ဖိုးရှိ သော အရေးပေါ်အသက်ရှူအထောက်အကူပြုကိရိယာ တစ်လုံးကို ရန်ကုန်မြို့ (၁၃၅/F) သံလွင်လမ်းနေ ဦးခင်မောင်တိုး-ဒေါ်အိအိခင်၊ သား ဒေါက်တာဝင်တိုး (ခေတ္တ USA) မိသားစုတို့က ယမန်နေ့က လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



# မင်းတပ်မြို့၌ ဝန်ထမ်းအိမ်ရာနှင့် ကော်မရှင်ရုံး တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**မင်းတပ် မေ ၂၃**

မင်းတပ်မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး တည်ဆောက်ပြီးစီးမှု အခြေအနေကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ဝင်များက ယနေ့နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်သန်း (၂၅၇ ဒသမ ၉၈၀) ဖြင့် တည်ဆောက်လျက်ရှိသည့် ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ် အဆောက်အအုံသည် ၃၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်းကို Pearl Cherry ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မဂုဏ်ဆောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးအား သွားရောက်စစ်ဆေးရာ ၃၂ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာ ဒေါ်အိအိဝင်း က ရှင်းလင်းတင်ပြခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး က စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းအပြီးသတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆလိုင်းအောင် (ပြန်/ဆက်)



# မင်းဘူးမြို့နယ် ဇရပ်ကြီးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီး

**မင်းဘူး မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဇရပ်ကြီးကျေးရွာတွင် ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ကျေးရွာတွင်းလမ်း အရှည်ပေ ၆၀၀ ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။ ဇရပ်ကြီးကျေးရွာရှိ ကျေးရွာတွင်းလမ်းအား မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး(VDP)စီမံကိန်းမှ ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာပြည်သူလူထုမှ ငွေကျပ် ၄၄ သိန်း ထည့်ဝင်၍ လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၅ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းအဖြစ် မတ်လကုန်ကစတင်၍ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၁၇၅ အိမ်၊ လူဦးရေ ၇၀၈ ဦး နေထိုင်လျက်ရှိကြောင်းသိရပြီး ယခုဆောင်ရွက်သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

မင်းဘူးမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဇရပ်ကြီးကျေးရွာအပါအဝင် ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာပေါင်း ၁၆ ရွာ စိစစ် ရွေးချယ်၍ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေး(VDP) စီမံကိန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ၁၆ ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးက ပြောကြားသည်။

သူရိန်(မင်းဘူး)

# မိုင်းယောင်း၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစက်နှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မိုင်းယောင်း မေ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် "တိုင်းလိုတည်းခိုခန်း"က ငွေကျပ် ၉၅၀၀၀ တန်ဖိုးရှိ ပိုးသတ်ဆေးဖျန်းစက် တစ်လုံးကို မေ ၂၃ ရက်က မြို့နယ်ကြက်ခြေနီအသင်းသို့ လာရောက်လှူဒါန်းသည်။

မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို ပြည်သူအတွက် ရှေ့တန်းနေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသော မြို့နယ် ကြက်ခြေနီအသင်းအတွက် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဆေးဖျန်းစက်၊ PPE ဝတ်စုံ၊ လက်အိတ်၊ နှာခေါင်းစည်း၊ အရက်ပြန်နှင့် လက်ဆေးရည်များကို မိုင်းယောင်းမြို့မှ အလှူရှင်များနှင့် အခြားမြို့များဖြစ်သော မိုင်းယု၊ မိုင်းဖြတ်၊ ကျိုင်းတုံ၊ တာချီလိတ်မြို့မှ အလှူရှင်များလည်း ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)



ကိုဗစ်-၁၉ ကာကွယ်ရေးထောက်ပံ့ပစ္စည်းများ လှူဒါန်းစဉ်

# ပုလောမြို့၌ သောက်သုံးရေလှူဒါန်းခြင်းနှင့် လာမည့်နှစ်အတွင်း ရေအလုံအလောက်ရရှိနိုင်ရေးဆောင်ရွက်

**ပုလော မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များအတွင်း နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ရသည့်အတွက် ပုလောမြို့နယ် ရေပေးဝေရေးကော်မတီနှင့် မြို့နယ်မီးသတ် ဦးစီးဌာနတို့မှ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ဧပြီလမှစတင်၍ ရေများအခမဲ့လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ပုလောမြို့နယ်အတွင်းရှိ မြို့ပေါ်(၅)ရပ်ကွက်တွင် နွေရာသီရောက်တိုင်း သောက်သုံးရေ ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့ရသောကြောင့် ရပ်ကွင်းအတွင်းရှိရေစုကန်များတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ပုလောမြို့နယ်မီးသတ်ဦးစီးဌာနမှ ဂါလန် ၁၂၀၀ ဆံ့ ဌာနပိုင်ရေသယ်ယာဉ်ဖြင့် နေစဉ်ရေဂါလန် ၃၂၀၀ ကို အခမဲ့လှူဒါန်းလျက်ရှိပြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ရေပေးဝေရေးကော်မတီက ကြီးကြပ်၍လည်း ရေပြတ်လပ်သည့်ရပ်ကွက်များသို့ သောက်သုံးရေများကို အခမဲ့သွားရောက်လှူဒါန်းပေးလျက်ရှိပြီး ယင်းသောက်သုံးရေများကို ခမောင်းတောကျေးရွာ ရေချိုချောင်းမှ သောက်သုံးရေများ စုပ်ယူပြီး မြို့ပေါ်ရပ်ကွက်များကို ရေများအခမဲ့ဖြန့်ဝေပေးနေကြောင်း မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထိုက်ထံမှ သိရသည်။

အဆိုပါ ရေရှားပါးမှုများကို ဖြေရှင်းနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ညွှန်ကြားမှုများကို လိုက်နာကာ ပုလောမြို့နယ်မှ ၁၂ မိုင်ခန့် ဝေးကွာသော ဓာတီဝင်းကျေးရွာ၊ တလိုင်းခေါင်းခတ် ရေတံခွန်မှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်အတွင်း စတင်အကောင်ထည်ဖော်ဆောင်ရွက်နေပြီး ရေပိုက်သွယ်တန်းခြင်း လုပ်ငန်း ပြီးစီးသွားပါက လာမည့်နှစ်အတွင်း ပုလောမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေ အလုံအလောက် ရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးထံမှ သိရသည်။

ထူးဝေယံ(ပြန်/ဆက်)

## မော်လမြိုင်ခရိုင်အတွင်း ကျေးရွာများ၌ ယူနီဆက်ပံ့ပိုးမှုဖြင့် ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေး အထောက်အကူပြု ပစ္စည်းများပေးအပ်

**မော်လမြိုင် ဧပြီ ၂၃**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ပူးပေါင်းမှုအစီအစဉ်ဖြင့် မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ ဝန်ထမ်းများသည် မိမိတို့မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း ဧပြီ ၂၃ ရက်က မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ် တားဆီးထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများအား မော်လမြိုင်ခရိုင်အတွင်းရှိမြို့နယ် ခြောက်မြို့နယ်ရှိသည့်အနက် မော်လမြိုင်မြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၊ မုဒုံမြို့နယ်တွင် ကျေးရွာ ၁၀ ရွာနှင့် မြို့ပြ ငါးနေရာ၊ သံဖြူဇရပ်မြို့နယ်တွင် ကျေးရွာ ၁၂ ရွာနှင့် မြို့ပြ နှစ်နေရာ၊ ကျိုက်မရောမြို့နယ်တွင် ကျေးရွာ ခြောက်ရွာနှင့် မြို့ပြ ခြောက်နေရာ၊ ချောင်းဆုံမြို့နယ်တွင် ကျေးရွာ ၁၂ ရွာ၊ ရေးမြို့နယ်တွင်ကျေးရွာ ၁၄ ရွာနှင့် မြို့ပြ သုံးနေရာတို့တွင် ပညာပေးဗီနိုင်း၊ ပိုစတာများ ချိတ်ဆွဲ၍ အသိပညာပေးခြင်း ၊ ရေပုံးရေခွက်များ၊ လက်အိတ်၊ နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာဆီများ ၊ ရေမလို လက်သန့်ဆေးများနှင့် ကျေးရွာသူ / ကျေးရွာ သားများ စနစ်တကျ လက်ဆေးရန် Steel ကန်များ၊ တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အများသုံးလက်ဆေးကန်များကို လူစည်ကားသည့် နေရာများဖြစ်သည့် ဈေးများ၊ ခရီးသွားလာရေးဂိတ်များ၊ ဘာသာရေးဆိုင်ရာနေရာများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ မြို့နယ်ဦးစီးမှူးများနှင့် ရုံးဝန်ထမ်းများမှ အချိန်နှင့် တစ်ပြေးညီ တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီး ရောဂါ မဖြစ်ပွားအောင် ဂရုစိုက်နေထိုင်ကြရန် ကျန်းမာရေးအခြေအနေများ ထူးခြားမှုရှိပါက နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ သွားရောက် သတင်းပို့ရန် ၊ မလိုအပ်ဘဲ ခရီးသွားလာခြင်းများ မပြုလုပ်ကြရန်နှင့် လူစည်ကားသည့် နေရာများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ရန် အစရှိသည့် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများကို ကျေးရွာသူ / ကျေးရွာသားများအား အသိပညာပေး ဆွေးနွေးပြောကြားမှုများလည်း ပြုလုပ်ခဲ့ကြောင်းမော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်ထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**



မော်လမြိုင်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။

## နမ့်ဆန် ပျံကျဈေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**နမ့်ဆန် ဧပြီ ၂၃**
ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပျံကျဈေးတွင် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထက်ဖြိုးဝေနှင့်ဝန်ထမ်းများ၊ လောကပါလ လူမှုကူညီရေးအသင်းသားများက ချုပ်ထားသည့် နှာခေါင်းစည်းများကို ယနေ့ နံနက် ၆ နာရီက ဈေးရောင်း/ဈေးဝယ်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လောကပါလ လူမှုကူညီရေးအသင်းသားများက ချုပ်ထားသည့် နှာခေါင်းစည်း အခု ၁၀၀ နှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်း ထားသည့် တစ်ခါသုံး နှာခေါင်းစည်း အခု ၅၀ ကို နံနက်ခင်းပျံကျဈေး၌ အခမဲ့ဖြန့် ဝေပေးခြင်း၊ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး နည်းလမ်းကောင်းများကို လိုက်နာရန် နှိုးဆော်အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်းအခမဲ့ဖြန့်ဝေမှုကို သုံးရက်ဆက်တိုက် ပြုလုပ်ပေးမည်ဖြစ်ရာ ကျေးရွာများတွင်လည်း သွားရောက် ဖြန့်ဝေသွားမည် ဟုသိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နေသည့် ဘာသာပေါင်းစုံ လူမှုကူညီရေးအသင်းမှ နမ့်ဆန်မြို့အဝင်/အထွက် နေရာများတွင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးနေသည့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား နံနက်စာ၊ နေ့လယ်စာများ ကျွေးမွေးပေးခြင်း၊ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှု၌ ပါဝင်ကူညီ ဆောင်ရွက်မှုများကို တက်တက်ကြွကြွ ပါဝင်ခဲ့ကြောင်း သိရသည်။ **အောင်မိုး(နမ့်ဆန် ပြန်/ဆက်)**



## မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး နေ့စဉ်ဆောင်ရွက်

**မိုင်းဆတ် ဧပြီ ၂၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့အဝင်/ထွက်ဂိတ်များ၌ နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှု စောင့်ကြည့်ကုသရေးကြီးကြပ်မှုကော်မတီ၊ ဌာန ဆိုင်ရာများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့ပူးပေါင်း၍ ယမန်နေ့ညနေ ၆ နာရီအထိ မြို့ဝင်၊မြို့ထွက်ဂိတ်များဖြစ်သည့် ကားဂိတ်မှ ဖြတ်သန်းသွားလာသည့်ပြည်သူ ၃၅၈ ဦး၊ ဆိုက်ခေါင်ဂိတ်မှ ၅၀၀ နှင့် ရွှေဘိုဂိတ်မှ ၃၅၈ ဦး စုစုပေါင်း ပြည်သူ ၁၂၁၆ ဦးအား ကျန်းမာရေးစစ်ဆေးပေးပြီး အရေးကြီးကိစ္စမှလွဲ၍ အပြင်ထွက်ခြင်းကို လျှော့ချပြီး နေအိမ်၌ နေပေးကြရန်၊ မဖြစ်မနေ အပြင်ထွက်ရပါက နှာခေါင်းစည်းများတပ်ဆင်ရန်၊ လက်သန့်ဆေးရည်ဖြင့် လက်ကို မကြာခဏဆေးကြောရန် အသိပညာပေးပြီး နှာခေါင်းစည်း မပါသူများအား နှာခေါင်းစည်းများ အခမဲ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မိုင်းဆတ်မြို့ရှိ အဝင်/ထွက်ဂိတ်(၃)တွင် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အလှည့်ကျတာဝန်ထမ်းဆောင်စေလျက်ရှိပြီး ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

## သီးသန့်နေထိုင်စောင့်ကြည့်မှု ၂၁ ရက်ပြည့်ပြီး နေရပ်ပြန်ပြည်သူ ၃၆ ဦးကို နေအိမ်များသို့ ပြန်ခွင့်ပြု

**တောင်တွင်းကြီး ဧပြီ ၂၃**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ် နိုင်ရေးအတွက် နေရပ်ပြန်ပြည်သူများကို အ.ထ.က (၁) ကျောင်းဝင်းအတွင်းရှိ ဗိသုနိုးဆောင်၊ သုံးထပ်ဆောင်နှင့် စိန်ရတုဆောင်များတွင် အသွားအလာကန့်သတ် သီးသန့်နေထိုင် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သီးသန့်နေထိုင် စောင့်ကြည့်မှု ၂၁ ရက်ပြည့်ပြီးသူ ၃၆ ဦးကို ယနေ့နံနက်က နေအိမ်များသို့ ပြန်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၁ ရက်ပြည့်ပြီးသူ ၃၆ ဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မြင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်ညို၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်သင်းတို့မှ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ပေးထားသော လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ရောဂါလက္ခဏာပေါ်ပေါက်ခြင်း ရှိ / မရှိ ၂၁ ရက် စောင့်ကြည့်၍ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ဆေးလက်မှတ် ထောက်ခံချက်များပေးအပ်ကာ နေအိမ်များသို့ ပြန်ခွင့်ပေးခဲ့ကြောင်းနှင့် နေအိမ်၌လည်း သွားလာထိန်းသိမ်းနေထိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

## ဟိုပင်၌ စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ အိမ်တိုင်ရာရောက်ရောင်းချပေး

**ဟိုပင် ဧပြီ ၂၃**
ကချင်ပြည်နယ်၊ ဟိုပင်မြို့၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ဧပြီ ၂၁ ရက်နေ့ကစ၍ နေ့စဉ် စားသောက်ကုန်များကို အိမ်တိုင်ရာရောက် ရောင်းချပေးသည်။

ဟိုပင်မြို့ ရွှေညောင်ပင်နေ့ဈေး ယာယီပိတ်ထားသဖြင့် မြို့နေပြည်သူများ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေး၊ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်သူများစားသောက်ကုန် အခက်အခဲမဖြစ်စေရန်အတွက် သုံးဘီးယာဉ်နှင့် အိမ်တိုင်ရာရောက် ရောင်းချပေးခဲ့ကြောင်း ရောင်းချပေးသူ ဦးထိန်လင်းက ပြောကြားသည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ဝန်ဆောင်မှုအပြည့် ဈေးနှုန်းချိုသာစွာဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း၊ ဟိုပင်မြို့ တစ်မြို့လုံးကို ဧပြီ ၂၁ ရက်ကစ၍ သုံးဦးစပ်ပြီး ရောင်းချပေးခဲ့ကြောင်း ရောင်းချပေးသူ မမီးမီးနှင့် မောင်နေထူးအောင်တို့က ပြောကြားသည်။

ထိုကဲ့သို့ အိမ်တိုင်ရာရောက် ရောင်းချပေးခြင်းကြောင့် စားသောက်ကုန်များ ဝယ်ယူရာတွင် ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျ ဝယ်ယူနိုင်သဖြင့် ပြည်သူများအတွက် အဆင်ပြေကြောင်း စားသုံးသူ ဒေါ်ခင်အုံးကြည်က ပြောကြားခဲ့ကြောင်း သိရသည်။

**တိုးတိုးမေ-ဟိုပင်**

## အင်းတကော်မြို့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စုပေါင်းစစ်ဆေးရေးဂိတ်မှ ရန်ကုန်မှ လာရောက်သည့် မော်တော်ယာဉ်နှင့် ခရီးသည်များကို စနစ်တကျစစ်ဆေးလျက်ရှိ

**ပဲခူး ဧပြီ ၂၃**
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ရန်ကုန်ဘက်မှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား လိုအပ်သော ကျန်းမာရေးဆိုင်ရာစိစစ်မှုများပြုလုပ်နိုင်ရေးအတွက် ဧပြီ ၂၁ ရက်မှစတင်၍ ပဲခူးမြို့နယ် အင်းတကော်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စုပေါင်းစစ်ဆေးရေးဂိတ်ဖွင့်လှစ်ပြီး မော်တော်ယာဉ်နှင့် ခရီးသွားပြည်သူများကို စနစ်တကျစစ်ဆေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။



အင်းတကော်ရှိ စုပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးနေစဉ်။

အဆိုပါစုပေါင်းစစ်ဆေးရေးဂိတ်၌ Body Screening Device စက်ကို တပ်ဆင်ထားရှိပြီး ပဲခူးမြို့အတွင်းသို့ ရန်ကုန်ဘက်မှလာရောက်ကြသည့် ခရီးသွားပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သစ်တော၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး၊ ဆည်မြောင်း၊ ရဲတပ်ဖွဲ့ စသည့် ဌာနဆိုင်ရာများမှ နေ့စဉ် နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တာဝန်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စုပေါင်းစစ်ဆေးရေးဂိတ်၌ ဧပြီလ ၂၁ ရက်တွင် ရန်ကုန်ဘက်မှ လာရောက်သည့် မော်တော်ယာဉ် အစီးရေ ၄၃၉ စီးနှင့် ခရီးသွားပြည်သူ ၁၂၄၂ ဦးတို့အားလည်းကောင်း၊ ဧပြီလ ၂၂ ရက်တွင် မော်တော်ယာဉ် အစီးရေ ၅၈၀ နှင့် ခရီးသွားပြည်သူ ၁၅၀၀ ဦးတို့အားလည်းကောင်း စိစစ်မှတ်တမ်းယူနိုင်ခဲ့ကြပြီး ဧပြီ ၂၂ ရက်တွင် ခရီးသွားပြည်သူတစ်ဦး ကိုယ်အပူချိန်တိုင်းတာရာ သတ်မှတ်အပူချိန်ထက်ကျော်လွန်သဖြင့် ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ကာ စစ်ဆေးမှုများထပ်မံပြုလုပ်ခဲ့ကြပြီး အဆိုပါခရီးသွားပြည်သူအား ၎င်း၏ သနပ်ပင်မြို့ရှိနေအိမ်တွင် Home Quarantineဖြင့် ပြန်လည်နေထိုင်စေခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

# မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ ဝတ္တကမြေတွင် ဆိုင်ခန်းပေါင်း ၈၀၀ ပါဝင်သည့် ယာယီဈေးသစ် စတင်ဖွင့်လှစ်

**ရန်ကုန် မေ ၂၃**

မင်္ဂလာဒုံမြို့နယ် ကိုဗစ်-၁၉ ကူးစက်မြန် ရောဂါအရေးပေါ် ကာကွယ်တုံ့ပြန်ရေး အထောက်အကူပြုကော်မတီ၏ စီမံချက်ဖြင့် ရပ်ကွက်အတွင်းရှိ ဈေးဆိုင်ခန်းများကို ကျိုက္ကလော့ ဝတ္တကမြေတွင် ယာယီပျံကျဈေးအဖြစ် မေ ၂၂ ရက် နံနက်ပိုင်းတွင် စတင်ပြောင်းရွှေ့ ဖွင့်လှစ်လိုက်ပြီ ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၈၀၀ ပါဝင်ကြောင်း သိရသည်။

"ကျွန်မတို့ မင်္ဂလာဒုံမြို့နယ်အတွင်းမှာ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးရေးစီမံချက်အရ ပြည်တော်သာ၊ ပ.လ.ရ.၊ ပေါက်ကုန်းရပ်ကွက်အတွင်း ဂျိုးဖြူရေပိုက်လိုင်းအနီးမှာ မူလက ဖွင့်လှစ်ထားကြတဲ့ ရပ်ကွက်အတွင်း ဈေးတွေကို ကျိုက္ကလော့ဝတ္တကမြေမှာ ယာယီပျံကျဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်တာဖြစ်ပါတယ်။ ရပ်ကွက်အတွင်းမှာ ဖွင့်တာဆိုပေမယ့် တော်တော်စည်ကားတယ်။ ပိုက်လုံးဘေးမှာဖြစ်နေတဲ့အခါကျတော့ ဈေးဝယ်သူတွေ အလွန်များတယ်။ လူနေအိမ်ခြေတွေနဲ့လည်း အလွန်ကို နီးကပ်လွန်းတဲ့အတွက် ယာယီပြောင်းရွှေ့ ဖွင့်လှစ်စေတာဖြစ်ပါတယ်။ ပြည်တော်သာ၊ ပ.လ.ရ ဈေးမှာက ဈေးဆိုင်ခန်း ၄၀၀ ရှိတဲ့အတွက် ဒီနေရာမှာ ဆိုင်ခန်းပေါင်း ၈၀၀ ကို ခြောက်ပေခြား အကွက်ဖော်ထားပေးပါတယ်၊ ကိုဗစ်-၁၉ ပြီးရင်တော့ မူလနေရာကို ပြန်လည်ရွှေ့ပြီး ရောင်းချခွင့် ပြုပေးသွားမှာပါ" ဟု မင်္ဂလာဒုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ပြောသည်။

အဆိုပါ ယာယီပျံကျဈေးကိုနေ့စဉ် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ရောင်းချမည်ဖြစ်ကာ သား၊ ငါး၊ ဟင်းသီးဟင်းရွက် စသည့် ကုန်စို ကုန်ခြောက်နှင့်ငါးခြောက်ဆိုင်များ၊ သစ်သီးတန်း၊ လက်သန့်ဆေးရည် အရောင်းဆိုင်နှင့် ပန်းအရောင်းဆိုင်များပါဝင်ပြီး ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ငါး ခြောက်၊ ပုစွန်ခြောက်နှင့် မီးဖိုချောင်သုံး ပစ္စည်းအရောင်းဆိုင်များ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရ သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



ကျိုက္ကလော့ ဝတ္တကမြေတွင် ယာယီဈေးသစ်ဖွင့်ထားစဉ်

## စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**စေတုတ္တရာ မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွား မှုမဖြစ်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် စေတုတ္တရာမြို့ရှိ ကာကွယ်ရေးပစ္စည်း စက်ရုံအမှတ်(၂၀)နှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာ မြို့ပေါ်စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၌ ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအား စေတုတ္တရာမြို့ရှိ ကာကွယ်ရေးပစ္စည်းစက်ရုံ အမှတ်(၂၀)ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများပူးပေါင်း၍ စေတုတ္တရာမြို့ပေါ်တွင် ပြည်ပမှပြန်လည်ရောက်ရှိလာသူများနှင့်ပြည်တွင်းရှိ ဒေသအသီးသီးမှ ပြန်လည်ရောက်ရှိ လာသူများအား ထားရှိသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ အမှတ်(၂) အခြေခံပညာမူလွန်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများအား ကိုဗစ်-၁၉ ကာကွယ်နိုင်ရေး ပိုးသတ်ဆေးများ လှည့်လည် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

## ကျောက်မဲမြို့၌ ပင်စင်ထုတ်သူများအား ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ထုတ်ပေးနေ

**ကျောက်မဲ မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပင်စင်ထုတ်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ယမန်နေ့က စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မဲမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်သူဦးရေ စုစုပေါင်း ၁၉၀၀ ခန့်ရှိပြီး ယမန်နေ့က ပင်စင်လာရောက်ထုတ်ယူသူ ၃၀၀ ကျော်ခန့်သာ ရှိကြောင်း၊ ကိုဗစ်-၁၉ မဖြစ်ခင် ကာလထက် လာရောက်ထုတ်ယူသူ နည်းပါးကြောင်း၊ ထုတ်ယူရန် ကျန်ရှိသူများကို ဘဏ်ဖွင့်ချိန်များတွင် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်လာရောက်ထုတ်ယူခြင်းမရှိသူများ၏ ပင်စင်လစာများကို ကိုယ်စားလှယ်လွှဲစာဖြင့်လည်း ထုတ်ပေးခြင်း၊ စာရင်းရှင်စာရင်းနှင့် ငွေစုဘဏ်စာရင်းသို့ လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။



ကျောက်မဲမြို့တွင် ပင်စင်ထုတ်ပေးနေစဉ်

အဆိုပါ ဘဏ်ရှေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူများအား အပူချိန်တိုင်း ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ပါးစပ်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ခြင်းရှိ၊ မရှိစစ်ဆေးခြင်း၊ နှာခေါင်းစည်းမပါသူများအား အခမဲ့ဖြန့်ဝေပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေ အကွာမှနေ၍ ပင်စင်ထုတ်ယူရန် စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ)၊ အငယ်တန်းစာရေးနှင့် စာရင်းကိုင်-၄ ရာထူး နေရာများ၌ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများလျှောက်ထားနိုင်သည့်ကိစ္စအား ၂၃-၄-၂၀၂၀ ရက်ထုတ်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတိုင်းဒေသကြီး/ပြည်နယ်ရုံးများ၏ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် လက်ရှိလမ်းပန်းဆက်သွယ်ရေးအခြေအနေအရ လျှောက်လွှာများအား အီးမေးလ်လိပ်စာများမှတစ်ဆင့်လည်း ပေးပို့လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| | | |
|---|---|---|
| ကျေးလက်ဦးစီး(ရုံးချုပ်) | ဖုန်း-၀၆၇-၄၁၈၆၁၂ | (Admin.hq@drdmyanmar.net) |
| နေပြည်တော်တိုင်းကျေးလက် | ဖုန်း-၀၆၇-၈၁၀၆၁၈၆ | (Npt.drd@drdmyanmar.net) |
| ကချင်ပြည်နယ်ကျေးလက် | ဖုန်း-၀၇၄-၂၅၂၄၂၃ | (kcn.drd@drdmyanmar.net) |
| ကယားပြည်နယ်ကျေးလက် | ဖုန်း-၀၈၃-၂၂၃၁၂၄ | (Kyh.drd@drdmyanmar.net) |
| ကရင်ပြည်နယ်ကျေးလက် | ဖုန်း-၀၅၈-၈၉၀၄၀၀၄ | (kyn.drd@drdmyanmar.net) |
| ချင်းပြည်နယ်ကျေးလက် | ဖုန်း-၀၇၀-၂၁၆၁၇ | (chn.drd@drdmyanmar.net) |
| စစ်ကိုင်းတိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၇၁-၂၀၂၆၁၉၅/၂၀၂၆၅၂၀ | (sgg.drd@drdmyanmar.net) |
| တနင်္သာရီတိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၅၉-၂၀၂၄၀၆၆ | (tny.drd@drdmyanmar.net) |
| ပဲခူးတိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၅၂-၂၂၃၀၆၅၉ | (bgo.drd@drdmyanmar.net) |
| မကွေးတိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၆၃-၂၀၂၈၇၂၇/၂၀၂၈၃၆၈ | (mgw.drd@drdmyanmar.net) |
| မန္တလေးတိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၂-၅၁၅၅၁၄၈ | (mdy.drd@drdmyanmar.net) |
| မွန်ပြည်နယ်ကျေးလက် | ဖုန်း-၀၅၇-၂၄၃၆၅ | (mon.drd@drdmyanmar.net) |
| ရခိုင်ပြည်နယ်ကျေးလက် | ဖုန်း-၀၉-၄၄၄၄၀၁၄၄၀ | (rke.drd@drdmyanmar.net) |
| ရန်ကုန်တိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၁-၉၀၁၀၄၃၇ | (ygn.drd.drdmyanmar.net) |
| ရှမ်းပြည်နယ်ကျေးလက် | ဖုန်း-၀၈၁-၂၁၂၄၂၅၀ | (shn.drd@drdmyanmar.net) |
| ဧရာဝတီတိုင်းဒေသကြီးကျေးလက် | ဖုန်း-၀၄၂-၂၉၂၀၇/၂၉၂၀၉ | (ayy.drd@drdmyanmar.net) |

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးစိန်လှိုင်၏သမီး မရတနာလှိုင်အား မဝတ်ရည်မွန် ၁၂/လမန(နိုင်)၁၅၄၂၃၃ ဟုပြောင်းလဲခေါ်ပါရန်။ **မဝတ်ရည်မွန်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်မြို့နယ်တရားရုံး
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၀

| | | |
|---|---|---|
| ဒေါ်အေးမိစံ | နှင့် | ဗိုလ်ကြီးကျော်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာ(၅)လမ်း၊ အမှတ်(၂၄၈)နေ ဗိုလ်ကြီးကျော်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးမိစံက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် မေ ၁၁ ရက် (၁၃၈၂ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းမြင့်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး



## ကြော်ငြာရှင်များသို့ . . . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေ ချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင် လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့) Viber ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့) Viber ဖုန်းနံပါတ်-၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

## သီးထပ်ရင်စပါး ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သီးထပ်ရင်အရန်မျိုးစပါးတင်း (၃၀၀၀၀)အား မြောင်းမြမြို့နယ်၊ ကွယ်လွယ်သိုလှောင်ရုံအရောက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် ၂၄-၄-၂၀၂၀ ရက်မှ ၂၅-၅-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၅-၂၀၂၀ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၂၄၅၁၈ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၈၁၂)၊ မြေဧရိယာ(၀ဒသမ၁၄၆)ကေရှိ ဦးဆွေမြင့်(ဘ)ဦးစောရွှေ ၇/သကန(နိုင်)၀၀၄၅၃၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးလီပင်ရှင်း(ဘ)ဦးလီကျားယူ ၁၃/ကကန(နိုင်)၀၀၀၂၀၇ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော်အရှင်သူမြတ်တို့အား နေ့စဉ်အရဏ်ဆွမ်းအတွက် တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်များလှူဒါန်းလျက်ရှိခြင်း၊ အထက်ပါစာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် အရှင်သူမြတ်တို့အား စာအောင်သံဃာ လှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ အစီအမံဖြင့်ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်း ဆောင်ရွက်ခဲ့သည်မှာ ၉၄ နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်း စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပြီး ရဟန်းရှင်လူ ပြည်သူအများအား ပိဋကတ်စာပေ၊ သုတ၊ ရသစာပေများလေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိသလို သာသနာတော်ပြန့်ပွားရေးအတွက် အဘိဓမ္မာနှင့်အခြားဘာသာရေးဆိုင်ရာ သင်တန်းများကိုလည်း အခမဲ့ဖွင့်လှစ်ထားလျက်ရှိပါသည်။

ဤကဲ့သို့ နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှ အကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှု၊ စေတနာသဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံစုဘူးများရယူ စုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသား၊ ဝန်ထမ်းများအားလုံးစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ COVID-19 ကပ်ရောဂါမှ လုံးဝ(လုံးဝ)ကင်းဝေးကြလျက် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ် မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ စီဟဲကျေးရွာအုပ်စု၊ အကွက်အမှတ် (၁၈၅/စီဟဲရွာမ)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေဧရိယာ(၀ဒသမ၀၅၃၈)ကေကို ဦးစိန်သောင်းသည် လွန်ခဲ့သော ၁၅ နှစ်ခန့်မှ စတင်နေထိုင်အသုံးပြုလျက်ရှိခဲ့ရာ အဆိုပါမြေကွက်ကို ဦးစိန်သောင်း ၁/ဗမန(နိုင်)၀၁၂၁၆၄ အမည်ဖြင့် စက်မှုမြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်သောင်း ၁/ဗမန(နိုင်)၀၁၂၁၆၄၊**
**စီဟဲကျေးရွာ၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၁)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ် (၆၄-ဆ+၆၉-ခ)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိမြေအား ဓနုဖြူမြို့၊ (၁၁)ရပ်ကွက်၊ အကျော်တာလမ်းနေ ဦးကြည်ဆန်း ၁၄/ဓနဖ(နိုင်)၀၈၂၅၀၀ - ဒေါ်ကျင်ခိုင် ၁၄/ဓနဖ(နိုင်)၀၈၂၅၀၁ တို့မှ မြေငှားဂရန် သက်တမ်းတိုးရရှိရေးအတွက် မြေငှားဂရန်စာချုပ် မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက မြေငှားဂရန် သက်တမ်းတိုးထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်နေ အထက သရက်ချောင်း အဋ္ဌမတန်းမှ (ဘ) ဦးလှဝင်း၏ သမီး မဖြိုးအိဖြူ၏ အမည်မှန်မှာ မဖြိုးမြသူ ဖြစ်ပါကြောင်း။ **မဖြိုးမြသူ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ် (ဒ-၂၂၅၁)၊ မြေဧရိယာ ၀ဒသမ၂၂၉ ကေရှိ ဒေါ်တင်တင်ဦး(ဘ) ဦးမောင်ဝင်း ၁၃/တကန(နိုင်)၁၉၈၈၅၂ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်လီရှောင်ယွိ(ဘ)ဦးရှီလောက်ချိန် ၁၃/လရန(နိုင်)၀၀၆၃၂၆ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၈၁၄)၊ မြေဧရိယာ(၀ဒသမ၁၄၆)ကေရှိ ဒုမှူးကြီးစိုးမြင့်မောင်(ဘ)ဦးခင်မောင်မောင် ၉/ပမန(နိုင်)၀၁၃၉၆၃ အမည်ပေါက် ပါမစ်မြေကွက်အား ဦးရန်အားဟွာ(ဘ)ဦးရန်စန်း ၁၃/လကန(နိုင်)၀၀၈၇၆၉ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေ ကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ သစ်တပွေ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၂/သစ်တပွေ့)၊ ဦးပိုင်အမှတ်(၈-စ)၊ မြေဧရိယာ ၀ဒသမ၅၁၀ ကေရှိ မြေကွက်အား ရေနံချောင်းမြို့၊ သစ်တပွေ့ရပ်ကွက်တွင်နေထိုင်သူ ဒေါ်သဥ္စာဖေမှလည်းကောင်း၊ ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၂/မြို့မမြောက်)၊ ဦးပိုင်အမှတ်(၁၇၁)၊မြေကွက် အမှတ်(၃၀၅)၊ မြေဧရိယာ ၀ဒသမ၀၃၂ ကေရှိ မြေကွက်အား ရေနံချောင်းမြို့၊ မြို့မမြောက်ရပ်ကွက်တွင်နေထိုင်သူ ဦးဇေဟိန်းလတ် မှလည်းကောင်း၊ ရေနံချောင်းမြို့၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ စက်မှုဇုန်၊ ကွင်း/အကွက်အမှတ်မှင့် အမည် (၁-စက်မှုဇုန်)၊ဦးပိုင်အမှတ်(၆၄၊ ၆၅)၊ မြေကွက်အမှတ်( ၆၄၊ ၆၅)၊ မြေဧရိယာ ၀ဒသမ ၄၆၀ ကေရှိ မြေကွက်အား ရေနံချောင်းမြို့နယ်၊ စက်မှုဇုန်နေ ဦးဇေဇေဟန်မှလည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ စာချုပ်စာတမ်း အထောက်အထားများဖြင့် မြေငှားဂရန် အမည်ပြောင်းများ လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မကွေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အဦအထူးအဖွဲ့(၆) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) တင်ဒါအမှတ်စဉ်(၇)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အဦအထူးအဖွဲ့(၆)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်သင်ကောလိပ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက်လိုအပ်နေသော စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို မြန်မာ ငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၄-၅-၂၀၂၀ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ဆက်လက်ကြော်ငြာပါမည်။

တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ဆက်လက်ကြော်ငြာပါမည်။

တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ အဆောက်အအုံအထူးအဖွဲ့(၁၀)၊ မုံရွာမြို့နှင့် ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့တို့တွင် ၄-၅-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၄၀၇၆၀၀၁၊ ၀၂-၄၀၇၆၃၆၄၊ ၀၉-၄၄၄၀၃၉၉၅၃၊ ၀၉-၂၅၀၀၇၉၄၃၂ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိ အရှေ့ရပ်)၊ မြေကွက်အမှတ် (ဒ-၂၂၄၉)၊ မြေဧရိယာ ၀ဒသမ၂၂၉ ကေရှိ ဦးစိန်လှဝင်း(ဘ) ဦးမောင်ညွှန့် ၁၄/ဓနဖ(နိုင်)၀၅၄၇၆၈ အမည်ပေါက် ပါမစ်မြေကွက်အား ဦးလီမင်ရှီ(ဘ)ဦးလီကျားယူ ၁၃/ကကန(နိုင်)၀၀၁၁၇၃ မှ မြေပေးမိန့်(ပါမစ်)မူရင်း မြေကွက် အရောင်း အဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လို သူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိ ပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ် အမှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကရင်စုရပ်ကွက် ၁လမ်းနေ ဦးအောင်မြတ်သူ ၇/သဝတ(နိုင်)၀၄၆၀၆၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၁၉၆၀ ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်သူ**

## အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ခင်ဖြူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၁၃/လရန(နိုင်)၁၉၀၀၃၄) အမှတ် (အယ်-၉)၊ ဘုရင့်နောင်လမ်းမကြီး၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူက ဦးငြိမ်းကျော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၁၂/တမန(နိုင်)၀၀၅၆၇၀) အား ၂၀-၃-၂၀၁၅ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပေးအပ်ထားသောအထူးကိုယ်စားလှယ်လွှဲစာ ခန့်အပ်မှတ်ပုံတင်နံပါတ် ၃၈၈၅/၂၀၁၅ ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**ဒေါ်ခင်ဖြူ**
**နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၁၃/လရန(နိုင်)၁၉၀၀၃၄**
**နေရပ်လိပ်စာ- အမှတ် (အယ်-၉)၊ ဘုရင့်နောင်လမ်းမကြီး၊**
**(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## လုပ်ငန်းအမည်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း(အလယ်ဘလောက်)၊ အမှတ်(၂၀၇)နေ ဦးမျိုးတင့်နိုင် ၈/မလန(နိုင်) ၀၀၉၀၀၁သည် အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားကိုတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၃၈၉၀/၂၀၂၀)အရမှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Your world,
Your way,
Your Lady's card

အဆိုပါလုပ်ငန်းသုံး အမှတ်အသားဖြင့် အမှတ်တံဆိပ်အား ဘဏ်ဝန်ဆောင်မှုလုပ်ငန်းအပေါ်တွင်ကပ်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ အသုံးပြုသွားမည်ဖြစ်သည့်အပြင် ဘဏ်လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတို့တွင်လည်း " Your world, Your way, Your lady's card" အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်ပြီး အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း၊ ဆင်တူယိုးမှားတုပခြင်း လုံးဝမပြုလုပ်ရန်တားမြစ်အပ်ပါသည်။ အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်း အရသော်လည်းကောင်း၊ တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်ဇော်(LL.B)(စဉ်-၁၀၄၃၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၉၂)၊ မြန်မာစင်တာ တာဝါအမှတ်(၁)၊ အခန်းအမှတ်(၈)၊ ခုနစ်လွှာ၊**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၁-၉၃၄၅၃၄၃၊ ၀၁-၉၃၄၅၃၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးတင်ထွန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ်(၃၂၅၂) နှင့် ဒေါ်တင်မြင့် အမည်ပေါက် ပါမစ်မြေကွက်အမှတ်(၃၂၅၁)တို့အား ဦးနေမျိုးကို ၉/ပသက(နိုင်)၀၂၅၀၆၇ မှ မြေပေးမိန့် အရောင်းအဝယ် စာချုပ်အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက် ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြပြီး ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစားအမွေခံ သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရာဇာဓိရာဇ်လမ်းနေ ဒေါ်အေးဆုမွန်၏သမီး မရည်မွန်ဦး ၁၂/ဒဂမ(နိုင်)၀၄၇၃၂၈ သည် မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား ၂၄-၄-၂၀၂၀ ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို မိသားစုမှ လုံးဝဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်အေးဆုမွန်**
**၁၂/ဒဂမ(နိုင်)၀၁၅၇၉၄**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဒေါ်တင်မြမြ

**အသက်(၈၇)နှစ်**

**အထက်တန်းပြ(ငြိမ်း)**

**အထက(၂)ပုဇွန်တောင်၊ အထက(၁)အင်းစိန်**

ပြည်၊ ပေါက်ခေါင်းမြို့နယ်နေ(ဦးဘသော်-ဒေါ်မမလေး)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ တိုက်ခန်း (၁၈)၊ အခန်း(၂)နေ (ဦးတင်မောင်ယဉ်)၏ဇနီး၊ ဦးကျော်ဇင်မိုး-ဒေါ်နှင်းနွယ်အေး၊ ဦးရဲမင်းဆွေ-ဒေါ်ယဉ်စုသက်တို့၏မိခင်၊ မဆုယမင်းဖြိုး၏အဘွားသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အနိစ္စ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်အောင်ဆန်းဝင်း(လေ)(ငြိမ်း)**

**အသက်(၆၀)**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄)မှ သူငယ်ချင်း အောင်ဆန်းဝင်းသည် ၂၂-၄-၂၀၂၀ရက် နံနက် ၂:၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညီနောင်(၂၄)သူငယ်ချင်းများနှင့်မိသားစုများ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးမိုးကျော်သူ(ငြိမ်း) အသက်(၅၅)နှစ်**

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ယုဇနဥယျာဉ်မြို့တော်၊ ငုဝါလမ်း၊ တိုက်အမှတ်(၆)၊ အခန်း(၁၀၂)နေ ဒေါ်နော်ဖြူ၏ခင်ပွန်း၊ မပြည့်ပြည့်မိုးကျော်သူ၊ မဆုရည်မိုးကျော်သူ၊ မဖြူစင်မိုးကျော်သူတို့၏ဖခင်၊ ကျွန်တော်တို့၏ ချစ်လှစွာသောသူငယ်ချင်း ဗိုလ်မှူး မိုးကျော်သူ(ငြိမ်း) အသက်(၅၅)နှစ်သည် ၂၂-၄-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းမွန်သော ဘုံဘဝမှာ ရောက်ရှိခံစားရပါစေလို့ ဆုတောင်း အမျှ ဝေပေးအပ်ပါတယ်။

သူငယ်ချင်းများ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)

---

## ကျေးဇူးအထူးတင်ရှိခြင်း

**သိပ္ပကျော်စွာ ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်**

**M.B.,B.S.,M.R.C.O.G.,F.R.C.O.G.,F.A.C.S.,F.I.C.S.,Dr.Med.Sc.,Ph.D.**

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**

**မြောက်ဥက္ကလာပဆေးရုံအုပ်ကြီး(ငြိမ်း)၊ သားဖွား၊ မီးယပ်အထူးကုဆရာဝန်ကြီး**

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်**

**(ရွှေဘိုမြို့)**

**အသက်(၇၈)နှစ်**

(ဦးရွှင်-ဒေါ်သောင်းသောင်း)တို့၏သား၊ (ဒေါက်တာဦးမောင်ဦး-ဒေါ်ခင်စု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ (203R4)နေ ဒေါက်တာဒေါ်ခင်ဆွေတင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဒေါ်ပပစန္ဒီ-ဦးမျိုးဝင်းကျော်၊ ဒေါ်ရူပကလျာ-Dr.Derek Browne တို့၏ဖခင်သည် ၁၂-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်၍ အရိုးပြာကိုဂူသွင်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါ သည်။

ဈာပနကိစ္စတွင် လှူဖွယ်များ၊ ပန်းခြင်းများ၊ ပေးပို့ကြပါသော အဖွဲ့အစည်းအသီးသီးနှင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ဆေးတက္ကသိုလ်များမှ သားဖွားမီးယပ်ပညာမိသားစုများ၊ ခတ်မှန်ပညာမိသားစုများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များ၊ စာနာထောက်ထားစွာဖြင့် သတင်းမေးအားပေးကြသူများ၊ အဘက်ဘက်မှ ပြည့်စုံစွာဝိုင်းဝန်းကူညီကြပါသော အမှတ်(၂)တပ်မတော်ဆေးရုံမှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း၊ ဒုတိယဗိုလ်မှူးကြီး နေမင်းဦးနှင့် အမှတ်(၂)တပ်မတော်ဆေးရုံမိသားစုများ၊ ဦးကျော်သူနှင့် နာရေးကူညီမှုအသင်းသားများ၊ ဦးအေးမိုး-ဒေါ်မေဘယ်လ်နှင့် ပန်းလှိုင်အိမ်ရာမိသားစုများ၊ ဒေါက်တာ ဝဏ္ဏသော်၊ ဦးညီညီလင်း၊ ကိုဆန်းထွန်းဦး၊ ဒေါက်တာမာလာကို၊ ဒေါ်မိမိခင်နှင့် မောင်နှမများ၊ ဆွေမျိုးများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

**ဦးချမ်းသာဦး အသက်(၃၇)နှစ်**

**(MD,ရွှေဘုန်းပြည့်အောင် Co.,Ltd), MRF,ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင်**

**ဒုတိယဥက္ကဋ္ဌ ဆန်စပါးကုန်စည်ဒိုင်(မူဆယ်)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးငွေးဦး-ဒေါ်ကြူကြူမြင့်(ရွှေချမ်းသာဒေါင်းမင်းဂေဟာမိသားစု)တို့၏သား၊ဦးတင်မောင်ညွန့်-(ဒေါ်မြမူ) တို့၏သားသမက်၊ ဒေါ်နန်းနွယ်ဦး၊ ဦးနေလင်းဦး-ဒေါ်နှင်းကြည်တို့၏ညီ/မောင်၊ မောင်ဘုန်းပြည့်ချမ်းသာ(ILBC)၏ဖခင်၊ ဒေါ်သီတာ(Senior Audit Manager, JF Group(Certificate Public Accounts & Auditors)၏ ခင်ပွန်းသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန် သွားပါသဖြင့် ၂၄-၄-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**မူးယစ်ကိုပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စမ်းစမ်းညွန့် (B.A,B.Ed)**

**အထက်တန်းပြ (ငြိမ်း)**

**အသက် (၈၂) နှစ်**

အစ်ကိုကြီး Capt : ဇော်မိုးဟန်-ဒေါ်သီရိလှိုင်တို့၏မိခင် ဒေါ်စမ်းစမ်းညွန့်သည် ၂၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဖိုးဇော်၊ ရဲလေး၊ မောင်သူ၊ ဆရာပေါက်

Golf Partner များ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ချမ်းသာဦး အသက်(၃၇) နှစ်**

**(MD,ရွှေဘုန်းပြည့်အောင် Co.,Ltd),**

**MRF,ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင်**

**ဒုတိယဥက္ကဋ္ဌ ဆန်စပါးကုန်စည်ဒိုင်(မူဆယ်)**

ဦးငွေးဦး-ဒေါ်ကြူကြူမြင့် (ရွှေချမ်းသာ ဒေါင်းမင်းဂေဟာမိသားစု) တို့၏သား မောင်ချမ်းသာဦးသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇:၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

သာသနာ့ဝိသုဒ္ဓိဓမ္မာရုံ အလုပ်အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စမ်းစမ်းညွန့် အသက်(၈၂)နှစ်**

**(B.A,B.Ed)၊ အထက်တန်းပြ(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရိပ်သာ၊ တိုက်(၁၄)၊ အခန်း(၄)နေ ဒုတိယဗိုလ်မှူးကြီး မြင့်ဟန်(ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ မောင်ဇော်မိုး (Capt:) (MT.Venus)နှင့် သမီးကြီး သီရိလှိုင် (နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ မွေးသမိခင် ကျေးဇူးရှင် မမစမ်းသည် ၂၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ငွေသန်းနှင့်မိသားစု

တိုက်(၁၃)၊ အခန်း(၄)၊ ဦးဝိစာရရိပ်သာ

---

## ခရစ်တော်၌အိပ်ပျော်ခြင်း

**စောရိချီ အသက်(၇၂)နှစ်**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးဖိုးခင်လမ်း၊ အမှတ်(၁၆)နေ (စောအောင်ခင်-နော်အားမူ)တို့၏သား၊ (စောအယ်တန်ကြီး - နော်အားစေ)တို့၏သားသမက်၊ (စောဂျိုးဇက်အောင်ခင်)၏ညီ၊ (နော်ဩဂတ်စတီးနာ-စောလောရင့်ကျင်)တို့၏အစ်ကို၊ စောဒိုဝါး-နော်ညိမ်းညိမ်းဝင်းတို့၏ဖခင်၊ စောရှုလုံးဒို၊ နော်အယ်မာဝင်းတို့၏အဘိုး၊ စောဒိုထူး၏ဦးလေး၊ နော်မာဂရက်ကြီး၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၄-၂၀၂၀ရက် (စနေနေ့) ည ၈နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သောင်းစုရွှေစင်**

**(ဒု-လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး)**

**သာယာဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၂၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ တာဝန်ထမ်းဆောင်နေသော ဒေါ်သောင်းစုရွှေစင် သည် ၁၉-၄-၂၀၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

---

## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယိကာမကြီး

**ဒေါ်အေးကြွယ်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၂၃)နေ (ဦးဖိုးကျော်-ဒေါ်ဖွားမျှင်)တို့၏သမီး၊ (ဦးရွှေ-ဒေါ်ဖော့)တို့၏သမီးချွေးမ၊ (ဦးတင်ညွန့်)၏ချစ်လှစွာသောဇနီး၊ ဒေါ်တင်ဆွေဦး၊ ဦးမင်းဆွေ-ဒေါ်အေးအေးသန်း၊ ဦးဝင်းဆွေ-ဒေါ်မေကြူအုန်း၊ ဒေါ်သန့်ဇင်ဆွေ၊ ဦးကြည်ဆွေ-ဒေါ်ကျို့ကိုစံ၊ ဦးစိန်တိုး၊ ဒေါ်ခိုင်ခိုင်ဆွေ(ဦးတင့်ဆွေ)၊ ဦးဥက္ကာစိုး-ဒေါ်မြင့်မြင့်ဆွေ၊ ဦးအောင်သိန်းမြင့်-ဒေါ်စုစုမျိုး၊ ဦးထွန်းထွန်းဝင်း-ဒေါ်အေးသန္တာထွေး၊ (ဒေါ်အေးကလျာမွေး) တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၀၀:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## သာသနာ့မိခင်ကြီး ဒေါ်ခင်မေ

**အသက်(၈၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်နေ (ဦးဖိုးစော-ဒေါ်စိုးမြ)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်နေ (ဦးကျော်မောင်-ဒေါ်တင်တင်)သမာဓိစတိုးတို့၏ညီမ၊ ဦးမြသန်း-ဒေါ်သောင်းတို့၏အစ်မ၊ (ဦးညီ)၊ (ဦးရှိန်)တို့၏အစ်မ၊ (ဒေါ်ဝါဝါညွန့်)၊ ဗိုလ်ကြီးအေးချစ်(ငြိမ်း)-ဒေါ်နီနီတို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၀၆နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဗိုလ်ကြီးအေးချစ်(ငြိမ်း) - ဒေါ်နီနီတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်သောင်း**

**နာယက၊ မေခဆောင်ဖောင်ဒေးရှင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စီးပွားရေးတက္ကသိုလ်(၁၉၆၄-၆၈)**

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက် (တနင်္လာနေ့) ည ၇ နာရီ ၅၈ မိနစ်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မေခဆောင်ဖောင်ဒေးရှင်း**

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သရက်မြို့၊ မြောက်မင်းတည်းရပ်ကွက်၊ သဟာယလမ်းနေ ဦးတောက်ထွန်း ၈/ သရန(နိုင်)၀၀၄၁၆၈- ဒေါ်မြင့်မြင့်မူ ၈/ သရန(နိုင်)၀၂၄၄၁၉တို့၏သား မောင်လှထူးကျော် ၈/သရန(နိုင်)၁၁၈၇၆၀ သည် မိဘနှစ်ဦးခွင့်မလွှတ်နိုင်အောင် ပြုမူပါသဖြင့် သား အဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတောက်ထွန်း-ဒေါ်မြင့်မြင့်မူ

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဦးထွန်းအေးခိုင် (စစ်တွေမြို့)

**အသက်(၈၃)နှစ်**

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ ဂေါက်ရှီလမ်း၊ အမှတ်(၂၃၆)နေ (ဒေါ်စိန်လှဦး)၏ခင်ပွန်း၊ ဦးဘစောဦး(လျှပ်စစ်-ငြိမ်း)-ဒေါ်တင်တင်ခိုင်၊ ဦးမြင့်ခိုင်-ဒေါ်မခင်အေး၊ ဦးလှခိုင်-ဒေါ်ခင်မာအေး၊ ဦးစံလှအောင်-ဒေါ်သင်းသင်းခိုင်၊ ဦးညီညီခိုင်-ဒေါ်မြင့်မြင့်မူ၊ ဦးအောင်စံထွန်း(ပြန်/ဆက်)-ဒေါ်သိန်းသိန်းခိုင်(ပြန်/ဆက်)တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ် ငါးယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အာဂျိပ်တော်ကုန်း၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှလှမြင့်(ခ)အပျိုကြီး အသက်(၆၀)

**(ရာပြည့်ဈေး၊ တာမွေ)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀၂)နေ (ဦးမာဒင်၊ ဦးပညာနန္ဒ-ဒေါ်ခင်စု)တို့၏သမီး၊ (ဦးထွန်းညွန့်)(ဘူမိဗေဒအရာရှိ-ဘခရ)-ဒေါ်မိမိ(မူလတန်းပြ)၊ ဦးသန်းအောင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ခင်မြင့်(သီရိဘော်ဒါဆောင်)တို့၏ညီမ၊ ဦးထိန်လင်းအောင်-ဒေါ်ခင်ခင်ဌေး(ကျေးဇူးရှင် ကားကြို/ပို့လုပ်ငန်း)၊ ဦးစိုးမင်း-ဒေါ်မာမာငွေတို့၏အစ်မ၊ တူ၊ တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ - အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးသို့ ပါဝင်ဆွေးနွေး

နေပြည်တော် မေ ၂၃

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ နံနက် ၇ နာရီခွဲက video conferencing စနစ်ဖြင့် ကျင်းပသည့် အာဆီယံ – အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်–၁၉ ကူးစက် ရောဂါဆိုင်ရာ အထူးအစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ – အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်–၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။

သတင်းစဉ်

အစည်းအဝေးတွင် အာဆီယံ–အမေရိကန် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး လာအိုနိုင်ငံခြားရေးဝန်ကြီး Saleumxay KOMMASITH နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Michael Pompeo တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လူမှု – စီးပွား ထိခိုက်နစ်နာမှုများ လျော့ပါးသက်သာစေရေးတို့အတွက် မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်နေကြသည့် အစီအမံများနှင့် အတွေ့အကြုံကောင်းများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ◆

## ဂျပန်နိုင်ငံက ပြည်ဝင်ခွင့်ပိတ်ပင်သည့် နိုင်ငံများစာရင်း ထပ်တိုး

စာ ၁၃

.....................................

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၃-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၆

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

“ကျေးလက်နေ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆက်နွှယ်တဲ့ လုပ်ငန်းတွေ၊ အမှန်တကယ် လုပ်ကိုင်လိုသူတွေအတွက် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း လုပ်ပိုင်ခွင့်တွေကို တိုးမြှင့်ရရှိစေမှာဖြစ်” စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မေ ၂၈ ရက်မှ ၃၀ ရက်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**


## ကော့သောင်းမြို့၌ အသွားအလာကန့်သတ်မှုစောင့်ကြပ်ကြည့်ရှုနေရာများကို ပိုးသတ်ဆေးဖျန်း


ကော့သောင်း မေ ၂၃

မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ကိုဗစ်–၁၉ ရောဂါ ဝင်ရောက်ကူးစက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိရာ မြန်မာ–ထိုင်းနယ်စပ် ကော့သောင်းမြို့တွင် ယနေ့နံနက်ပိုင်းက သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်မှုစောင့်ကြပ်ကြည့်ရှုသည့် စခန်းများကို ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်သည်။ (ယာပုံ)

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖





# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ ဧပြီ ၂၄၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ကျေးလက်နေ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆက်နွယ်တဲ့ လုပ်ငန်းတွေ၊ အမှန်တကယ်လုပ်ကိုင်လိုသူတွေအတွက် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းလုပ်ပိုင်ခွင့်တွေကို တိုးမြှင့်ရရှိစေမှာဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

# နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆောင်ရွက်ချက်များ

■ တွေ့ဆုံမေးမြန်း – သူရဇော်၊ ဓာတ်ပုံ – ကျော်ဇေယျ၊ အေးသန်း ■

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန် မျှော်မှန်းချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် –

**မေး ။ ။** ပြည်သူ့အတွက် နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ရောက်ရှိနေပါပြီ၊ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေအပေါ် အဓိက အောင်မြင်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။

**ဖြေ ။ ။** မြန်မာနိုင်ငံလူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းဟာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး နိုင်ငံလူဦးရေအများစုရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဆောင်ရွက်နေကြပါတယ်။ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ရဲ့ ၂၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍကြီးကနေ ရရှိတာဖြစ်ပါတယ်။ ယင်းကဏ္ဍရဲ့ တိုးတက်မှုနှုန်းက ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ပိုမိုတိုးတက်ဖို့ ရည်မှန်းထားပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ဥပဒေ၊ နည်းဥပဒေတွေ ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိရာမှာ (၄)နှစ်တာကာလအတွင်း ကျေးလက်ဒေသ

*အချပ်ပို (ခ) သို့*

❖ **အိမ်သုံးဆိုလာစနစ်နဲ့ လျှပ်စစ်မီးလင်းရေး လုပ်ငန်းတွေကို ကျေးရွာ ၂၈၀၁ ရွာ၊ အိမ်ခြေပေါင်း ၁၁၅၅၈၃ အိမ်နဲ့ အများပိုင်အဆောက်အဦ ၁၇၉၁၁ ခုမှာ တပ်ဆင်ပေးနိုင်ခဲ့ပြီး လူဦးရေ ၉၂၀၀၀၀ ကို အကျိုးပြုခဲ့**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စုတွင် စနစ်ကျလယ်ယာမြေ ၃၃၉ ဧက ဖော်ထုတ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။




နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးစိုက်ကွင်းတွင် ကျင်းပခဲ့သော နိုင်ငံတကာလယ်ယာသုံးစက်ကိရိယာပြပွဲကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ဆည်မြောင်းဥပဒေနှစ်ခုကို အသစ်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ရေခွန်နှင့် တာတမံခွန်ဥပဒေ၊ တာတမံဥပဒေ၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေ၊ လယ်ယာမြေဥပဒေ စတဲ့ ဥပဒေ(၈) ခုတို့ကို ပြင်ဆင်တဲ့ ဥပဒေတွေ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၇၇ ခု၊ လုပ်ငန်းသစ် ၁၃ ခု၊ စုစုပေါင်း လုပ်ငန်းစီမံကိန်းပေါင်း ၉၀ ကို ဘဏ္ဍာငွေကျပ်သန်း ၄၃၀၃၆၇ နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ လယ်ယာကဏ္ဍ လုပ်ငန်းတွေ အကောင်အထည်ဖော်မှုနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ (၄) နှစ်တာ ကာလအတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ တောင်သူ ၂၆၈၂၁၀ ရဲ့ ဦးပိုင်ပေါင်း ၄၃၈၃၅၅ ခု၊ ဧရိယာပေါင်း ၁၂၂၅၇၆၆ ဧကအတွက် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်(ပုံစံ–၇) ထပ်မံထုတ်ပေးနိုင်ပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း ယနေ့အထိ ၉၈ ရာခိုင်နှုန်း ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတာတွေက နယ်မြေလုံခြုံရေး၊ မြေယာအငြင်းပွားမှုနဲ့ လျှောက်ထားမှု မရှိတာတွေ ဖြစ်ပါတယ်။ မြေတိုင်းတာမှု မပြီးပြတ်သေးတာက အနည်းအကျဉ်း ကျန်ပါသေးတယ်။

လယ်ယာမြေ နည်းဥပဒေအရ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း ကိစ္စရပ်တွေ၊ ငှားရမ်းခြင်းကိစ္စရပ်တွေနဲ့ ပေါင်နှံခြင်းကိစ္စရပ်တွေကို မြန်မာနိုင်ငံ တံဆိပ်ခေါင်း ဥပဒေဇယား (၁)ပါ ပြဋ္ဌာန်းချက်နဲ့အညီ ထိုက်သင့်တဲ့ တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေပြီး စာချုပ်ချုပ်ဆိုခြင်းတွေကို ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ စတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခင်အစိုးရတွေလက်ထက်က ခွင့်ပြုခဲ့တဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း ၂၂ သိန်းကျော် အနက် စတင်ခွင့်ပြုတဲ့နေ့ကနေ (၄)နှစ်ကျော်သည်အထိ ဥပဒေနဲ့အညီ အကောင်အထည်ဖော်နိုင်မှုမရှိတဲ့ လုပ်ပိုင်ခွင့်ရရှိထားသူ ၁၅၃၆ ဦးရဲ့ ခွင့်ပြုဧရိယာဧက ၁၅ သိန်းကျော် (၁၅၄၉၉၈၀ ဒသမ ၂၇ ဧက)ကို ယနေ့အချိန်ထိ ပြန်လည်သိမ်းဆည်းခဲ့ပြီး ဖြစ်ပါတယ်။ ယင်းအတွက် ကျေးလက်နေ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆက်နွယ်တဲ့ လုပ်ငန်းတွေ၊ အမှန်တကယ် လုပ်ကိုင်လိုသူတွေအတွက် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်း လုပ်ပိုင်ခွင့်တွေကို တိုးမြှင့်ရရှိစေမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဟုတ်ကဲ့ပါ ခင်ဗျာ။ လယ်ယာကဏ္ဍ ဝန်ဆောင်မှုလုပ်ငန်းတွေကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ မြေကြီးမြေပုံစာရင်း မှန်ကန်ရေးအတွက် ဒစ်ဂျစ်တယ်မြေပုံတွေအဖြစ် ပြောင်းလဲအသုံးပြုဖို့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ ကွင်းပေါင်း ၄၈၆၃ ကွင်းကို ခေတ်မီမြေတိုင်းကိရိယာတွေနဲ့ တိုင်းတာဆောင်ရွက်လျက်ရှိပြီး ဒစ်ဂျစ်တယ်ကွင်းမြေပုံတွေ တစ်နိုင်ငံလုံး ချိတ်ဆက်အသုံးပြုနိုင်မယ့် မြေပြင်ထိန်းမှတ် (GCP) မှတ်တိုင်ပေါင်း ၁၁၉၇ တိုင်ကို ပြည်နယ်/တိုင်းဒေသကြီးတွေမှာ စိုက်ထူခဲ့ပြီး ဖြစ်ပါတယ်။

သီးနှံစိုက်ပျိုးထုတ်လုပ်ဖို့အတွက် လိုအပ်တဲ့ မြေပြုပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်း၊ ခြွေလှေ့ခြင်း လုပ်ငန်းတွေကို လုပ်ဆောင်ဖို့ ဝန်ကြီးဌာနရဲ့ ဝန်ဆောင်မှုအပြင် ပုဂ္ဂလိကကဏ္ဍ ဝန်ဆောင်မှုတွေ ထွန်းကားလာရေးအတွက် မြို့နယ်ပေါင်း ၉၇ ခုရှိ ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ဆောင်နေသူတွေကို စုစည်းပြီး ပုဂ္ဂလိက စက်မှုလယ်ယာဝန်ဆောင်မှုအသင်း ၁၂၅ သင်း ဖွဲ့စည်းနိုင်ရေးကို ပေါင်းစပ်ညှိနှိုင်းပေးနိုင်ခဲ့ပါတယ်။ ဒီအသင်းတွေက ပိုင်တဲ့ ထွန်စက်ကြီး ၁၅၉၁ စီး၊ ခြွေလှေ့စက်အစီး ၅၂၀ တို့နဲ့ ဝန်ဆောင်မှုအပိုင်းကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၄)နှစ်တာကာလအတွင်း တောင်သူလယ်သမားတွေအတွက် ထွန်စက်ကြီး ၂၈၅၆ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၃၅၅ စီး အပါအဝင် လယ်ယာသုံးစက်ကိရိယာ ၃၀၈၂၂ စီးကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ပြင်ဆင်ထိန်းသိမ်းရေးအနေနဲ့ စက်ပြင်အလုပ်ရုံတွေ တိုးချဲ့ပြီး စက်ကိရိယာ ၄၀၄၉ စီးကို ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။ တောင်သူတွေ လေ့လာဗဟုသုတရရှိရေးနဲ့ စက်မှုလယ်ယာ ကူးပြောင်းနိုင်ရေးကို မြှင့်တင်ဖို့အတွက် နိုင်ငံတကာ လယ်ယာသုံးစက်ကိရိယာပြပွဲတစ်ရပ်ကို နေပြည်တော် တပ်ကုန်းမြို့မှာ ကျင်းပခဲ့တာ တောင်သူလယ်သမား ၂၀၀၀ ကျော် လာရောက်လေ့လာခဲ့ပါတယ်။ (၄)နှစ်တာ ကာလအတွင်း လယ်ယာသုံး စက်ကိရိယာတွေနဲ့ ပတ်သက်တဲ့ သရုပ်ပြပွဲပေါင်း ၉၆၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေးအဖြစ် တောင်သူ ၁၆၅၉၂ ဦးကို လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ခြင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ပညာတွေကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။

စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်ဖို့ လယ်ယာမြေတွေ အဆင့်မြှင့်တင်ခြင်း၊ စနစ်ကျ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းတို့ကို (၄) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ရာမှာ လယ်ယာမြေ ၂၃၈၆၄ ဧကကို အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ကုန်းမြင့်လယ်ယာမြေ ၄၈၉၅ ဧကကို ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ လယ်ယာကဏ္ဍနဲ့ စပ်လျဉ်းတဲ့ သုတေသနလုပ်ငန်းတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံရဲ့ ဒေသရေမြေနဲ့ လိုက်လျောညီထွေရှိတဲ့ အထွက်ကောင်းပြီး ရောဂါနဲ့ သဘာဝဘေး အန္တရာယ်ဒဏ်ခံနိုင်တဲ့ မျိုးသစ်တွေကို မွေးမြူထုတ်လုပ်ခြင်း စီမံကိန်းအနေနဲ့ စပါးသီးနှံမျိုးသစ် ၁၆ မျိုး၊ ပြောင်းသီးနှံမျိုးသစ် သုံးမျိုး၊ ဂျုံသီးနှံမျိုးသစ် တစ်မျိုး၊ မြေပဲသီးနှံမျိုးသစ် လေးမျိုး၊ နှမ်းသီးနှံ မျိုးသစ် နှစ်မျိုး၊ နေကြာသီးနှံမျိုးသစ် တစ်မျိုး၊ ပဲစင်းငုံမျိုးသစ် တစ်မျိုး၊ ပဲပုပ်မျိုးသစ် သုံးမျိုး၊ ကုလားပဲမျိုးသစ် တစ်မျိုး၊ ကြံမျိုးသစ် နှစ်မျိုး၊ ချည်မျှင်ရှည်ဝါမျိုးသစ် တစ်မျိုး၊ ချဉ်ပေါင်လျှော် မျိုးသစ် တစ်မျိုး၊ ပီလောပီနံမျိုးသစ် တစ်မျိုး စုစုပေါင်း သီးနှံမျိုးသစ် ၃၇ မျိုး ထုတ်လုပ်နိုင်ခဲ့ပါတယ်။

သီးနှံသိုလှောင်မှု၊ စိုက်ပျိုးထုတ်လုပ်မှုနဲ့ ပိုးမွှားရောဂါကာကွယ်မှုဆိုင်ရာ နည်းပညာတွေကို သုတေသနပြု ဖော်ထုတ်နိုင်ခဲ့ပါတယ်။ သုတေသနတွေ့ရှိချက်တွေကို တောင်သူတွေထံ ရောက်ရှိရေးအတွက် ဒီနှစ်တွေအတွင်းမှာ ပညာပေးဆွေးနွေးပွဲ ၁၄ ကြိမ်၊ နည်းပညာသင်တန်း ၁၂၃ ကြိမ်၊ လေ့လာရေးခရီး ၁၀၈ ကြိမ်ကို ဆောင်ရွက်ပေးခဲ့ပြီး စိုက်ကွင်းတွေမှာ သရုပ်ပြပွဲ ၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မျိုးကောင်းမျိုးသန့် သီးနှံမျိုးတွေကို တောင်သူတွေ အသုံးပြုနိုင်ရေးအတွက် မျိုးစေ့ပြပွဲ ၃ ကြိမ်ကို ကျင်းပပေးခဲ့ပါတယ်။ ဒါ့အပြင် မျိုးစေ့လိုင်စင် ၃၁၁ ခု၊ မျိုးစေ့ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ၄၀၄ ခု၊ GAP အသိအမှတ်ပြုလက်မှတ် ၇၃၂ စောင် ထုတ်ပေးနိုင်ခဲ့ပြီး မြန်မာ့အော်ဂဲနစ် စံချိန်စံညွှန်းစာအုပ်ကိုလည်း ထုတ်ဝေနိုင်ခဲ့ပါတယ်။

မြေဆီလွှာနဲ့ ရေအရည်အသွေး၊ ဓာတ်မြေသြဇာအရည်အသွေးတွေ၊ အပင်နမူနာတွေ ဓာတ်ခွဲစစ်ဆေးပေးနိုင်ဖို့အတွက် ဓာတ်ခွဲခန်းတွေကို ပြည်နယ်/တိုင်းဒေသကြီးတွေမှာ တိုးချဲ့ဖွင့်လှစ်ရာမှာ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နဲ့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့တို့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**မေး ။ ။ ဟုတ်ကဲ့ပါခင်ဗျာ။ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့မှုတွေကို ရှင်းပြပေးပါ။**

ဖြေ ။ ။ စိုက်ပျိုးရေရရှိရေးအတွက် (၄)နှစ်တာ ကာလအတွင်း စိုက်ပျိုးရေရရှိရေး လုပ်ငန်း ၁၀၈၃၃ ခု၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးနဲ့ ရေဘေးကာကွယ်ရေးတာ လုပ်ငန်းပေါင်း ၃၅၇၃ ခုနဲ့ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၀၅၆ ခုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ငလိုက်၊ ဘောနီ၊ ဇီးတော၊ သဲကော ရေလှောင်တမံတို့ရဲ့ ရေသောက်စနစ် မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိပြီး လယ်ယာမြေဧက

*အချပ်ပို (ဂ) သို့*



မဲခေါင်–လန်ချန်း အထူးရန်ပုံငွေအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်ကြားပေးနေစဉ်။

*အချပ်ပို (ခ) မှ*

၈ သောင်းကျော်ကို စိုက်ပျိုးရေ ပြည့်မီစွာ ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သက်တမ်းကြာမြင့်ပြီဖြစ်တဲ့ ဝါရှောင်ဆည်ရဲ့ ရေဝပ်ဧရိယာမှာ သဲနုန်းတူးဖော်ခြင်းနဲ့ ရေပေး အဆောက်အအုံတွေ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေ ပြီးစီးပါက ရေသောက်ဧရိယာ ၁၁၄၄၆ ဧကကို ဆည်ရေပြည့်မီစွာ ပေးဝေနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍတွေရဲ့ လုပ်ငန်းဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျွဲ၊ နွားတွေ ရွှေ့ပြောင်းသယ်ဆောင်မွေးမြူခြင်း လုပ်ငန်းတွေ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်တွေကို ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အာဖရိကဝက် အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေးနဲ့ ရောဂါထိန်းချုပ်တဲ့ အစီအစဉ်တွေကို ရေးဆွဲချမှတ်နိုင်ခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်မှုအတွက် ကွတ်ခိုင်မြို့နဲ့ ကော့ကရိတ်မြို့တို့မှာ တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း နှစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တရုတ်၊ ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ တင်ပို့မယ့် ကျွဲ ၇၅၄၂၆ ကောင်နဲ့ နွား ၅၃၁၇၃၀ ကို ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး ဌာနမှ ဝင်ငွေကျပ် ၆၀၇၁ ဒသမ ၅၆ သန်း ရရှိခဲ့ပါတယ်။

ကောင်းမွန်တဲ့ တိရစ္ဆာန်မွေးမြူရေး ကျင့်စဉ်နဲ့ ပတ်သက်ပြီး ဝက်မွေးမြူရေးတွင် ဝက်ခြံမှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ စမ်းသပ်ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်တဲ့ မွေးမြူရေးလုပ်ငန်းထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းနဲ့ နိုင်ငံတကာ အသိအမှတ်ပြုဖို့အတွက် ဦးစွာ အာဆီယံအဆင့် ညှိနှိုင်းသဘောတူညီချက်ရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

မွေးမြူရေးကဏ္ဍမှာ ပဋိဇီဝဆေးယဉ်ပါးမှုလျှော့ချနိုင်ဖို့အတွက် တိရစ္ဆာန်အစာတွေမှာ Growth promoter အဖြစ် အသုံးပြုနေခြင်းကို ထိန်းချုပ်နိုင်ဖို့အတွက် မူဝါဒနဲ့ စည်းကမ်းချမှတ်နိုင်ရေးအတွက် Stateholder Meeting ကို ကျင်းပခဲ့ပါတယ်။

၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ခွေးရူးရောဂါကင်းစင်ရမည်ဟူသော ရည်မှန်းချက်ကို လိုက်နာ အကောင်အထည်ဖော်နိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ OIE တို့ ပူးပေါင်းပြီး National Action Plan for Rabies Elimination in Dog စီမံချက်ကို ရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ ခွေးရူးရောဂါကာကွယ်ဆေး တစ်သိန်းခွဲကျော်ကို ထိုးနှံပေးခဲ့ပါတယ်။

**မေး ။ ။ ဟုတ်ကဲ့ပါ ခင်ဗျာ။ ရေလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ ရေလုပ်ငန်းဆိုင်ရာထွက်ကုန်တွေကို အီးယူနဲ့ နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးမီ တင်ပို့နိုင်ရေးအတွက် EU Guideline နှင့်အညီ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ကို မွေးမြူရေးလုပ်ငန်းရှင်တွေ သိရှိလိုက်နာဆောင်ရွက်နိုင်ဖို့ ပညာပေးသင်တန်းတွေ ဆောင်ရွက်လျက်ရှိပြီး ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ကို ငါးလုပ်ငန်းဦးစီးဌာနနဲ့ EU – GIZ တို့ ပူးပေါင်းရေးဆွဲခဲ့ပြီး ငါးမွေးမြူရေးလုပ်သားတွေအတွက် လိုအပ်တဲ့ စံနှုန်းတွေသတ်မှတ်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

ငါးမျိုးပြုန်းတီးမှု မဖြစ်စေဖို့၊ သဘာဝရေပြင်တွင် ငါးမျိုးတွေ စဉ်ဆက်မပြတ် တည်ရှိစေဖို့၊ ငါးထုတ်လုပ်မှု တိုးတက်စေဖို့နဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်စေဖို့ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ငါးသားပေါက်ကောင်ရေ ၁၄၈၈ ဒသမ ၅၅ သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ပါတယ်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း တရားမဝင် ငါးဖမ်းဆီးမှုတွေ ထိန်းချုပ်နိုင်ဖို့၊ ရေယာဉ်တွေ အန္တရာယ်ကင်းရှင်းရေးနဲ့ ငါးကုန်တက် အထိအမိ သိရှိရေးအတွက် ငါးဖမ်းရေယာဉ်တွေ စောင့်ကြည့်ထိန်းသည့်စနစ် (Vessel Monitoring System) ကို တပ်ဆင်အသုံးပြုရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

(၄)နှစ်တာ ကာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ နှစ်စဉ်တိုးတက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည်နှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၀၈၉ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

**မေး ။ ။ ရေလုပ်ငန်းဆိုင်ရာ သုတေသနဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ နော်ဝေနိုင်ငံမှ သုတေသနရေယာဉ် Dr. Fridtjof Nansen ဖြင့် ဒေသတွင်း သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှု၊ ငါးမျိုးစိတ်တွေ ပျံ့နှံ့နေမှု၊ ရေငန်ဂေဟဆိုင်ရာ အခြေအနေတွေအလိုက် ငါးများ ပြောင်းလဲကျက်စားမှု အခြေအနေတွေကို သုတေသနပြု ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ငါးတွေအနေနဲ့ ဥနဲ့ သားလောင်းတွေရဲ့ ပေါက်ပွားကြီးပြင်းရာ အချိန်နဲ့ ဒေသတွေကို သိရှိနိုင်ဖို့နဲ့ ရေထုနဲ့ ငါးအသားအတွင်း Micro plastic ပါဝင်နေမှုတွေကို သိရှိနိုင်ခဲ့ပြီး ပိုင်နက်ပင်လယ်ပြင်ရှိ ငါးတည်ရှိမှု အခြေအနေတွေကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းတွေထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ကျေးလက်ဒေသ သောက်သုံးရေရရှိရေး လုပ်ငန်းတွေကို ကျေးရွာပေါင်း ၁၈၀၃ ရွာတွင် ဆောင်ရွက်ခဲ့ပြီး အိမ်ခြေ ၃ ဒသမ ၅၉ သိန်းနဲ့ လူဦးရေ ၁ ဒသမ ၈၃၃ သန်းကို အကျိုးခံစားနိုင်စေခဲ့ပါတယ်။ ဂျပန်နိုင်ငံ ODA ချေးငွေ နဲ့ မြို့ပေါင်း ၂၂ မြို့မှာ တိုးချဲ့ရေပေးရေးစီမံကိန်း ဆောင်ရွက်ဖို့အတွက် စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

အိမ်သုံး ဆိုလာစနစ်နဲ့ လျှပ်စစ်မီးလင်းရေးလုပ်ငန်းတွေကို ကျေးရွာ ၂၈၀၁ ရွာ၊ အိမ်ခြေပေါင်း ၁၁၅၅၈၃ အိမ်နဲ့ အများပိုင်အဆောက်အဦ ၁၇၉၁၁ ခုမှာ တပ်ဆင်ပေးနိုင်ခဲ့ပြီး လူဦးရေ ၉၂၀၀၀၀ ကို အကျိုးပြုခဲ့ပါတယ်။ အသေးစား ဓာတ်အားပေးစနစ် လုပ်ငန်းတွေကို ကျေးရွာ ၄၁ ရွာမှာ လုပ်ငန်းပေါင်း ၃၉ ခု ဆောင်ရွက်နိုင်ခဲ့ပြီး အိမ်ခြေ ၁၀၂၉၆ အိမ်နဲ့ လူဦးရေ ၃၉၀၀၀ ခန့်ကို အကျိုးပြုခဲ့ပါတယ်။

ကျေးလက်ကုန်ထုတ်လမ်း ၂၆၆ မိုင် ၆ ဖာလုံနဲ့ ကျေးလက်ကုန်ထုတ်တံတားအစင်း ၂၂၀ တည်ဆောက်ပေးနိုင်ခဲ့ပြီး စိုက်ဧရိယာ ၁၇၆၈၂၉ ဧကနဲ့ လူဦးရေ ၃၇၀၀၀၀ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။

**မေး ။ ။ ကျေးလက်ဒေသ လူထုဗဟိုပြုစီမံကိန်းတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ လူထုဗဟိုပြုစီမံကိန်းအနေနဲ့ မြို့နယ် ၅၄ မြို့နယ်က ကျေးရွာ ၈၀၇၀ ရွာမှာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းပေါင်း ၉၀၈၄ ခု အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ မြစိမ်းရောင် ကျေးရွာစီမံကိန်းအနေနဲ့ စီမံကိန်းယူနစ် ၈၀၀ ကို ကျေးရွာ ၉၄၄ ရွာတွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းကာလ (၅)နှစ်အတွင်း စီမံကိန်းယူနစ်ပေါင်း ၉၀၅၇ ခု၊ ကျေးရွာ ပေါင်း ၁၁၀၉၈ ရွာမှာ ရန်ပုံငွေတွေ လှည့်ပတ်လျက်ရှိပါတယ်။

ကျေးလက် အသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေမြှင့်တင်ရေးစီမံကိန်းကို မြို့နယ် သုံးမြို့နယ်ရှိ ကျေးရွာ ၂၉၁ ရွာမှာ အကောင်အထည်ဖော်လျက်ရှိပြီး လူဦးရေ ၁ ဒသမ ၇၇၄ သန်းကို အကျိုးပြုခဲ့ပါတယ်။ သင်တန်းသား ၃၁၃၉၅ ဦးကို အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ပို့ချခဲ့ပြီး စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီတွေနဲ့ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေမှာ ၁၉၉၅၈ ဦး အလုပ်အကိုင်ရရှိခဲ့ပါတယ်။

**မေး ။ ။ သမဝါယမကဏ္ဍအနေနဲ့ ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ကျေးလက်ဒေသနဲ့ မြို့ပြတွေမှာ စုပေါင်းဆောင်ရွက်တတ်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဖို့နဲ့ လူမှုစီးပွားဘဝတွေ ပိုမိုတိုးတက်ရေးကို အထောက်အကူဖြစ်ဖို့ ရည်ရွယ်ပြီး သမဝါယမအသင်းသစ်ပေါင်း ၁၉၅၃ သင်းကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါတယ်။

(၄)နှစ်တာကာလအတွင်း အသေးစားအရင်းအနှီးချေးငွေအဖြစ် ပြည်နယ်/ တိုင်းဒေသကြီး မြို့နယ် ၂၆၈ မြို့နယ်က အသင်း ၂၅၇၈၀ မှ အသင်းသား ၁၈၂၇၁၉၀ ကို ချေးငွေကျပ် ၁၇၆၉၈၄ သန်း၊ အရစ်ကျ Hire Purchase စနစ်နဲ့ စက်ကိရိယာတွေကို အသင်းသားတောင်သူ ၂၃၇ ဦးသို့ စက်ပစ္စည်း ၂၃၇ စီး၊ တန်ဖိုးငွေကျပ် ၃၇၉၅ သန်း ပံ့ပိုးထုတ်ချေးနိုင်ခဲ့ပါတယ်။ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းတွေကို မြို့နယ် ၃၃ မြို့နယ်တွင် စုစုပေါင်းဧက ၈၈၁၄ ဒသမ ၈၇ ဧကအတွက် ချေးငွေကျပ် ၁၈၅၇ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

ပြည်နယ်/တိုင်းဒေသကြီး ၁၃ ခုရှိ မြို့နယ် ၁၁၄ မြို့နယ်တွင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုအသင်း ၆၀ ကို ဖွဲ့စည်းထားပါတယ်။ မြို့နယ်အသင်းစုတွေရဲ့

*စာမျက်နှာ (ဃ) သို့*



ပေါင်မြို့နယ် ပန်းကုန်းကျေးရွာရှိ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်ဖြင့် ပြန်လည်စိုက်ပျိုးပေးစဉ်။



တပ်ကုန်းမြို့နယ် ရေအေးကျေးရွာတွင် မျိုးစေ့ချစက်ဖြင့် ပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းကို တောင်သူပညာပေး စမ်းသပ်ဆောင်ရွက်စဉ်။



ရှမ်းပြည်နယ် သိန္နီမြို့နယ် ဟိုတုံကျေးရွာရှိ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## (၄)နှစ်တာကာလအတွင်း စိုက်ပျိုးရေရရှိရေး လုပ်ငန်း ၁၀၈၃၃ ခု၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးနဲ့ ရေဘေးကာကွယ်ရေးတာ လုပ်ငန်းပေါင်း ၃၅၇၃ ခုနဲ့ သောက်သုံးရေရရှိရေး လုပ်ငန်း ၁၀၅၆ ခုကို ဆောင်ရွက်နိုင်ခဲ့

*စာမျက်နှာ (၈) မှ*

ဝန်ဆောင်မှုလုပ်ငန်းခွဲ ၇၇ ခုနဲ့ မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းနဲ့ စပါးသိုလှောင်ခြင်းလုပ်ငန်းတွေကို ထွန်စက်ကြီး ၇၃၉ စီးနဲ့ ရိတ်သိမ်းခြွေလှေ့စက် ၉၇ စီးတို့နဲ့ ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။

မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးအသင်း ၁၄၄ သင်းက မျိုးစေ့ထုတ်ကော ၁၂၃၀၈ ကေအတွက် ချေးငွေကျပ် ၁၆၂၁ သန်း ထုတ်ချေးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေကို တန်ဖိုးငွေ ကျပ် ၃၃၂၇ သန်း ဖြန့်ဖြူးရောင်းချနိုင်ခဲ့ပါတယ်။

**မေး ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမဆိုင်ရာ လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးနေမှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အနေနဲ့ (၄)နှစ်တာ ကာလအတွင်း စိုက်ပျိုးရေးဆိုင်ရာ ဘွဲ့ရသူ ၁၃၇၉၁ ဦး မွေးထုတ်နိုင်ခဲ့သလို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေနဲ့ မွေးမြူရေးပညာရှင်တွေနဲ့ တိရစ္ဆာန်ဆရာဝန်တွေ စုစုပေါင်း ၆၈၄၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

သမဝါယမတက္ကသိုလ် နှစ်ခုနဲ့ ကောလိပ်နှစ်ခုတို့က (၄) နှစ်တာကာလအတွင်း ဘွဲ့နဲ့ ဒီပလိုမာ၊ မဟာဘွဲ့နဲ့ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ၆၉၅၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ဈေးကွက် ယှဉ်ပြိုင်နိုင်ရေးအတွက် လယ်ယာသားငါးထွက်ကုန်တွေရဲ့ အရည်အသွေး တိုးတက်စေဖို့ ဆောင်ရွက်နေမှုကို ပြောပြပေးပါဦး။**

ဖြေ ။ ။ ပြည်တွင်းပြည်ပ ဈေးကွက်တွေမှာ အရည်အသွေး ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ လယ်ယာသားငါး ထုတ်ကုန်တွေ ယှဉ်ပြိုင်နိုင်စွမ်းရှိစေဖို့ မျိုးကောင်းမျိုးသန့်တွေ ရရှိရေး၊ စိုက်ပျိုးရေးကျင့်စဉ်ကောင်း (GAP)၊ ကောင်းမွန်တဲ့ တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP) နဲ့ ကောင်းမွန်တဲ့ ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) တို့ကို ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ ASEAN GAP (ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ) စံချိန်စံညွှန်းကိုအခြေခံပြီး မြန်မာသီးနှံ ၁၅ မျိုးအတွက် GAP Guidelines ကို တောင်သူတွေ လွယ်ကူစွာ လိုက်နာကျင့်သုံးနိုင်ဖို့ ရေးဆွဲခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှစတင်ပြီး ယနေ့အထိ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစနစ်နဲ့ သီးနှံ ၃၄ မျိုးအတွက် စိုက်ပျိုးဧက ၃၈၅၂၄ ဒသမ ၀၅ ကို (GAP) အသိအမှတ်ပြုလက်မှတ် ၉၉၆ စောင် ထုတ်ပေးနိုင်ခဲ့ပါတယ်။

လယ်ယာသားငါးထွက်ကုန်တွေမှာ ဓာတုဓာတ်ကြွင်းပါဝင်မှုနဲ့ ပိုးမွှားရောဂါကင်းစင်ရေးတို့အတွက် စစ်ဆေးမှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တောင်သူတွေနဲ့ ကျေးလက်နေပြည်သူတွေအတွက် လူမှုကာကွယ်ရေးကို လွှမ်းခြုံနိုင်ဖို့၊ စိုက်ပျိုးရေး အာမခံစနစ်တွေ ထူထောင်နိုင်ဖို့၊ တောင်သူတွေနဲ့ သက်ဆိုင်သူအားလုံး ပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ပြုလုပ်ခဲ့ပါတယ်။ လက်ရှိ စပါးအထွက်နှုန်းညွှန်းကိန်းအခြေခံသီးနှံ အာမခံစနစ် ရှေ့ပြေးစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီးနဲ့ စပါးသီးနှံအပေါ် ရာသီဥတုညွှန်းကိန်း အခြေခံသီးနှံအာမခံစနစ် ရှေ့ပြေးစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ပုဂ္ဂလိကတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

တောင်သူလယ်သမားတွေ ဈေးကွက်ခိုင်မာမှုရှိစေဖို့အတွက် တောင်သူ – ပုဂ္ဂလိက– အသင်းအဖွဲ့တွေအကြား ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ကျင့်သုံးနိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ စနစ်တကျဖြစ်စေဖို့ ကန်ထရိုက် လယ်ယာစနစ် ဆောင်ရွက်ရာတွင် လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းတွေကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာတွင် တောင်သူသင်တန်းသူများ စက်ဖြင့် ကောက်စိုက်ခြင်းကို လေ့ကျင့်သင်ကြားပေးစဉ်။

**မေး ။ ။ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုတွေမှာ ပြန်လည်ထူထောင်ရေးနဲ့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ ။ ။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနဲ့ ပိုးမွှားကျရောက်ခြင်း စတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် သီးနှံစိုက်ခင်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ၊ ငါးကန်တွေ၊ ကျေးရွာနေအိမ်နဲ့ လမ်းတံတားတွေ ထိခိုက်ပျက်စီးခြင်းအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

(၄) နှစ်တာကာလအတွင်း သီးနှံတွေ ထိခိုက်ပျက်စီးမှုအပေါ် ထောက်ပံ့ကြေးငွေကျပ် ၁၉၃၄၅ သန်း ပေးနိုင်ခဲ့ပါတယ်။ အချိန်မီ စပါးပြန်လည်စိုက်ပျိုးနိုင်ဖို့ မျိုးစပါးတင်းပေါင်း ၈၆၃၆၂ တင်းကို (၄)နှစ်တာကာလအတွင်း ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးတွေနဲ့ ကရင်ပြည်နယ်တို့မှာ ရေကြီးနစ်မြုပ်ပျက်စီးတဲ့ လယ်မြေဧရိယာစုစုပေါင်း ၂၄၁၄၆ ဒသမ ၅ ဧကကို စပါးပြန်လည်စိုက်ပျိုးနိုင်ဖို့ ထွန်ယက်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေဖို့အတွက် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ ချောင်းကော၊ မြောင်းကောတွေ ပြန်လည်တူးဖော်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း လုပ်ငန်း ၁၀ ခု ဆောင်ရွက်ပေးခဲ့ပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ရေနုတ်မြောင်း ၂၅ ခုကို ဆောင်ရွက်လျက်ရှိပါတယ်။ ရလဒ်အနေနဲ့ လယ်မြေဧက (၂)သိန်းခန့်ကို ရေကြီးနစ်မြုပ်မှုဘေးမှ လျော့ပါးသက်သာစေမှာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့တဲ့ ကျေးလက်အိမ်ရာတွေကို ချင်းပြည်နယ်မှာ အိမ်အလုံး ၂၀၀ နဲ့ ရခိုင်ပြည်နယ်မှာ အိမ် ၃၂၇ လုံး စုစုပေါင်း ၅၂၇ လုံး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့တဲ့ စေတနာမျှဝေခြင်း အစီအစဉ်ကို ပြောပြပေးပါဦး။**

ဖြေ ။ ။ စေတနာမျှဝေခြင်း အစီအစဉ်က ကမ္ဘာမှာ ရက်ရောမှုအရှိဆုံးအဖြစ် ရပ်တည်နေတဲ့ မြန်မာတို့ရဲ့ စိတ်သဘောထားကောင်းမြတ်ခြင်း(Generosity)ကို သက်သေတစ်ရပ် ဖြစ်စေခဲ့ပါတယ်။ လူတစ်ဦးချင်းစီရဲ့ ငွေကြေးအနည်းငယ်ပါဝင်မှုနဲ့ လူအများရဲ့ ပါဝင်မှုတို့ကို ပေါင်းစပ်ဆောင်ရွက်ခဲ့တဲ့ အစီအစဉ် ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အလှူငွေအတွက် နှစ်စဉ်ဆောင်ရွက်ရမယ်လို့ မျှော်လင့်ပေမယ့် လွန်ခဲ့တဲ့ ၄ နှစ်ခန့်က တစ်ကြိမ်သာ ဆောင်ရွက်စိုက်ပျိုးခဲ့တဲ့ ဒီသစ်ပင်ဟာ အများပြည်သူတွေရဲ့ စေတနာ အသီးအပွင့်တွေနဲ့ ဆက်လက်ဝေဆာ သီးပွင့်ခဲ့ပါတယ်။ စေတနာရှင်တွေရဲ့ လှူဒါန်းငွေပေါင်း ၁၃၄၅၆ ဒသမ ၅ သိန်းနဲ့ ဝန်ကြီးဌာန ဝန်ထမ်းတွေရဲ့ လုပ်အားဒါနတွေနဲ့ ရေတွင်း၊ သောက်သုံးရေကန်၊ ကျောင်း၊ လမ်း စတဲ့ ပြည်သူတွေရဲ့ အမှန်လိုအပ်ချက်တွေကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့လယ်ယာကဏ္ဍကြီး ရေရှည်တည်တံ့ တိုးတက်ဖွံ့ဖြိုးပြီး ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရေးအတွက် ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးအနေနဲ့ လုပ်ငန်းတာဝန်တွေ ပြီးမြောက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နေသလို ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ပါ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ နိုင်ငံတော်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ။